www.burmeseclassic.com

# မဖဲဝါနဲ့ အလောင်းသူခိုး

ကောန်မင်း



www.burmeseclassic.com

www.burmeseclassic.com

**ပုံနှိပ်မှတ်တမ်း**

ပထမအကြိမ် - ၂၀၁၆ ဧပြီလ
အုပ်ရေ - ၅၀၀ အုပ်
တန်ဖိုး - ၅၀၀ ကျပ်
မျက်နှာဖုံးဒီဇိုင်း - ဦးကံကောင်း
ကွန်ပျူတာ - ချယ်ရီမေ(အင်းစိန်)
အတွင်းဖလင် - ADORN၊
ထုတ်ဝေသူ - ဦးချစ်ညွန့် (၀၀၃၇၄)
ဖင်ရတနာစာပေ
၂၀၅၊ က/၄ လမ်း၊ မြို့သစ်
(က+ခ)ရပ်ကွက်၊ အင်းစိန်။
မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် - ဦးကျော်မင်းစိုး(မြ-၀၀၄၅၉)
စိုးမေတ္တာပုံနှိပ်တိုက်
အမှတ်(၁၇)၊ ၅၆ လမ်း
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ကေန်မင်း ၃၉၈.၂
မဖဲဝါနဲ့ အလောင်းသူခိုး/ကေန်မင်း
ရန်ကုန်၊
ဖင်ရတနာစာပေ၊ ပထမအကြိမ်၊ ၂၀၁၅။
၂၁၅-စာ၊ ၁၂ x ၁၈ စင်တီ

# မဖဲဝါနဲ့ အလောင်းသူခိုး

ကေန်မင်း

www.burmeseclassic.com

www.burmeseclassic.com

## မာတိကာ


| | | |
|---|---|---|
| * | မဖဲဝါနဲ့ အလောင်းသူခိုး | ၃ |
| * | မဖဲဝါနဲ့ လောဘသားကောင်များ | ၂၈ |
| * | ညောင်ကြပ်ပင်က တစ္ဆေကြီး | ၆၁ |
| * | သိုက်သို့အလည်သွားမလား | ၇၇ |
| * | မိုးတစ်ညှ၊ ဆိုင်ကယ်လေးစီး မိန်းမလှလေးတစ်ယောက် | ၁၀၃ |
| * | အရှုံးသမားဝိညာဉ် | ၁၁၆ |
| * | ဝိညာဉ်လိပ်ပြာမြူးတဲ့ည | ၁၃၄ |
| * | သံယောဇဉ်ဝိညာဉ် | ၁၅၄ |


BURMESE CLASSIC

# မဖဲဝါနဲ့ အလောင်းသူခိုး

တင်ထွေးနှင့် အေးမြင့်တို့ သူငယ်ချင်းနှစ်ယောက် ဒေါ်မြရီ၏ အသုဘမှာ ဖဲရိုက်ရန် ငွေရှာ၍ အသုဘအိမ်သို့ ထွက်လာခဲ့ကြသည်။

သူတို့နှစ်ယောက်က အနီးအပါးရှိ ရွာများမှာ အသုဘသတင်းတို့ ကြားသည်နှင့် ငွေမရမက ရှာ၍ ဖဲရိုက်သွားနေကြ။

ယခု ဒေါ်မြရီ၏ အသုဘက မကင်းရာမကောင်းကြောင်းမို့ ဖဲမရိုက်ရလျှင်လည်း အသုဘကို စောင့်အိပ်ပေးရန် တာဝန်တစ်ခုက ရှိနေသည်။

ဒေါ်မြရီတွင် သားကြီး တုတ်ဖြိုး၊ သားလတ် အေးဆောင်းနှင့် ဓာင်တင်နုဆိုသော သားသမီးသုံးယောက်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



အားလုံး အိမ်ထောင်များ ကျကုန်ပြီဖြစ်သည်။ အားလုံး ငွေရေး ကြေးရေး ပြေလည်ကြသူများဖြစ်သည်။

ဒေါ်မြရီတွင် လယ်ဧက သုံးဆယ်ရှိသည်။ လယ်များက စပါးပြီး ကိုင်းပါစိုက်၍ရသော မြေကောင်းမြေသန့်များဖြစ်သည်။

ရောင်းလျှင် ဈေးကောင်းရသည့် လယ်များဖြစ်သည်။ ဒေါ်မြရီ ခင်ပွန်းသေဆုံးသွားပြီးနောက် လယ်များကို ဦးစီးဦးကိုင် မလုပ်နိုင်တော့သဖြင့် သားသမီးသုံးယောက်ကို တစ်ယောက် ငါးဧကစီ ခွဲပေးလိုက်သည်။

ကျန် ဆယ့်ငါးဧကမှ ဆယ်ဧကကို တစ်ဧက သိန်းသုံးဆယ်နှင့် ရောင်းလိုက်ရာ ငွေသိန်း(၃၀၀)ရလိုက်သည်။ ဒေါ်မြရီက သူ့အတွက် ငါးဧက ချန်ထားလိုက်သည်။

သိန်း (၃၀၀)မှ ရွာဦးကျောင်းဆရာတော်အား ဆွမ်းစားဆောင် ပြုပြင်ရန် သိန်း(၇၀) လှူလိုက်သည်။

ထို့နောက် ဆယ်သိန်းခန့် အကုန်ခံကာ သားနှစ်ယောက်နှင့် မြေးများကို ရှင်ပြုရဟန်းခံ အလှူကြီး ပေးလှူခဲ့သည်။

ကျန်သိန်းနှစ်ရာခန့်ကို ရွှေထည်ပစ္စည်းများ ဝယ်ယူစုဆောင်းခဲ့သည်။

လယ်ရောင်းပြီး သုံးနှစ်ခန့်ကြာတော့ ဒေါ်မြရီ သွေးတိုးရောဂါ





*နှင့် ရုတ်တရက် သွေးပေါင်တက်ကာ အသက်ဆုံးသွားခဲ့သည်။*

ဒေါ်မြရီ ရုတ်တရက် ဆုံးသွားသည်နှင့် ပြဿနာက စခဲ့ပါသည်။ ဒေါ်မြရီ ဝယ်စုထားသော ရွှေထည်ပစ္စည်းများ တစ်အိမ်လုံး အနှံ့ ရှာကြသော်လည်း ရှာမတွေ့ ဖြစ်နေသည်။

တုတ်ဖြိုးနှင့် တင်တင်နုတို့က အိမ်ခွဲနေကြပေမင့် သားလတ် အေးသောင်းက အိမ်မခွဲဘဲ ဒေါ်မြရီနှင့်အတူ ဝိုင်းလုပ်ဝိုင်းစား နေကြသည်။

ဒေါ်မြရီ၏လယ်ကို တာဝန်ယူလုပ်ပေးနေသည်။

ဒေါ်မြရီ သေဆုံးတော့ အေးသောင်းတို့ လင်မယားသာ ရှိသည်။ အိပ်ရာထဲလဲနေသော လူမမာမဟုတ်သဖြင့် သားကြီးနှင့် သမီးငယ်တို့ သေပြီးမှ ရောက်လာကြသည်။

အေးသောင်းနှင့် တင်ထွေးတို့က သူငယ်ချင်းဖြစ်သည်။ ထို့ကြောင့် တင်ထွေးက ဒေါ်မြရီအသုဘမှာ ဖဲရိုက်ရိုက် မရိုက်ရိုက် မကင်းရာ မကင်းကြောင်းဖြင့် နေပေးရမည့် တာဝန်ရှိသည်။

အသုဘကို အခေါင်းမသွင်းရသေး။

သေဆုံးသည်က နှစ်ရက်ရှိပြီဖြစ်သည်။

ညကြလျှင် ဒေါ်မြရီအား အခေါင်းတွင်း သွင်းတော့မည် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အေးမြင့်နှင့် တင်ထွေးတို့ ညနေခြောက်နာရီခန့် အသုဘအိမ်သို့ ရောက်လာကြသည်။

အေးသောင်းက တင်ထွေးကိုမြင်လိုက်သည်နှင့် အနားသို့ရောက်လာပြီး တိုးတိုးကပ်၍ ပြောသည်။

"တင်ထွေး ... ညကိုးနာရီလောက် အမေ့ကို အခေါင်းသွင်းမယ် ... မင်းဘယ်မှ ထွက်မသွားနဲ့ဦး"

"ရပါတယ် ... ငါ ဒီဖဲဝိုင်းမှာပဲ ရှိမယ်"

ညခုနစ်နာရီခန့်မှစ၍ ဖဲဝိုင်းစတော့သည်။

ပထမဝိုင်းမှာတော့ ဝိုင်းက မစည်သေး၊ ပိုက်ဆံကို ချွေတာပြီး ထုတ်နေကြသည်။

သို့ဖြင့် တစ်ဝိုင်းပြီးတစ်ဝိုင်း ပြီးသွားသည်။

အနိုင်အရှုံးက မျှမျှတတ ရှိနေကြသည်။

ဖဲဝိုင်းက နှစ်ဝိုင်းဖြစ်လာသည်။

အချိန်က ညကိုးနာရီခန့် ရှိလာပြီဖြစ်သည်။

ထိုစဉ် အေးသောင်း အနားသို့ ရောက်လာပြီး တင်ထွေးအား လက်ကုတ်ခေါ်လိုက်သည်။

တင်ထွေးလည်း အေးသောင်းနောက်သို့ လိုက်လာခဲ့သည်။

"ကဲ ငါတို့ အမေ့အလောင်းကို အခေါင်းသွင်းတော့မယ်၊





အခေါင်းလည်း ရိုက်ပြီးပြီ"

"ကိုတုတ်ဖြိုးတို့ မတင်တင်နုတို့ မလာကြဘူးလား"

"မသိပါဘူး၊ ငါ့ကို မကျေနပ်လို့ မလာကြဘူးလား မသိဘူး၊ လာပါကွာ ငါ သူတို့နဲ့ သိပ် စကားမပြောချင်ဘူး"

ထိုစဉ် လူရွယ်နှစ်ယောက်က အခေါင်းကို အိမ်ပေါ်သို့ မတင်လာသည်။

အလောင်းအေးသို့ ယှဉ်ပြီး အခေါင်းကိုချထားပေးလိုက်သည်။ ထို့နောက် တင်ထွေးအား အလောင်း၏ခေါင်းကို မ နိုင်းသဖြင့် မပေးလိုက်စဉ် အေးသောင်းက ဒေါ်မြရီ၏ သက်ဖျောက်ခေါင်းအုံးကို ယူ၍ အခေါင်းထဲနေရာ ချလိုက်သည်။

ထို့နောက် လူငယ်နှစ်ယောက်ကို အိပ်ရာခင်းအပါအဝင် မြှောက်မှ မရန် တာဝန်ယူခိုင်းလိုက်ပြီး တင်ထွေးက ခေါင်းမှ၍ အေးသောင်းက ခါးမှ ထိန်းပေးပြီး တပြိုင်တည်းမကာ အခေါင်းထဲ တည့်လိုက်သည်။

တင်ထွေးက ဒေါ်မြရီ၏ခေါင်းနှင့် ခေါင်းအုံးတည့်တည့်ရှိရန် ခေါင်းအုံးကို ကိုင်ပြီး နေရာပြင်လိုက်သည်။

"နေ ... နေ တင်ထွေး၊ ဖယ်လိုက်၊ ငါ တည့်အောင် ပြင်လိုက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



အေးသောင်းက ခေါင်းရင်းဘက်သို့ ရောက်လာပြီး နေရာတကျဖြစ်အောင် ပြင်ဆင်နေသည်။

"ကဲ အခေါင်းကို အပြီး ပိုးလိုက်ကြမယ်"

"ကြည့်ချင်တဲ့သူ ရှိရင် ကြည့်ရအောင် အဖုံးကို အသေမပိတ်ပါနဲ့ဦးလား အေးသောင်း"

"ဟာ ... မနက်ဖြန်ပဲ အိမ်ရှေ့ထုတ်တော့မှာ၊ ဘယ်သူမှလည်း ကြည့်မှာ မဟုတ်ပါဘူး ... အသေသာ ရိုက်ပိတ်လိုက်ကြကွာ"

အေးသောင်းက ပြောသဖြင့် လူငယ်တစ်ယောက်က အခေါင်းစပ်သောနေရာမှ တူနှင့်သံကို သွားယူပြီး ... အဖုံးကို အသေရိုက်ပိတ်လိုက်တော့သည်။

အားလုံးကိစ္စပြီးသည်နှင့် တင်ထွေးလည်း ဖဲဝိုင်းရှိရာသို့ ပြန်လာခဲ့သည်။

ည ဆယ်နာရီခန့်ရောက်တော့ အိမ်အောက်မှာ အေးသောင်း၏ အစ်ကို တုတ်ဖြိုး အရက်တွေမူးပြီး အော်တစ် ဆဲဆိုနေသည်။

အေးသောင်းကလည်း အိမ်အောက်မှနေ၍ စိန်ခေါ်နေသည်။

"ဒီအမေပစ္စည်းကို မင်းက အပိုင်သိမ်းပိုက်တာပေါ့ ဟုတ်လား"

"ဟာဗျာ ... ကျုပ် ပြောပါပကော၊ အမေ ဘယ်နား





သွားသွားမှန်း မသိတဲ့၊ ဒီရွှေထုတ်ကို ကျုပ်မယူဘူး"

"မင်း မယူရအောင် ဒီအိမ်မှာ မင်းတို့ လင်မယားနဲ့ အမေရှိတာ ... မင်း အခု အသာတကြည် ထုတ်ပေးမလား"

"ရှိပါဘူးဆိုတာ မယုံဘူး ဖြစ်နေတယ်။ ဒါက ဘာကြောင့်ထားတယ်လို့ ပြောနေရတာလဲ မင်းက မကျေနပ်ဘူးလား"

"မကျေနပ်ဘူးကွ၊ သားသမီးသုံးယောက် အညီအမျှ ခွဲယူမှာ၊ အမေရဲ့ ပစ္စည်းတွေ အကုန်ပျောက်ကုန်ပြီ

အမေ့မှာ ပေးရမယ့် လင်ငယ်လည်း မရှိဘူး"

"ဟေ့ကောင် အမေ့ကို စော်ကားတဲ့စကား မပြောနဲ့၊

မင်းတို့ ဒီအိမ်မှာ ရှိသမျှ အနံ့ ရှာဖွေပြီးကြပြီ မဟုတ်လား၊ မင်းတို့အားလုံး ရှာလို့မှ မတွေ့တာ၊ ငါလည်း မတတ်နိုင်ဘူး"

"ဟေ့ကောင်၊ အေးသောင်း မင်း ချိုးစားပြီး၊ ကျိန်တွယ်ပြောရင်တောင် ချိုးကြိုက်လို့ပဲ၊

မင်း အမှန်ပြောတယ်လို့ တလောကလုံး ဘယ်သူမှ မင်းစကားကို မယုံဘူး"

"ဟေ့ကောင် မင်းပါးစပ်ပိတ်ထား၊ မင်းမူးနေတယ်ဆိုရင် အိမ်ပြန်အိပ်တော့"

"ဟေ့ကောင် ... မင်းက ငါ့ထက် ငယ်တယ်၊ မင်း ငါ့ကို



www.burmeseclassic.com

www.burmeseclassic.com



ပြောစရာ မလိုဘူး ... မင်း ငါ့ကို နှင်ထုတ်ခွင့် မရှိဘူး၊ ဒီ ငါ့အမေအိမ် ... ငါ မပြန်ဘူး"

"ခင်ဗျားအိမ် ခင်ဗျားပြန် ... အမေ့အသုဘပြီးတဲ့အထိ ... ည်း ရတယ်"

"ဘာကွ ... ငါ့အမေပစ္စည်းတွေ မရမချင်း မပြန်ဘူး။ မင်းတို့လင်မယား ထုတ်ပေးမလား၊ မထုတ်ပေးဘူးလား၊ ငါ အဲဒါပဲ သိချင်တယ်"

"တောက် ... မရှိပါဘူးလို့ပြောတာ မယုံဘူး"

"ဟဲ ... ကွာ"

"ခွပ်"

"ခွပ်"

"ဟဲ့ ... ဟဲ့၊ ရိုက်ကုန်ပြီ ဆွဲကြပါဦး"

"မင်းက ငါ့ကို ထိုးတယ်"

"ကဲ ... ကွာ၊ သေစမ်း"

"ခွပ်"

"အား"

အေးသောင်းက တုတ်ဖြိုးအား လက်သီးနှင့် ဆွဲထိုးလိုက်ရာ တုတ်ဖြိုးက အကျီအောက်မှာ ဖွက်၍ ယူဆောင်လာသော ဓါးကို ထုတ်၍ အေးသောင်းအား ထိုးတော့သည်။

အေးသောင်း၏ ရင်အုံကို တစ်ချက်၊ နံရိုးကြားကို တစ်ချက် ထိုးမိသွားသည်။

အေးသောင်း၏ဇနီးက အေးသောင်းလဲကျသွားမှ ရောက်လာ ဆွဲဝိုင်းတော့သည်။

"အမလေး ကိုအေးသောင်း"

"သွားကြ၊ မဆိုင်တဲ့လူတွေ အနားမလာကြနဲ့"

တုတ်ဖြိုးက ဓါးတဝင့်ဝင့်နှင့် လုပ်နေသည်။

"ဟော့ ကောင်မ၊ နင့်လင်က ငါ့အမေပစ္စည်း ... ယူပြီး သိမ်းဆိုင်းထားသေးလား၊ ပြောစမ်း"

ဓါးနှင့်ရွယ်ပြီး ကြိမ်းဝါးနေသဖြင့် နောက်မှ လူနှစ်ယောက်က ဝင်၍ချုပ်ကာ ဓါးကို လုယူပြီး ဖက်လိုက်သည်။

"လက်နက်တွေနဲ့ မလုပ်ကြနဲ့လေကွာ၊ ညီအစ်ကိုချင်းပဲ၊ ဓါးနဲ့ဖြေရှင်းလို့ ပြီးမှာလား၊ ပါးစပ်နဲ့ပဲ ဖြေရှင်း ညှိနှိုင်းကြပေါ့"

"ခင်ဗျားတို့နဲ့ ဘာဆိုင်လို့ ဆရာလာလုပ်နေတာလဲ ပေးစမ်း ငါ့ဓါး"

အေးသောင်း၏ ဇနီးကလည်း အော်ဟစ်ငိုယိုနေသည်။ သူတို့ ရန်ပွဲကြောင့် ဖဲဝိုင်းနှစ်ဝိုင်းလည်း ပျက်သွားပြီး၊



 

www.burmeseclassic.com

www.burmeseclassic.com



လူအားလုံး ရန်ပွဲဆီ ရောက်လာသည်။

တင်ထွေးလည်း အေးဆောင်းအားဝင်၍ ပွေ့ထူလိုက်ပြီး ...

"ကဲ ... အေးဆောင်းကို ... ဆေးရုံပို့မှ ဖြစ်မယ်။ သွေးထွက် လွန်သွားလို့ မဖြစ်ဘူး"

လူကြီးတစ်ယောက်က ဝင်ပြောသည်။

"မဖြစ်သေးဘူးတင်ထွေး ... ရဲစခန်းကို သွားပြီး အကြောင်းကြားရဦးမယ် ... ရဲစစ်ချက်မပါဘဲ ဆေးရုံသွားလည်း အလကားပဲ"

"ဒါဆို လူမမာက သေသွားမှာပေါ့"

"ရဲစစ်ချက်ပါမှ ... ဆေးရုံက လက်ခံမှာ"

"ဒါဆိုလည်း ရဲစခန်းကို အရင်ဆုံး လှည်းနဲ့ သယ်သွားကြတာပေါ့ ... ပြီးမှ ဆေးရုံသယ်သွားမယ်"

"ကဲ ... လှည်းရောက်လာပြီ ... လူမမာကို မခဲ့ကြ"

"ဒါနဲ့ တုတ်ဖြိုး ဘယ်ရောက်သွားပြီလဲ"

"မတွေ့တော့ဘူး"

"ကဲ ... တုတ်ဖြိုးကိစ္စ ကိုယ့်ကိစ္စ မဟုတ်ဘူး။ လူနာကို ရဲစခန်းကို အရင်ဆုံး ခေါ်သွားကြရအောင်"

သို့ဖြင့် ဖါးထိုးခံရပြီး တစ်နာရီခန့်ကြာမှ ရဲစခန်းသို့ ရောက်





သည်။

ရဲစခန်းရောက်ပြန်တော့ စခန်းမှူးနှင့် အမှုလိုက်တို့ ရဲစခန်းမှာ မရှိ၊ ကိစ္စတစ်ခုနှင့် အပြင်ရောက်နေသည်ဟု သိလိုက်ရသဖြင့် စခန်းမှူး ပြန်လာသည်အထိ နာရီဝက်ခန့် လှည်းပေါ်မှာ လူမမာကို ထားပြီး စောင့်နေရပြန်သည်။

နောက်ဆုံး ဆေးရုံရောက်တော့ ဓါးထိုးခံရသည့် အချိန်မှ ၍ နှစ်နာရီခန့်ကြာမှ ဆေးရုံသို့ ရောက်တော့သည်။

အသက်မသေသေးသော်လည်း သတိမရတစ်ချက် ရတစ်ချက် ဖြစ်နေသည်။

သို့ဖြင့် ရဲစစ်ချက်ယူပြီးသည်နှင့် တုတ်ဖြိုးကို ဖမ်းရန် ရဲအဖွဲ့ဝင်များ အေးဆောင်းတို့ရွာသို့ ထွက်သွားကြသည်။

ထိုည တုတ်ဖြိုးကို ရဲများ ဖမ်းရန် လိုက်သွားပေမင့် တုတ်ဖြိုးကို ဖမ်းမမိခဲ့။

နောက်နေ့ရောက်မှ သတင်းပေးတစ်ယောက်ကြောင့် တုတ်ဖြိုးကို ရဲများ ပုန်းအောင်းနေရာက ဖမ်းမိသွားခဲ့သည်။

အသုဘအိမ်မှာ တင်တင်နုတို့ လင်မယားသာ ကျန်ခဲ့တော့သည်။

ရွာကလူများနှင့် တင်ထွေးတို့ ကူညီစောင်မမှုနှင့် အသုဘ



www.burmeseclassic.com

www.burmeseclassic.com



မြေကျခဲ့ရသည်။

နယုန်လဆုတ်ရက်မို့ မိုးက ရွာသည့်အခါ အလွန်အမင် ရွာပြီး မရွာသည့်အခါ သုံးလေးရက် မရွာဘဲ ရှိနေသည်။ အပေါ်ယံ မြေသားက နူးနေသောအချိန်ဖြစ်၍ ဒေါ်မြရီအသုဘအား မြေမြှုပ်ရန် မြေတူးသောအခါ အလွယ်တကူ တူး၍ရသည်။

အသုဘချသောနေ့က တင်တင်နုနှင့်အတူ ရွာသူရွာသားများ တင်ထွေးတို့၏ ကူညီမှုနှင့်အတူ အေးအေးချမ်းချမ်း မြေကျခဲ့ သည်။

တင်တင်နုတို့ လင်မယားလည်း မိခင်ဝယ်ယူစုဆောင်းထား ခဲ့သော ရွှေနှစ်ဆယ်သားကျော်ကျော် ပျောက်ခြင်းမလှ ပျောက် နေသည့်အတွက် စိတ်ထဲမှာတော့ ခိုးလိုးခုလု ဖြစ်နေလေသည်။

ဓါတ်သိများနှင့် မိသားစုအားလုံးကတော့ ဒေါ်မြရီသေဆုံး သည်နှင့် အေးသောင်းတို့ လင်မယား ရွှေများကို ရှာဖွေယူပြီး ဖွက်သိမ်းထားသည်ဟု စွဲစွဲမြဲမြဲ ယုံကြည်ကြသည်။

အေးသောင်း၏ဇနီး ခင်မိုးအေးက ရိုးရိုးအအ နာမည်နှင့် လိုက်အောင် အေးဆေးလှသည်။

စကားပင် လေးလုံးကွဲအောင် မပြောတတ်။

—အေးသောင်း ရွှေများကို ယူထားပါကလည်း ခင်မိုးအေးကို





ဖိုင်ပင်မည်မဟုတ်၊ အသိလည်း ခံဝံ့မည်မဟုတ်။

ခင်မိုးအေးကို ခက်ထန်စွာ မေးမြန်းလျှင် အမှန်ကို ဖွင့်ပြော ည်မှန်း သိသည်။

သို့ကြောင့် အားလုံးကလည်း ရွှေပျောက်သည့်ကိစ္စကို ခင်မိုးအေးအား မမေးဘဲနေခြင်း ဖြစ်သည်။

ထို့နောက် အေးသောင်း၏ ဇာတ်ရာ မသက်သာဟု ကြားရ သည်။

ဒေါ်မြရီအလောင်း မြေကျပြီး နှစ်ရက်မြောက်နေ့မှာ အေးသောင်း ဆုံးသွားသည်။

အေးသောင်းသေဆုံးသွားသည်နှင့် တုတ်ဖြိုးအပေါ် စွဲချက် တင်ထားသော ပုဒ်မအပြင် လူသတ်မှုပါ ထပ်တိုးပြီး တရားရင်ဆိုင် နေတော့သည်။

× × × × ×

အချိန်က ည ဆယ့်တစ်နာရီခန့် ရှိပြီ။

မိုးက တဖွဲဖွဲ ရွာနေသည်။

ကောင်းကင်မှာ မိုးသားမိုးတိမ်တို့ ထူထပ်စွာ ရှိနေသလို တစ်ခါတစ်ခါ လျှပ်စီးလက်လိုက် မိုးခြိမ်းလိုက် ရှိနေသည်။

တင်ထွေးနှင့် အေးမြင့်တို့နှစ်ယောက်၊ ပေါက်တူး၊ ဂေါ်ပြား၊



www.burmeseclassic.com

www.burmeseclassic.com



သံတူရှင်းတို့ယူပြီး ရွာထဲမှ ထွက်လာခဲ့ကြသည်။

ထိုစဉ် မိုးမြိမ်းသံနှင့် လျှပ်စီးလက်ခြင်းက ခပ်စိပ်စိပ် ဖြစ်လာသည်။

ဒိန်းခနဲ အသံကြားလိုက်၊ တင်ထွေး၏ရင်မှာ ဒိန်းခနဲ ခုန်လိုက်နှင့် လုပ်နေကျ မဟုတ်သော အလုပ်အတွက် အနည်းငယ် စိတ်က ထင့်နေသည်။

အောင်မြင်ပါက သိန်းပေါင်းများစွာ ရမည်ဆိုသော အသိကြောင့်လည်း ကြောက်လန့်တုန်လှုပ်မှုများကို အားတင်း၍ ဖယ်ထုတ်နေရသည်။

အမှောင်ထုကလည်း ပိန်းပိတ်အောင် မှောင်နေသည်။

ခါတိုင်းဆို သည်မျှလောက် မမှောင်။

မိုးသားမိုးတိမ်တို့က မှုန်ပြပြ အလင်းရောင်ပေးသည့် ကောင်းကင် တခွင်လုံးကို ဖုံးလွှမ်းထားခြင်းကြောင့်လည်း ပိုမှောင်နေရခြင်းဖြစ်သည်။

လျှပ်စီး မကြာမကြာ လက်နေခြင်းကြောင့်သာ ခလုတ်မတိုက် မလဲမပြိုဘဲ လမ်းကြောင်းမှန်ကန်စွာ သွားနိုင်ခြင်းဖြစ်သည်။

ညနေကတည်းက နှစ်ယောက်သား ရဲဆေးတင်သည့် အနေနှင့် အရက်တစ်ပုလင်းသာသာခန့် ထိုင်သောက်နေခဲ့ကြသည်။





မိုးမြိမ်းနေပေမယ့် မိုးက မရွာသေးသဖြင့် သွားလာရ အဆင်ပြေနေသည်။

ညသန်းခေါင်နီးပါးလည်းဖြစ် လူသေတွေ မြှုပ်ထားသော သင်္ချိုင်းသို့ သွားနေသည့် သူတို့နှစ်ယောက် အရက်သောက်ပြီး ရဲဆေးတင်ထား၍သာ ယခုကဲ့သို့ လာဝံ့ခြင်းဖြစ်သည်။

"တင်ထွေး၊ မင်းဟာက သေချာပါတယ်နော်"

"သေချာသမှ ဟိုဘက်တောင် လွန်နေသေးတယ်"

"အဖွားကြီးရဲ့ ရွှေထည်ပစ္စည်းတွေက အဖွားကြီးအုံးတဲ့ ခေါင်းအုံးထဲမှာ အကုန်လုံး ရှိနေတယ်၊

ငါ အသုဘအခေါင်းထဲ သွင်းတုန်းက အဖွားကြီးရဲ့ ခေါင်းနဲ့ ခေါင်းအုံး အနေအထား မမှန်လို့ ခေါင်းအုံးကိုင်ပြီး ရွှေ့လိုက်တာ အထဲက မာမာတွေရော အကွင်းလိုက်တွေရော စမ်းမိလိုက်တယ်၊

ငါမသင်္ကာလို့ ခေါင်းအုံးကို ဆွဲညှစ်လိုက်တော့မှ ပစ္စည်းတွေ ခေါင်းအုံးထဲ ထည့်ထားတာကို သိလိုက်တာ၊

ပစ္စည်းတွေ ခေါင်းအုံးထဲမှာ ရှိတာကို သိမှာစိုးလို့ အေးသောင်းက ခေါင်းအုံးကို မကိုင်ခိုင်းဘဲ ခေါင်းကို မခိုင်းတာပဲ"

"ဒီပစ္စည်းတွေကို အခေါင်းထဲထည့်လိုက်တော့ သူ့ဘာသာရ တော့မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ မင်းက လည်မလိုနဲ့ အလိုက်တာ၊ နောက်ပိုင်း အေးအေးဆေးဆေး ဖြစ်သွားပြီးရင်၊ သူက အခေါင်းဖော်ပြီး ရွှေ ထုတ်ကို လာပြန်ယူမှာပေါ့"

"ရွှေဆိုတာက မြေကြီးထဲမှာ ဆွေးပြီး ပျက်သွားတာမှ မဟုတ်တာ"

အေးမြင့်က တင်ထွေးစကားကြောင့် ဂိုပြီး တက်ကြွလာသည်။

"တကယ် ဟုတ်လို့ကတော့ ပွဲပြီပဲ"

"ဒါပေါ့ ... အခုဆို ... အေးသောင်းလည်း ဆေးရုံမှာ သေသွားပြီ၊ သူ့အလောင်းတောင် မြေမချရသေးဘူး။

အေးသောင်း သေသွားပြီဆိုမှတော့ ပိုင်ရှင်မဲ့ ဖြစ်သွားတဲ့ ဒီရွှေတွေ ငါတို့မှ မယူရင် မြေကြီးထဲမှာ အလကားဖြစ်သွား လိမ့်မယ်"

"ဟေ့ကောင် တင်ထွေး အေးသောင်းလည်း ငါတို့လိုပဲ သင်္ချိုင်းထဲ ရောက်နေလား မသိဘူး"

"မဖြစ်နိုင်တာတွေ မတွေးစမ်းပါနဲ့ အေးမြင့်ရာ"

"ငါကြားဖူးတာ မင်းကို ပြောရဦးမယ်"

"ဘာကြားဖူးတာလဲ မင်းဟာ အရက်နည်းနည်း ဝင်ရင် သိပ်ပြီး လေကြောရှည်တာပဲ"





"မင်းက ငါပြောတာလည်း နားထောင်စမ်းပါဦး၊ သင်္ချိုင်းကုန်းမှာ မဖဲဝါ ... ရှိတယ်တဲ့၊ တော်ကြာ ... မဖဲဝါနဲ့များ ငါတို့တိုးနေဦးမလား မသိဘူး"

"ဟာကွာ အလုပ်ကိုပဲ စိတ်ထဲမှာ ထားစမ်းပါ၊ သရဲ အကြောင်းတွေ မဆိုင်တဲ့စကားတွေ မပြောစမ်းပါနဲ့ ... အလုပ် အတွက် စိတ်အနှောင့်အယှက် ဖြစ်တယ်"

သူတို့ ရွာက ထွက်လာပြီး ဆယ့်ငါးမိနစ်ခန့်အကြာ သင်္ချိုင်း အစပ်သို့ ရောက်လာသည်။

အူး ... ဝူး ... ဝူး

ရွာဆီမှ ဆွဲဆွဲငင်ငင် အူလိုက်သော ခွေးအူသံကြီးက ချောက်ချားဖွယ် ပေါ်ထွက်လာသည်။

တစ်ကောင် အူလိုက်သည်နှင့် တစ်ကောင်ပြီးတစ်ကောင် ဆက်တိုက် အူသွားတော့သည်။

"ဖြစ်ပါ့မလားကွာ၊ ငါတော့ နည်းနည်း ကျောချမ်းချင်သလို ဖြစ်လာပြီ"

"မင်းခါးကြားမှာ အရက်ပုလင်း ပါတယ်မဟုတ်လား၊ မော့ သောက်ပြီး ရဲဆေးတင်လိုက်ပေါ့"

"ဒေါ်မြရီရဲ့ မြေပုံနဲ့ အခြားမြေပုံ မှားနေဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"လာပါ … လာပါ၊ ငါ အသေအချာ မှတ်ထားပါတယ်"

အေးမြင့်က ဓါတ်မီးနဲ့ ထိုးရှာသည်။

"ဓါတ်မီးကို ရှာဘက်လှည့်မထိုးနဲ့၊ မီးရောင်မြင်ရင် မသက်[ာ]
ဖြစ်လိမ့်မယ်"

"အေးမြင့် ငါ့မျက်စိထဲမှာ ရိပ်ခနဲ အေးသောင်းကို မြင်လိုက်
သလိုပဲ"

"မှောင်နေတဲ့ဟာ ခင်းက ဘယ်လို မြင်ရတာလဲ"

"အဝေးကြီးမှာ မဟုတ်ဘူး၊ ငါ့ရှေ့က ရိပ်ခနဲ ဖြတ်သွား
တာမျိုး မြင်လိုက်တာ"

"မင်းစိတ်က ထင်တာနေမှာပါ … လာ၊ ဟိုမှာ တွေ့ပြီ"

မကြာခင်ပင် လောလောလတ်လတ် မြှုပ်ထားသောမြေပုံ[ကို]
တွေ့လိုက်ရသည်။

အလောင်းကို မြေမြှုပ်ပြီးသည်မှာ သုံးရက်ပဲ ရှိသေးသည်။
သေဆုံးသည်မှ ယနေ့ညအထိ ရှစ်ရက်ပဲ ရှိသေးသည်။
အ[လောင်း] ပုပ်ကောင်းတုန်း ရှိပေမည်။

"ကဲ … အချိန်မဆိုင်းဘဲ ဖော်လိုက်ကြရအောင်"

"မင်းက ခြေရင်းဘက်က ပေါက်တူးနဲ့ ယက်ထုတ်၊ ငါက
ခေါင်းရင်းဘက်က ဂေါ်နဲ့ ကော်ထုတ်မယ်"





ရက်ပိုင်းမို့ မြေသားက ပွပွပင် ရှိသေးသည်။

ထိုအချိန် မိုးက ဝေါခနဲ ရွာချလိုက်သည်။

"ဖြစ်ပါ့မလား တင်ထွေး"

"တူးပဲ မတူးရသေးဘူး ဖြစ်မလား ပြောနေပြီ"

"မဟုတ်ပါဘူး … မိုးက တအားရွာလာလို့"

"မိုးတအား ရွာချတော့ ပိုတောင်ကောင်းသေးတယ်၊ အပုပ်
နံ့က မိုးရေနဲ့ဆို သိပ်ပြီး နံတော့မှာ မဟုတ်ဘူး"

"အဆင်ပြေပြေ ဖြစ်သွားရင်တော့ ကောင်းတာပေါ့"

"ကဲ မင်းက ခြေရင်းဘက်ကတူး၊ ငါက ခေါင်းရင်းဘက်က
တူးမယ်"

အချိန်လုပြီ၊ လုပ်နေကြသည်။

အေးမြင့်က မြေတူးနေရင်း ဘေးဘီမလုံသလို ကျောလည်း
မလုံ၊ ခေါင်းကို ရှေ့ဘယ် ညာလှည့်ပတ်ကြည့်ရင်း၊ မြေကြီးများကို
ယက်ထုတ်နေသည်။

"တင်ထွေး … ငါ့တို့ဘေးနားမှာ အေးသောင်း ရှိနေတယ်၊
ငါ … သူ့ကို မြင်လိုက်တယ်"

"ငါတော့ မမြင်ဘူး … မင်းစိတ်က မင်းကို ခြောက်နေ
တာပါ … ကဲ လုပ်စရာရှိတာကိုပဲ ဆက်လုပ်ပါ"



www.burmeseclassic.com

www.burmeseclassic.com



မိုးက သည်းသည်းမည်းမည်း ရွာနေသည်။

ခေါင်းပေါ်မှ စီးကျလာသော မိုးရေများက ခေါင်းမလျော်ဖြစ်သည်မှာ လနှင့်ချီနေသည့်အတွက်ကြောင့် ဂျိးများနှင့် မိုးရေရောပြီး စီးကျလာရာ မျက်လုံးများအတွင်း ဒလဟော စီးဝင်ကုန်သည်။

မျက်စိစပ်သလို ပါးစပ်အတွင်းဝင်သော ဂျိးရေတို့ကို မှုတ်ထုတ်လိုက် မျက်နှာသပ်လိုက်နှင့် အလုပ်ကို ထပ်ရှုပ်စေသည်။

မြေကြီးယက်ထုတ်ခြင်းကိုလည်း မရပ်မနားဘဲ ယက်ထုတ်နေရာ နှစ်ပေနီးပါးအနက်သို့ အရောက်မှာ ဂျစ်ဂျစ်ဟူသော အသံထွက်လာသဖြင့် အလောင်းပေါ်ပြီဖြစ်ကြောင်း သိလိုက်သည်။

မိုးကတော့ ဝေါခနဲ ဝေါခနဲ သွန်ချလိုက်သလို ရွာနေသည်။

"ကဲ ... အေးမြင့်၊ သံတူရွင်း ငါ့ကို လှမ်းပေး၊ ဟလက်စထဲ အခေါင်းကို ဖွင့်လိုက်မယ်၊ မင်းက ဓါတ်မီးကို ထိုးပြ"

"ဓါတ်မီးကို အောက်စိုက်ပြီး နိမ့်နိမ့်ထိုးပြ"

အေးမြင့်ကမ်းပေးသော သံတူရွင်းကိုယူပြီး အခေါင်းနှင့် အဖုံးကြား ထိုးသွင်း၍ ကလပ်ပြီး ဖွင့်သည်။

အခေါင်းအဖုံးကို ရိုက်ထားသော သံက နှစ်လက်မသံ ဖြစ်သဖြင့်-အားစိုက်၍ ဖွင့်စရာမလို။ သစ်သားကလည်း အပွသား





ဖြစ်သဖြင့် မကြာခင်မှာပင် အဖုံးပွင့်သွားသည်။

"အား ... ပုပ်ဟောင်နေတာပဲ"

အေးမြင့်ပြောသည့်အတိုင်း အပုပ်နံ့ကြီးကလည်း ထောင်းခနဲထွက်လာသည်။

အရက်သောက်ထားကြ၍ တော်သေးသည်။ သို့မဟုတ်ပါက စားထားသမျှ အကုန်အံထွက်နိုင်သည်။

"ဟော ... တင်ထွေး ... တင်ထွေး"

"ဘာလဲကွ"

"မင်း ... မင်း ... မင်းရဲ့နောက်မှာ"

"မင်း ဘာတွေ့လို့လဲ ဘာမှ မရှိပါဘူး"

"ရှိတယ် ... မင်းနောက်မှာ အေးသောင်း ရပ်နေတယ်"

တင်ထွေး တချက် လှည့်ကြည့်လိုက်သည်။

"ငါတော့ မတွေ့ပါဘူး။ မင်းကြောက်ရင်လည်း အဲဒီမှာပဲရင်ငနေ၊ ငါ အခေါင်းပေါ်တက်ပြီး ခေါင်းအုံးကို နှိုက်ယူလိုက်ဦးမယ်"

တင်ထွေးလည်း ကျင်းနှုတ်ခမ်းမှနေ၍ အောက်ကို ဆင်းလိုက်သည်။

အခေါင်း၏ နှုတ်ခမ်းသားနှစ်ဘက်ပေါ် ခြေကိုခွပြီး နင်းရင်းအောက်ကိုကုန်း၍ လက်ဖြင့် ဓေါမြရီခေါင်းဘေးသို့ နှိုက်လိုက်စဉ်



www.burmeseclassic.com

www.burmeseclassic.com



...

"ဝုန်း ..."

အခေါင်းကြီးအောက်သို့ တစ်ပေခန့် ဖြုန်းခနဲ စိုက်ဆင်းသွားသလို အလောင်းကြီးပေါ်သို့ တင်ထွေး မှောက်ရက်ကျသွားသည်။

"အား"

ထိုအခါ အခေါင်းထဲမှ အလောင်းကြီးက ဆတ်ခနဲ ထလာပြီး တင်ထွေးအား တင်းကျပ်စွာ ဖက်ထားသည်။

ထိုအချိန် အလောင်းကောင်ကြီးက ဒေါ်မြရီ မဟုတ်တော့ သရဲမကာစ်ကောင် ဖြစ်နေတယ်။

"ဟာ ... တင်ထွေး၊ အသေကောင်ကြီး ထလာပြီး မင်း ... မင်းကို ဖက်နေပြီ"

"အခုမှ ... ကြောက်နေကြလား ... နင်တို့က ငါ့ရဲ့သချိုင်းထဲလာပြီး ဖျက်စီးနေတာ၊ ငါက ဒီသချိုင်းကို စောင့်တဲ့ မဖဲဝါပဲ၊

ငါ နင်တို့နှစ်ကောင်ကို အရှင်မထားဘူး"

"ဟား .... ဟား ... ဟား ..."

"အမလေး ... လွှတ် ... လွှတ်ပါ"





"ကြောက်ပါပြီဗျ"

"ငါ ... မင်းတို့ကို မြေတွင်းထဲကို အရောက်ခေါ်သွားမယ်"

အေးမြင့်လည်း အသက်ထွက်မတတ် ကြောက်လန့်နေ၍ နောက်သို့ လှည့်ပြီး ပြေးရန်အလုပ် နောက်ကရပ်နေသော အေးသောင်းက အေးမြင့်ရင်ဘတ်ကို ဆောင့်တွန်းလိုက်ရာ တွင်းထဲ နောက်ပြန်ပြစ်ကျသွားသည်။

"တား ... ဟား ... လာခဲ့ ... လာခဲ့"

မဖဲဝါက တင်ထွေးအား မြေတွင်း၏အောက်ဘက်သို့ ဆွဲချ လိုက်သည်။

တင်ထွေးအကြောက်လွန်ပြီး အသံမထွက်နိုင်တော့။

ထို့အတူ အေးသောင်း၏ ဝိညာဉ်က တွန်းချလိုက်သည့် အေးမြင့်လည်း မြေကျင်းအတွင်း နောက်ပြန်လန်ကျပြီး အကြောက် လွန်ကာ အသက်ထွက်သွားခဲ့ရသည်။

တကယ်တော့ ဒေါ်မြရီ၏ အသုဘ မချခင်၊ မြေကျင်းတူးစဥ် လွန်ခဲ့သော နှစ်နှစ်ခန့်က မြေမြှုပ်ထားသော အလောင်း၏အခေါင်း တစ်ခုလည်း အောက်မှာ အလျားလိုက်ရှိနေသည်။

ထိုသို့ အောက်မှာ အရင်မြှုပ်ထားသော အခေါင်းခံနေသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



မြေကျင်းကို ထပ်မံ မတူးကောင်းသည့်အတွက် ရသ၍တူးတာ ဆွေးမြေ့နေသော အောက်ကအခေါင်း၏ အဖုံးပေါ် မြေအနည်းငယ် ဖြန့်ထားပြီး အပေါ်မှ ဒေါ်မြရီ၏ အခေါင်းကို ဆင့်၍ တင်ကာ မြှုပ်နှံခဲ့ခြင်း ဖြစ်သည်။

မိုးကလည်း သည်းသည်းမည်းမည်း ရွာချလိုက်သလို အပေါ်မှ ဘင်တွေး၏ အလေးချိန်၊ ဒေါ်မြရီအလောင်း ထည့်ထားသော အခေါင်း၏အလေးချိန်တို့ကြောင့် ဆွေးမြေ့နေသည့် အောက်က အခေါင်းက မခံနိုင်ဘဲ ပြိုဆင်းကျသွားတော့သည်။

ဒေါ်မြရီ၏ အလောင်း ရုတ်တရက်အောက်သို့ နိမ့်အဆင်း တင်တွေးက ခြေထောက်ချော်အကျ ဒေါ်မြရီ၏ လက်နှစ်ဖက်က ထောင်လာပြီး တင်တွေးကို ဖက်သလို ဖြစ်သွားသည်။

ထိုအချိန် သချိုင်းစောင့် မဖဲဝါက ဝင်ရောက်ပူးကပ်ကာ အတင်းဖက်ထားခြင်း ခံလိုက်ရသဖြင့် ရုန်းမထွက်နိုင်ဘဲ အကြောက်လွန်ပြီး သေဆုံးသွားရခြင်းဖြစ်သည်။

အေးမြင့်လည်း ပစ္စည်းစိတ်၍ပြီး ရောက်လာသော အေးသောင်း၏ ဝိညာဉ်ကြောင့် နောက်သို့ အဆုတ်၊ မြေတွင်းထဲ နောက်ပြန်ကျကာ အသက်ပါ ထွက်သွားရတော့သည်။

နောက်နေ့ရောက်တော့ ဒေါ်မြရီ၏ အခေါင်းကြီး ဖွင့်လျက်





ရှိပြီး၊ ထိုအခေါင်း မြှုပ်သော မြေတွင်းထဲမှာ ရုပ်ပျက်ဆင်းပျက် သေဆုံးနေကြသော တင်တွေးနှင့် အေးမြင့်တို့ကို တွေ့ကြရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

# မဖဲဝါနဲ့ လောဘသားကောင်များ

ထန်းတောရွာ လယ်ယာလုပ်ငန်းများနှင့် တစ်နှစ်ပတ်လုံး လည်ပတ်လုပ်ကိုင်နေသော ရွာကလေး၊ အိမ်ခြေက တစ်ရာကျော်မျှသာ ရှိသည်။

သူတို့ရွာနှင့် မိုင်ဝက်ခန့်အတွင်းမှာ သစ်ပင်ကြီးများ အုံ့ဆိုင်းနေသော သချိုင်းတစ်ခု ရှိနေပါသည်။

ထိုသချိုင်းနှင့် ရွာ၊ မည်သို့မျှ မအပ်စပ်။ အကြောင်းက သချိုင်းမှာ အုတ်ဂူအဟောင်းများ အုတ်ဂူအပျက်များက အစီအရီ ရွာတွင်းက သေဆုံးသူများ သချိုင်းသို့ လာပို့ပါကလည်း တစ်ခါမှ ဂူမသွင်း မြေသာမြှုပ်သည်။





သို့ကြောင့် ထိုသချိုင်းက ရွာမှ လူကြီးများပြောစကားအရ သချိုင်းဟောင်းကြီးဖြစ်ကြောင်း သိရသည်။

သချိုင်း၏ မြောက်ဘက်မှာ ပေတစ်ရာခန့် ကျယ်သော ချောင်းကလည်း စီးဆင်းနေသည်။

ချောင်းရေက နှစ်စဉ် ပြောင်းလဲတိုက်စားနေသည်။ လွန်ခဲ့သော အနှစ် နှစ်ဆယ်ခန့်က ချောင်းရေ ရွာအတွင်း တိုက်စားလာသဖြင့် ဆောင်ပင်သာ တစ်ရွာလုံး တောင်ခြေဘက်သို့ ပြောင်းရွှေ့သွားတော့သည်။

ရွာက မရှိတော့ပေမယ့်၊ သချိုင်းက ကျန်နေခဲ့သည်။

ထိုရွာမှ လယ်သမားအချို့ မိမိတို့ လယ်ယာများကို လာလုပ်ကိုင်ရင်း မြေလွတ်ရာမှာ တဲများ ဆောက်၍ နေထိုင်ကြသည်။

တဖြည်းဖြည်း တဲစုများ တိုးပွားလာရာ ဆယ့်လေးငါးနှစ်အတွင်း ရွာလေးတစ်ရွာ ဖြစ်လာခဲ့သည်။ ထိုရွာအနီး ထန်းပင် ပင်ရှိနေသဖြင့် ထန်းတောရွာဟု အလွယ်ခေါ်ခဲ့သည်။

တစ်ရက် သချိုင်းသို့ အသုဘလာချရင်း ရွာသားတစ်ယောက် သချိုင်းအတွင်း လျှောက်သွားရာ ဂူတစ်လုံးအပေါ် တရားထိုင်နေသော ရဟန်းတော်တစ်ပါးကို တွေ့လိုက်သည်။

ဤရဟန်းကို ခါတိုင်းရွာအတွင်းမှာလည်း မတွေ့၊ အနီးအပါး



www.burmeseclassic.com

www.burmeseclassic.com



မှာလည်း မတွေ့၊ တခြားက ရောက်လာခြင်း ဖြစ်မည်ဟု ကိုဘတင် တွေးထင်လိုက်သည်။

ကိုဘတင်လည်း အသုဘမြေဗိုလ် နေကြသော ကိုတုတ်ကြီး တို့လူစုဆီ အမြန်သွားကာ ဂူတစ်လုံးအပေါ်မှာ တရားထိုင်နေသည့် ဘုန်းကြီးအကြောင်း ပြောပြလိုက်သည်။

"ဘာ ပြောတယ်၊ ဒီအနီးနားမှာ ဘုန်းကြီးကျောင်းလည်း မရှိ၊ သွားတာလာလာလည်း မတွေ့၊ မင်းဟာက ဟုတ်ရော ဟုတ်လို့လား"

"ဟုတ်ပါတယ်၊ ငါ သင်္ချိုင်းထဲ လျှောက်သွားရင်းက တွေ့ လိုက်တာ၊ သရဲခြောက်တာ မဟုတ်ပါဘူး၊ လာလိုက်ကြည့်ကြ ပါလား"

ဦးတုတ်လည်း ကိုဘတင်ခေါ်ရာနောက်သို့ လိုက်သွားသည်။

သာရေးနာရေးရှိလျှင် ရွာနှင့်ငါးမိုင်ခန့်ဝေးသော တောင်ခြေ က ညောင်ပင်သာရွာသို့ လှည်းနှင့်သွား၍ ပင့်ရသည်။

ခဏနေတော့ ဂူတစ်လုံးပေါ်ထိုင်၍ တရားကျင့်မှတ်နေသော ရဟန်းတစ်ပါးကို ဦးတုတ်တွေ့လိုက်ရသဖြင့် အနီးသွားကာ ဦးချ ရှိခိုးလိုက်သည်။

"တရားထိုင်နေတာကွ"





"ငါကြားဖူးတယ်၊ သင်္ချိုင်းဓုတင်ဆိုတာ ဒါမျိုးကို ပြောတာ ခဲ့မယ်"

ဘုန်းကြီးအနီးတွင် သပိတ်တစ်လုံးနှင့် ယပ်တစ်ချောင်း တွေ့သည်။

"သွားမလား ဘာလုပ်ဦးမလဲ"

ဦးတုတ်က စဉ်းစားနေသည်။

"ခဏနေဦး၊ ငါတို့ ရွာမှာ ဘုန်းကြီးတစ်ပါးမှ မရှိဘူး၊ အရေးဟဲ့ အကြောင်းတဲ့ဆို ညောင်ပင်သာရွာက ဘုန်းကြီးကို လှည်းနဲ့ သွားပင့်ရတယ်။ တို့ရွာမှာ ဘုန်းကြီးကျောင်းတစ်ကျောင်း ဆောက်တော့ ရှိသင့်တယ်"

"ဒီကုန်းကြီးကို တို့ရွာမှာ သီတင်းသုံးဖို့ လျှောက်ရရင် ကောင်းဘူးလား"

"ကောင်းတာပေါ့၊ ကျွန်တော်တို့ ဘုန်းကြီး တရားထိုင်ပြီးတဲ့ အထိ စောင့်ကြမယ်"

"ဒါဆိုရင် မင်း ထွန်းလှနဲ့ ဖိုးစိန်တို့ကို ပြီးပြီဆိုရင် ပြန်ချင် ပြန် မပြန်ချင် လာခဲ့လို့ သွားပြောလိုက်"

"ကိုဘတင်လည်း သင်္ချိုင်းအပြင်သို့ ပြန်ထွက်သွားသည်။ အပြင်မှာ အလောင်းမြေဖို့ပြီး ဆေးလိပ်ထိုင်သောက်ကာ သူတို့ကို



www.burmeseclassic.com

www.burmeseclassic.com



စောင့်နေသော ထွန်းလှနှင့် ဖိုးစိန်တို့ကို မြင်လိုက်သည်။

"ဟော့ကောင် ဘာတင် မင်းတို့ သင်္ချိုင်းထဲ ဝင်လိုက် ထွက်လိုက်နဲ့ ဘာသွားလုပ်နေတာလဲ ... ဦးတုတ်က ဘယ်မှာ ကျန်ခဲ့လဲ"

"ငါ မင်းတို့ကို ပြောမလို့၊ သင်္ချိုင်းအလယ်က ဂူတစ်လုံးပေါ်မှာ ဘုန်းကြီးတစ်ပါး တရားထိုင်နေတာ တွေ့လို့ အဲဒီနားမှာ ထိုင်နေခဲ့တယ်"

"မင်းတို့ဟာ ဟုတ်မှ ဟုတ်ရဲ့လား၊ သရဲခြောက်တာများလား"

"မင်းတို့အဘ သရဲ ဒီအချိန် ခြောက်မှာလား၊ အခု နေ့ခင်းကြောင်တောင်ကြီး"

"မင်းတို့ကို ဦးတုတ်က ရွာပြန်ချင်လည်း ပြန်နှင့်၊ သူ့ဆီလာချင်လည်း ငါနဲ့ လိုက်ခဲ့တဲ့"

"ဘာလုပ်မှာမို့ မပြန်သေးတာလဲ"

"ဘုန်းကြီးက တရားထိုင်နေတယ်၊ တရားပြီးရင် ဦးတုတ်က ဘုန်းကြီးကို လျှောက်စရာ ရှိတယ်လို့ ပြောတယ်"

"ငါက ဘုန်းကြီး တရားပြီးတဲ့အထိ သွားစောင့်နေလိုက်ဦးမယ်"





"မင်းတို့ မပြန်သေးရင် ငါတို့လည်း မပြန်သေးဘူး၊ လိုက်ခဲ့မယ်"

သုံးယောက်သား သင်္ချိုင်းထဲ ဝင်လာကြသည်။

မကြာခင် သင်္ချိုင်းအတွင်း ဘုန်းကြီးတရားထိုင်နေသည့် နေရာသို့ ရောက်လာကြသည်။

ဘုန်းတော်ကြီးက တရားထိုင်မပြတ်သေးသဖြင့် ထွန်းလှနှင့် ဖိုးစိန်တို့လည်း ဘုန်းတော်ကြီးအား ဦးချပြီး ထိုင်လိုက်သည်။

"ဒီတိုင်း မတွေ့မိပါဘူး"

"မင်းက နေ့ဟိုင်း သင်္ချိုင်းထဲ ရောက်လို့လား"

"သင်္ချိုင်းထဲတော့ ဘယ်ဟုတ်ပါ့မလဲ၊ ရွာနီးချုပ်စပ်မှာ မတွေ့လို့ပြောတာ"

"ဟော့ကောင်တွေ စကားတိုးတိုး ပြောပါကွ၊ တို့ကြောင့် ဘုန်းကြီးအနှောင့်အယှက် ဖြစ်နေပါဦးမယ်"

သူတို့ ထိုင်ပြီး နာရီဝက်ခန့်ကြာတော့ ဘုန်းကြီးတရားဖြုတ်သည်ကို တွေ့ကြသည်။

ဘုန်းကြီးက သူ၏ရှေ့မျက်မှာ ထိုင်နေကြသော ဦးတုတ်နှင့် အဖွဲ့ကို မြင်သွားသဖြင့်

"ဒကာတို့က ဘယ်ကပါလိမ့်"



www.burmeseclassic.com

www.burmeseclassic.com



"တပည့်တော်တို့က ထန်းတောရွာကပါဘုရား၊ လူတစ်ယောက် ဆုံးသွားလို့ မြေလာမြှုပ်ရင်း အရှင်ဘုရားကို မြင်လို့ လာဖူးကြတာပါဘုရား"

"ကဲ ... ကဲ၊ ကိစ္စပြီးပြီဆိုတော့ ပြန်ကြပေတော့"

"အရှင်ဘုရား၊ စိတ်တော့ မရှိပါနဲ့၊ တပည့်တော် သိချင်တာလေးတွေ မေးခွင့်ပြုပါဘုရား"

"အရှင်ဘုရား၊ ဒီသင်္ချိုင်းထဲမှာ ဘယ်က ကြွလာပြီး ဘာလုပ်နေတာပါလဲ ဘုရား"

"ဘုန်းကြီးက ဂန္ဓာရီကြွပြီး သီတင်းသုံးနေတာပါ၊ ကျောင်းပိုင်မထားဘဲ သင်္ချိုင်းတောစပ် ကြုံရာမှာ သီတင်းသုံးပြီး တရားကျင့်နေတာပါ"

"အရှင်ဘုရားအနေနဲ့ မည်သည့်အရာကို ဘုဉ်းပြီး အာဟာရဖြည့်ဆည်းပါသလဲဘုရား"

"ဘုန်းကြီးက သက်သတ်လွတ်ပဲ ဘုဉ်းတယ်၊ သစ်သီးသစ်ဥအဘုန်းများတယ်"

"ဘုဉ်းစရာမရှိရင်လည်း သပိတ်ထဲ ရေထည့်ပြီး ဘုဉ်းလိုက်တာပဲ"

အချို့ရွာတွေက သစ်သီးတွေ၊ လှူတာများရင်လည်း ဆွမ်း





ဆွတ်တော့ဘဲ သစ်သီးမကုန်မချင်း ဘုဉ်းပေးပြီး တရားကျင့်တယ်"

"အရှင်ဘုရား တပည့်တော် လျှောက်ချင်လို့ ထိုင်စောင့်နေတာပါ ဘုရား"

"တပည့်တော်တို့ တစ်ရွာလုံး ဗုဒ္ဓဘာသာ ဖြစ်ပါလျက်နဲ့ ဘုန်းကြီး မရှိပါဘူး ဘုရား"

"အရှင်ဘုရား တပည့်တော်တို့ရွာမှာ သီတင်းသုံးစေချင်ပါတယ်။ ရွာအပြင်ဘက်မှာ ကျောင်းဆောက်ပြီး လှူပါရစေ၊

အရှင်ဘုရား သီတင်းသုံးပြီး တရားရေအေး တိုက်ကျွေးပေးစေချင်ပါတယ်"

"အင်း ... ဒကာတို့က ဘုန်းကြီးကို သီတင်းသုံးစေချင်တယ်ဆိုရင်တော့ နေပေးပါ့မယ်၊ ရွာဝန်းကျင်မှာ မနေပါရစေနဲ့၊

ဘုန်းကြီးက ဒီသင်္ချိုင်းမှာပဲ သုသာန်ဓုတင်ဆောင်ပြီး တရားကျင့်မယ်၊

သင်္ချိုင်းထဲမှာ နေပြီး သီတင်းသုံးရတာ ဘုန်းကြီးအတွက် အသင့်တော်ဆုံးပဲ"

"အရှင်ဘုရား ရွာကို ဆွမ်းခံကြွပါဘုရား"

"ဒကာတို့ ကုသိုလ်ရအောင် ... ဘုန်းကြီးဆွမ်းခံကြွပေးပါ့မယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဘုန်းကြီး တစ်ဝမ်းတစ်နပ်စာအတွက် အဆင်ပြေတဲ့နေရာ ကပဲ ပြန်ရှုည့်ပြန်မယ် ... တစ်အိမ်၊ နှစ်အိမ်၊ သုံးအိမ်နဲ့ ဘုန်းကြီးအတွက် တစ်နပ်စာဆွမ်းဘုဉ်းဖို့ ပြည့်စုံပြီဆို ရောက်ရာ လှည့်ပြန်မယ် ဟုတ်လား"

"ဒါဆို အရှင်ဘုရား တစ်နေရာထဲက ပုံသေမကြွပါနဲ့ဘုရား ဒါမှ ရွာကလူတွေ အရှင်ဘုရားကို လှူခွင့် ကြုံကြမှာပါ ဘုရား"

"စိတ်ချပါဒကာ၊ ဘုန်းကြီးကို ဆွမ်းလုလောင်းတာတွေ မလုပ် ရဘူးနော်၊

ဘုန်းကြီး မှန်မှန်ကြွပေးမယ်၊ သက်သတ်လွတ်ဆွမ်း ဘုဉ်းမယ်၊ သစ်သီးဆွမ်းလည်း ကပ်နိုင်တယ်၊

အလှူ့ သာရေး၊ နာရေးရှိရင် ဘုန်းကြီး တာဝန်ယူပြီး တရားဟောပေးပါ့မယ်"

"ဒါဆို အရှင်ဘုရား သီတင်းသုံးဖို့ သချိုင်းအစပ်မှာ တစ်ပါး ကျောင်းလေး လာဆောက်ပေးပါ့မယ် ဘုရား"

"နေလို့ရရင် တော်ပါပြီ၊ လေးတိုင်စင်နဲ့ ကြမ်းခင်းပါရင် ရပါပြီကွယ်"

ဦးတုတ်တို့လည်း ဝမ်းသာအားရနှင့် ရွာသို့ အမြန်ပြန်ကြ သည်။ ဆယ့်ငါးမိနစ်ခန့်အကြာ ရွာသို့ ရောက်သွားကြသည်။





ဦးတုတ်တို့ ရွာလူကြီးအိမ်သို့ တန်းပြီးသွားကာ အကျိုး အကြောင်း ပြောပြလိုက်သည်။

တစ်ရွာလုံး ဗုဒ္ဓဘာသာဝင်များဖြစ်သဖြင့် ဘုန်းကြီးတစ်ပါး ရွာအတွက် ရပြီဆိုပြီး ပျော်ရွှင်နေကြသည်။

"ဘာပဲဖြစ်ဖြစ် တို့ရွာအတွက် တရားလမ်းပြပေးမယ့် ပုဂ္ဂိုလ် တစ်ပါးရပြီဆိုတော့ ဝမ်းသာစရာပေါ့"

"ဒါကြောင့် ဘုန်းတော်ကြီး သီတင်းသုံးနိုင်အောင် တို့ရွာက အခုရွာထဲမှာရှိတဲ့ ယောက်ျားမှန်သမျှ ငါ့အိမ်ကို လာဖို့ သွားခေါ် လိုက်"

ထို့နောက် ရွာလူကြီးနှင့် ဦးတုတ်တို့ ဆော်ဩမှုကြောင့် ဓါးရှိသူဓါး၊ တိုင်ရှိသူကတိုင်၊ သက်ကယ်ရှိသူက သက်ကယ်ဖြစ်၊ တပိုင်တနိုင်ယူပြီး သချိုင်းသို့ တက်ကြွစွာ လာခဲ့ကြသည်။

ဘုန်းတော်ကြီးက သချိုင်းအပြင်လည်း မဟုတ်၊ အတွင်း မကျတကျရှိ ကုက္ကိုပင်ကြီးအောက်မှာ ဆယ်ပေပတ်လည်ခန့် တစ်ပါးကျောင်းလေးဆောက်ပေးလိုက်သည်။

ညနေငါးနာရီခန့်ရောက်တော့ တစ်ပါးကျောင်းဆောက်၍ ပြီးစီး သွားသည်။

သောက်ရေတစ်အိုးကို ရေအပြည့် ထည့်ပေးထားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဘုန်းတော်ကြီးအား ကျောင်းမှာ သီတင်းသုံးပါရန် တင်လျှောက်လိုက်သည်။

အချို့ဒကာများက ဒကာမများပေးလိုက်သော ငှက်ပျောသီး၊ သခွားသီး၊ သင်္ဘောသီးတို့ကို ဆရာတော်အား ဆက်ကပ်လိုက်သည်။

"နောက်နေ့ကစပြီး ဘုန်းကြီးရွာကို ဆွမ်းခံကြွပေးမယ်၊ တစ်ရွာလုံး မလျှောက်ဘူး၊ ဘုန်းကြီးတစ်ခါဘုဉ်းစာရရင် ရောက်တဲ့အိမ်က လှည့်ပြန်မယ်"

"တင်ပါ့ဘုရား"

"ဘုန်းကြီးတရားကျင့်ရင် ဂူတွေပေါ်မှာပဲ ကျင့်မယ်၊ ဘုန်းကြီးဆီကို အကြောင်းကိစ္စအထူး မရှိရင် မလာကြနဲ့၊ သစ်သီး၊ သီးနှံ၊ ဆွမ်း ကျောင်းကို ဘယ်ဒကာမှ လာမလှူကြနဲ့၊ ဘုန်းကြီး ညှော်ခံနေရရင် တရားပျက်မယ်၊ ဘုန်းကြီး ဒကာတို့ ကုသိုလ်ရအောင် မနက်ရှစ်နာရီခွဲ ဆွမ်းခံကြွပေးမယ်"

"တင်ပါ့ ဘယ်သူမှ ဘုန်းဘုန်းကို လာမနှောင့်ယှက်ရအောင် ရွာမှာ သတိပေးထားပါ့မယ်"

"အရှင်ဘုရားအတွက် သောက်ရေအိုးရေကို သုံးရက်တစ်ခါ ရေလာဖြည့်ပေးပါ့မယ်"

"နေ ... နေ ... ဒကာ၊ သုံးရက်တစ်ခါလည်း မလာပါနဲ့။ ရေကုန်ရင် ဆွမ်းခံကြွတဲ့အချိန် ဒကာမတွေကို အသိပေးပါ့မယ်၊ အဲဒီအချိန်ကြမှ လာဖြည့်ပေးပေါ့"

"အရှင်ဘုရား စိတ်တိုင်းကျ ဖြစ်ရပါစေမယ်ဘုရား"

မကြာခင် ရွာလူကြီးနှင့် ဦးတုတ်တို့ ဦးစီးသော ရွာသားများ ပြန်သွားကြသည်။

ဘုန်းကြီးတစ်ပါးတည်း ကျန်ခဲ့သည်။

× × × × ×

နောက်နေ့ရောက်တော့ ရွာသားများလည်း သက်သတ်လွတ် ဆွမ်းဟင်းများ ချက်ထားသည်။

ဘုန်းတော်ကြီးက ရွာဦးမှစ၍ ကြွသည်။

ရွာသားများ တိုင်ပင်ထားကြသည်။ ဆရာတော်အား ဆွမ်းကို အများကြီးမလောင်းရန် ဒါမှ အနည်းဆုံး လေးငါးဆယ်အိမ်မျှ လောင်းလှူခွင့်ရမည်ဖြစ်သည်။

ရွာသားများလည်း တိုင်ပင်ထားသည့်အတိုင်း တစ်အိမ်ကို တစ်ဇွန်း၊ တစ်ယောက်မ ၂ဇာမျှ လှူကြရာ ဆရာတော်တစ်ရက်







www.burmeseclassic.com

www.burmeseclassic.com



ဆွမ်းခံကြလျှင် အနည်းဆုံး ဆယ့်ငါးအိမ်မျှ လောင်းလှူခွင့် ရကြသည်။

ရှေ့က လောင်းလှူရန် စောင့်နေကြသူများလည်း မိမိတို့အိမ်ရှေ့ထိ ရောက်ပါစေဟု ရင်တမမနှင့် ဆုတောင်းနေကြသည်။

ဘုန်းကြီးက သပိတ်အတွင်း ဆွမ်းတစ်နပ်စာ ပြည့်ပြီဟု စိတ်က ပိုင်းဖြတ်ပြီးသည်နှင့် နောက်ကြောင်းပြန်လှည့်ကာ သင်္ချိုင်းသို့ ပြန်ကြွသွားတော့သည်။

ရွာမှာ အလှူအတန်းရှိသောအခါ ဘုန်းကြီးအား သွား၍ ပင့်သည်။

ပင့်သည့်အတိုင်း ကြွရောက်ပြီး တရားဟောသည်။ ထိုအလှူမှာ ဆရာတော်ကို သက်သတ်လွတ်ဟင်း စီမံပြီး ချက်ပြုတ်ကပ်လှူကြသည်။ သပိတ်ဖြင့်သာ ဘုဉ်းသည်။

ဆရာတော်ကလည်း အတတ်နိုင်ဆုံး နိုင်သရွေ့ သက်သတ်လွတ် စားကြရန် တိုက်တွန်းသည်။

အမြဲမတတ်နိုင်လျှင် မွေးနေ့ရောက်တိုင်း သက်သတ်လွတ်စားရန် တရားဟောသည်။

ဆရာတော် တရားဟော အလွန်ကောင်းသည်။

နိဗ္ဗာန်ရောက်ကြောင်း တရားများကိုသာ ဦးစားပေး ဟောပြသည်။ ဆရာတော် ဟောပြောသည့် တရားတော်များသည် ရိုမောရောဘာစ်လုံးမှ မပါ ပါ။





တရားနာ အမျှဝေပေးဝေပြီးသည်နှင့် ဆရာတော် ပြန်ကြွသည်။

ဘာလှူဖွယ်ဝတ္ထုမျှ ယူဆောင်မသွား၊ လှူဖွယ်များကို ပြန်၍ နှံ့သွားသည်။

တစ်ပါးတည်း ယပ်တစ်ချောင်း နေကွယ်၍ သပိတ်လွယ်ကာ သင်္ချိုင်းရှိ ကျောင်းသို့ ပြန်ကြွသွားသည်။

မည်သူ့မျှ လိုက်ပို့မည်ကိုလည်း လက်မခံ။

ရွာလူကြီးက ဆရာတော်ကို နွားကျောင်းရင်း တစ်နေ့တစ်ခေါက်မျှ ဝင်၍ အကဲခတ်ကြည့်ရှုရန် သာအေးအား မှာထားသည်။

သာအေးလည်း ဆရာတော်ဂူများပေါ်မှာ နေ့စဉ် တရားထိုင်နေတာတွေ့ကြောင်း သတင်းပြန်ပို့သည်။

ဒီနေ့ ဒီဂူမှာ တရားထိုင်ပြီး နောက်နေ့ တခြားဂူမှာ ထိုင်၍ တရားကျင့်နေကြောင်း ကြားသိရသည်။

တစ်ရက် ဆွမ်းခံကြွမည့်ရက် ဆွမ်းခံမကြွသည်နှင့် ရွာလူကြီးများက သာအေးအား ...

"သာအေး မင်း ကျောင်းကို ရောက်သေးလား"

"ကျွန်တော့်အိမ်က နွားတွေ ဦးလှမြင့် သုံးရက်နေဟာက်



www.burmeseclassic.com

www.burmeseclassic.com



ဌာနသွားတာနဲ့ နွားကျောင်း မထွက်ဖြစ်ဘူး၊ ဘာဖြစ်လို့လဲ ဦးလေး တုတ်ရဲ့"

"ဆရာတော် ဆွမ်းခံမကြွတာ နှစ်ရက်ရှိပြီ၊ အဲဒါ မင်းများ သိမလား လို့"

"ကျွန်တော် နွားမကျောင်းဖြစ်တော့ မရောက်ဘူး၊ ဒါများ ဘာခက်တာလိုက်လို့လဲ ကျွန်တော် အခု သွားကြည့်လိုက်မယ်"

သာအေးလည်း ပြောပြောဆိုဆို ခမောက်တစ်လုံး ခေါင်း ဆောင်းပြီး ဦးတုတ်အိမ်ထဲမှ သုတ်ခြေတင်၍ ထွက်သွားတော့ သည်။

မကြာခင် ရွာချိုင်းအတွင်း ရောက်ခဲ့သည်။ မျက်စိဖြင့် မြင်ရ သရွေ့ ဂူများပေါ် လှမ်းကြည့်လိုက်သည်။ ဆရာတော် ဘုရား ထိုင်နေသည်ကို မတွေ့သဖြင့် ကျောင်းသို့သွားကာ အတွင်းသို့ ချောင်းကြည့်လိုက်သည်။

ဆယ်ပေပတ်လည်ကျယ်သော ကျောင်းသခ်န်းအတွင်း ဆရာ တော်ကို ပက်လက်အနေအထားနှင့် သာအေးတွေ့လိုက်သည်။

သို့ကြောင့် ကျောင်းပေါ်သို့ တက်ပြီး ဆရာတော်အား ဦးချကာ ဆရာတော်ကို အခြေအနေအကဲခတ် ကြည့်လိုက်သည်။

ဆရာတော်ထံမှ တစ်ချက်တစ်ချက် ညည်းသံကြားလိုက်





သည်။

"ဟင် ... ဆရာတော် နေမကောင်း ဖြစ်နေတာပဲ"

သာအေး ကျောင်းပေါ်မှ ပြန်ဆင်းခဲ့ပြီး ရွာသို့ သုတ်ခြေတင် ပြန်ခဲ့သည်။

မကြာခင် ရွာသို့ ပြန်ရောက်ပြီး ရွာလူကြီးနှင့် ဦးတုတ် တို့အား အကျိုးအကြောင်း ပြောပြသည်။

ဦးသာမောင်နှင့် ဦးတုတ်တို့လည်း ဗိန္ဒောဆရာဦးလူမော် တစ်ခါတည်း ပင့်ခဲ့သည်။

မကြာခင် ဆရာတော်ကျောင်းသို့ ရောက်သွားကြသည်။ ဆရာဦးလူမော်လည်း ဆရာတော်အား စမ်းသပ်လိုက်သည်။

"ဆရာတော် ကိုယ်တွေ တအားပူနေပါလား"

"တုတ်တယ် ဒကာ ... ပြီးခဲ့တဲ့ရက်က တစ်ညလုံး အရေးထိုင်လိုက်တာ အအေးမိသွားတယ်နဲ့ တူပါတယ်။ နောက်နေ့ ရောက်တော့ ပူသလို ချမ်းသလို ဖြစ်လာပြီး၊ အဖျားဝင်တော့ တာပဲ"

"တင်ပါ့ ဆရာတော် အအေးမိပြီး ဖျားတာပါ။ မကြာခင် ကောင်းသွားပါလိမ့်မယ်၊ တပည့်တော် ဆေးသုံးခွက်စာ ပေးခဲ့ ပါမယ် ဘုရား"



www.burmeseclassic.com

www.burmeseclassic.com



ဆရာဦးလှမော်လည်း ဆရာတော်၏ရောဂါကို သိရှိပြီးသည်နှင့် ဆေးတစ်ခွက် တိုက်လိုက်သည်။

ပြီးနောက် ဦးချ၍ ပြန်ခဲ့ကြသည်။

နောက်နေ့ ဆရာအားပင့်၍ ဆရာတော်ထံ သွားမည်ဟု ဥာလှကြီးနှင့် ရွာသားအချို့ ရွာပြင်ထွက်လာကြသည်။

ထိုစဉ် သချိုင်းဘက်မှ ရွာသို့ ဆွမ်းခံကြွလာသော ဘုန်းကြီးအား မြင်လိုက်သဖြင့် သချိုင်းသို့ သွားမည်ပြင်နေသော လူတစ်စု၊ မသွားဖြစ်တော့ဘဲ ရွာဝမှာပင် ရပ်စောင့်နေလိုက်ကြသည်။

ဘုန်းတော်ကြီး ရွာဝသို့ ရောက်လာသည်နှင့် အားလုံး ထိုင်ပြီး ဝတ်ဖြည်လိုက်ကြသည်။

"တပည့်တော်တို့က ဆေးဆရာပင့်ပြီး ဆရာတော်ဆီ အကျိုးအကြောင်း သိရအောင် ထွက်လာကြတာပါ ဘုရား၊

ဆရာတော် ကြွလာတာမြင်တာနဲ့ ဒီကပဲ ရပ်ပြီး ကြည့်နေကြတာပါ ဘုရား"

"အိမ်း ... ဆရာပေးခဲ့တဲ့ ဆေးက အတော် စွမ်းတာပဲ၊ ဆေးနှစ်ခွက်ပဲ သောက်ရသေးတယ်၊ ရှင်းရှင်းကို ပျောက်သွားတော့တာပဲ၊

ဒါကြောင့် ဒကာတို့ စိတ်ပူမှာစိုးလို့ ဆွမ်းခံ ကြွခဲ့တာပဲ





ဒကာ"

"အရှင်ဘုရား အမာစာတွေ ဘုဉ်းလို့ မသင့်တော်သေးပါ ဘုရား"

"ဒကာ မစိုးရိမ်နဲ့၊

အဓိကက ဝမ်းထဲမှာရှိတဲ့ ပိုးမျိုးရှစ်ဆယ် ငြိမ်းအောင်ပဲ အရေးကြီးပါတယ်၊ ဒါမှ ဘုန်းကြီး တရားဖြောင့်ဖြောင့် ထိုင်နိုင်မှာ"

"တင်ပါ့ဘုရား ... အရှင်ဘုရား စိတ်ဆန္ဒရှိတဲ့အတိုင်း ကြွတော်မူပါဘုရား"

"အိမ်း ဘုန်းကြီး ပြီးခဲ့တဲ့အခေါက်က ဒီဘက်ကို ကြွခဲ့တာ အခု တောင်ဘက်ကို ကြွမယ်"

ဆရာတော်လည်း ဆွမ်းခံကြွပြီးသောဘက်သို့ မကြွဘဲ ဆွမ်းမခံရသေးသော အရပ်ကို ဦးတည်ပြီး ကြွသွားတော့သည်။

ဦးတင်မောင်တို့လည်း သီလ သမာဓိ သိက္ခာနှင့် ပြည့်စုံသော ဆရာတော်တစ်ပါးကို ဆည်းကပ်ကိုးကွယ်နိုင်၍ ဝမ်းသာနေကြသည်။

× × × × ×

အချိန်က ညတစ်နာရီခန့်ရှိပြီ၊ လဆန်းရက်မို့ တစ်ခြမ်းသော သတ္တာလေးက - အနောက်တောင်ပေါ် မေးတင်နေပေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ကဆုန်လမို့ မိုးမကျသေးပေမယ့် မိုးသားမိုးရိပ်တို့က တရိပ်ရိပ် တက်နေသည်။

သချိုင်းအတွင်း လေတိုက်ခြင်းကြောင့် သစ်ပင်ကြီးတို့က ဝေါဝေါမြည်ကာ ယိမ်းထိုးနေသည်။

အဝေးမှ ဆွဲဆွဲငင်ငင် အူလိုက်သော ခွေးအူသံကလည်း အဆက်မပြတ် ထွက်နေသည်။

တိတ်ဆိတ်ခြိမ်သက်နေသော သချိုင်းက ရုတ်တရက် လှုပ်ရှားရုန်းကန်နေခြင်းက တစ်ခုခု ထူးခြားတော့မည့် ပြယုတ်တစ်ခုပင် မဟုတ်ပါလား။

မှန်ပါသည်။ လှုပ်ရှားသက်ဝင်နေသော သချိုင်းအတွင်းသို့ ဓားလွတ်ကိုင် လူသုံးယောက် ဝင်လာကြသည်။

ပြီးနောက် သစ်ပင်ကြီးတစ်ပင်အောက်မှာ ဝိုင်းထိုင်လိုက်ကြသည်။

"တောက် ခွေးမသား အေးဆောင် ခိုးချင်လိုက်တာလည်း ပြောလို့၊ လက်နှေးလိုက်တာလည်း ခြာလို့"

"ဘာဆိုင်လို့လဲ"

"အခု မင်းကြောင့် အလွဲလွဲအချော်ချော် ဖြစ်ခဲ့တာ မဟုတ်လား"





"မင်းတို့က လောဘဇော ကပ်နေကြတာပဲ၊ ငါက ထိန်းထိန်းသိမ်းသိမ်း လုပ်တာပါ"

"အေး အခု ပိုက်ဆံ လုယုံ မဟုတ်ဘူး၊ ထိပ်နိုက ဗွန်းဇီကိုပါ သတ်ခဲ့တာဆိုတော့ ငါတို့က ဓါးပြတိုက်တာတင် မဟုတ်ဘူး၊ လူသတ်တဲ့အဖွဲ့ပါ ဖြစ်နေပြီ"

"နောက်က လိုက်လာတဲ့ ရွာသားတွေ ပြန်လှည့်သွားလို့ တော်သေးတယ်၊ အခု ဘာလုပ်ကြမလဲ"

"ဒီတိုက်ရာပါ ပစ္စည်းတွေနဲ့ ဓါးတွေကို သစ်ပင်အောက်မှာ ကြုံရာလက်ရာ မပျက် မြှုပ်ထားခဲ့ရမယ်"

"ဟုတ်တယ်၊ ပတ်ဝန်းကျင်အခြေအနေ အေးဆေးသွားမှ သုံးယောက်ဆုံပြီး လာပြန်ယူကြမယ်"

"လူသတ်ခဲ့တဲ့ကိစ္စ၊ ဓါးပြတိုက်ခဲ့တဲ့ကိစ္စနဲ့ ရဲတွေရွာကို ရောက်လာမှာပဲ၊ ငါတို့အားလုံး ငြိမ်တဲ့အထိ ကိုယ့်အိမ်ကိုယ်ပြန်နေကြရအောင်"

"ဟုတ်တယ်၊ ဒီသစ်ပင်အောက်မှာ တူးပြီး မြှုပ်ထားကြတာပေါ့"

သုံးယောက်လုံး သဘောတူညီမှု ရပြီသည်နှင့် တိုက်ရာပါ ပစ္စည်းများကို သစ်ပင်ကြီးအောက် မြေကြီးကိုတူး၍ မြှုပ်ထား



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

"ကဲ မှတ်မိကြတယ် မဟုတ်လား"

"မှတ်မိတာပေါ့၊ ဘယ်သူမှ စည်းဖောက်ပြီး လာမယူရဘူး နော်။ ငါတို့သုံးယောက်ဆုံပြီးမှ လာပြန်ယူကြတာပေါ့"

"ကဲ ... ပြီးပြီဆိုရင် သွားကြမယ်"

သူတို့သွားရန် လှည့်အထွက် သူတို့နှင့် ဆယ်ပေခန့်အကွာ ချုံပုတ်တစ်ခုသာခြားသော ဂူပေါက်တွင် တရားထိုင်နေသော ဘုန်းကြီး တစ်ပါးကို တွေ့လိုက်ကြသည်။

"ဟာ ... ဟိုမှာ ဘာကြီးလဲ ဘုန်းကြီးလား၊ သရဲလား"

"ဟာ ... သချိုင်းထဲမှာ ဘယ်က ဘုန်းကြီးရှိရမှာလဲ ရှိမယ်ရှိ၊ သရဲပဲ ရှိမှာပေါ့"

"မဟုတ်ဘူးကွ၊ သေသေချာချာကြည့်၊ သရဲမဟုတ်ဘူး မလှုပ်မယှက် ဂူပေါ်မှာ ထိုင်နေတာ ဘုန်းကြီးတစ်ပါးကွ"

သူတို့ အနီးကပ်ပြီး ကြည့်သည်။ တရားထိုင်နေသော ဘုန်းကြီးတစ်ပါးဖြစ်ကြောင်း သိလိုက်သည်။

"ဟာ ... ဘုန်းကြီးပဲ ... ငါတို့ ပြောတာတွေ အကုန် ကြားကုန်ပြီ"

"တုတ်တယ် ... ဒီဘုန်းကြီး ဒီအနီးနားရွာတွေက တရား





ထိုင်နေတာဖြစ်မယ်"

"သူ့ကို ရှာပြန်လွှတ်လို့ မဖြစ်ဘူး"

"အေးဆောင် သွားစမ်း၊ ငါတို့ ပြောစကား ကြားလား သွားမေးစမ်း"

"မေးစရာ မလိုပါဘူးကွာ၊ တို့ ထိုင်စကားပြောနေကြတာ တိုးတိုးလေးမှ မဟုတ်တာ၊ မင်းလူသတ်ခဲ့တဲ့အကြောင်းပါ ဒီဘုန်းကြီး ကြားသွားပြီ"

"တော့ ဘုန်းကြီး ထစမ်း"

"ဟ ... တရားထိုင်နေတယ်၊ အနှောင့်အယှက် သွား ပေးပါနဲ့၊ တို့ကို သိတာမှ မဟုတ်ဘဲ၊ သွားကြမယ်"

"ဘယ်ဖြစ်မလဲ၊ ငါတို့နာမည်ပါ သိကုန်ပြီ။ လူသတ်ဓါးပြ တိုက်ခဲ့တာလည်း သိသွားပြီ၊ ဒီဘုန်းကြီး အရှင်ထားလို့ မဖြစ်ဘူး"

"ဟာ ... သောက်ကျိုးတော့ နည်းတော့မှာပဲ"

"မင်းက ... တရားပေါက်နေတာလား၊ သွားစမ်း ဘုန်းကြီး ကို ဆွဲခေါ်လာခဲ့"

"ဟာ ကျုပ် ငရဲကြီးမှာ ကြောက်တယ်"

"ဘာကွ ... ရွာတကာလှည့်ပြီး ဓါးပြတိုက်နေတဲ့အကောင် က ငရဲကြီးမှာ ကြောက်နေလား"



www.burmeseclassic.com

www.burmeseclassic.com



"သွား ဆွဲခေါ်ခဲ့"

ဆရာဖြစ်ဟန်တူသူလည်း ဘုန်းကြီးကို ခေါ်ခိုင်းရာ မရသဖြင့် စိတ်မရှည်စွာ ဓါးကိုင်ပြီး ဘုန်းကြီးတရားထိုင်နေရာ ရောက်သွားသည်။

"ကဲ ... ဘုန်းကြီး ဆွဲခေါ်တာ မခံချင်ရင် ထိုင်နေရာက ထခဲ့ပါ"

ဘုန်းတော်ကြီးလည်း အကုသိုလ်အဖြစ် မပိုစေရန် ထိုင်နေရာက ထလိုက်ပြီး ...

"ဒကာတို့ ကျုပ်က ဘုရားအလုပ်၊ တရားအလုပ် လုပ်နေတာပါ။ ဒကာကြီးတို့ကိစ္စနဲ့ ဘုန်းကြီး မပတ်သက်ပါဘူး၊

ဒကာကြီးတို့ ဘာသူလဲ၊ ဘာလုပ်တယ်၊ ဘယ်ကလဲ ဘုန်းကြီး မသိဘူး၊ စိတ်လည်း မဝင်စားဘူး၊

ဒကာတို့ ဘုန်းကြီးအလုပ် ဘုန်းကြီးလုပ်နေတာ၊ အားလုံး မမြင်ဘူး၊ မကြားဘူးပဲ မှတ်ပါတယ်၊

သွားလိုရာကို စိတ်ချလက်ချ သွားကြပါ"

"ဒီလိုတော့ ဘယ်ဖြစ်မလဲ ကျုပ်တို့ကိစ္စအားလုံးကို သိသွားပြီဆိုတော့ ကျုပ်တို့ စိတ်ချလက်ချနေလို့ ရတော့မှာလဲ"

"ဒီတော့ ဘုန်းကြီးဒီဓနရာက အဝေးကို သွားရင်သွားရင် ကျုပ်တို့ အဆိုးမဆိုနဲ့"

"ဒကာ ... ဦးဇင်းက တိုနားမှာ တဲကျောင်းလေးထိုးပြီး တရားရှာနေတာပါ၊ ဒကာတို့ စိတ်ချလက်ချ သွားပါ။ ဘုန်းကြီးရဲ့ အဓိဋ္ဌာန်ကိုဖျက်ပြီး အဝေးမသွားနိုင်ပါဘူး။

ပစ္စည်းတွေ စိတ်မချရင် ယူသွားပါ"

"ဟာ ဒီဘုန်းကြီး တော်တော်လေး ရှည်တာပဲ"

ခေါင်းဆောင်လုပ်သူက စကား ဆက်မပြောတော့ဘဲ ဘုန်းကြီးအား ဓါးဖြင့် ပြေးထိုးလိုက်သည်။

ဘုန်းကြီး ဓါးစိုက်ပြီး လဲကျသွားသည်။

"ကဲ ... ခင်ဗျား လူထပ်သတ်ပြန်ပြီ ဒုက္ခပါပဲ"

ထိုစဉ် သချိုင်းတစ်ခုလုံး လေပြင်းကျလာသကဲ့သို့ လှုပ်ခါယမ်းလာသည်။

ဝေါ ... ဝေါ ...

ဝိုး ... ဝိုး ... ဝုန်း ... ဝုန်း

လေမတိုက်ပါဘဲ သစ်ပင်ကြီးများ တဝုန်းဝုန်း လှုပ်ယမ်းလာသည်။

"ဟာ တောခြောက်တာများလား"

"သချိုင်းထဲ ရောက်နေတာပဲ ... သရဲခြောက်တာ ဖြစ်မှာ







www.burmeseclassic.com

www.burmeseclassic.com



ပျော့၊ ဘယ်က သရဲလဲ လာရဲလာကြည့်စမ်း”

ဝုန်း ... ဝုန်း ... ဝုန်း

အူး ... အူး ... ဝူး ... ဝူး

ရုတ်တရက် လေပြင်းတိုက်လိုက်သလို သစ်ကိုင်းများ လှုပ်ယမ်းသွားသည်။

သချိုင်းအစပ်မှ ခွေးအူသံကြီးများက ချောက်ချားဖွယ် ပေါ်လာသည်။

“ဟာ ... ခင်ဗျားဘုန်းကြီးကို သွားလုပ်လို့ ... ပတ်ဝန်းကျင်က သရဲတွေ ထွက်လာပြီလား မသိဘူး”

ဝုန်း ... ဝုန်း

ဝေါ ... ဂျိန်း

ဟောဟော ဖိုင်းဖိုင်း မြည်အောင်ပင် သစ်ပင်ကြီးများ လှုပ်ယမ်းသွားသည်။

သစ်ပင်ချုံများ တရှဲရှဲ မြည်အောင် လှုပ်ခါနေသည်။

သစ်ပင်ကြီးများ၏ အကိုင်း၊ အခက်၊ အရွက်များ ဆွဲရမ်းပစ်သလို ကဂျိန်းဂျိန်း ဆူညံနေတော့သည်။

ဝုန်း ... ဝုန်း

ဂျိန်း ... ဖွတ်





ထိုဓါးပြသုံးယောက်၏အပေါ်မှာရှိသော သစ်ကိုင်းဟာ မိုးကြိုး ပစ်လိုက်သည်လား မသိ၊ ဂျိန်းဟု အသံကြီးမြည်ကာ သစ်ကိုင်းကြီး ပြုတ်ကျလာသည်။

အပေါ်မှ သစ်ကိုင်းပြုတ်ကျလာသည်ကို မြင်သော်လည်း ဓါးပြယောက်များက လှုပ်ရှားလို့မရ ဖြစ်ကုန်သည်၊ အပေါ်တည့်တည့် ကျလာသည်။

အား ... အား

ဝုန်း

ဓါးပြနှစ်ယောက်၏ပါးစပ်မှ ကြောက်လန့်နာကျင်သော အသံကြီးများ ထွက်သွားပြီးနောက် လှုပ်ရှားရုန်းကန်ပြီး ငြိမ်ကျသွားသည်။

အပေါ်မှ အရှိန်ပြင်းစွာ ကျလာသော သစ်ကိုင်းကြီးက လူဆိုးနှစ်ယောက်၏အသက်ကို တစ်ချက်တည်း နှုတ်ယူသွားသည်။

လူသတ်ဓါးပြကြီးက သစ်ကိုင်းပိမည့်ဘေးက သီသီလေး တစ်လွတ်သွားသည်။

ထိုအဖြစ်ကို မြင်ပြီး၊ ဓါးပြကြီးဒူးက တဆတ်ဆတ် တုန်လာသည်။

ပတ်ဝန်းကျင်မှ လေတိုက်သံ လေတိုးသံများ ရုတ်တရက်

www.burmeseclassic.com

www.burmeseclassic.com



မြိမ်သွားသည်။

"တောက် ... ဘယ်လိုက ဘယ်လို လေပြင်းက ကျလာတာလဲ၊ လူနှစ်ယောက်လည်း သေသွားရော ... လေက နည်းနည်းလေးတောင် မတိုက်တော့ဘူး"

"ဒို့ကို သရဲခြောက်နေတာလား၊ လုံးဝ မကြောက်ဘူး။ သရဲသော၊ လူသော နားမလည်ဘူး။ ငါလူသတ်လာတဲ့အကောင် ဘယ်သရဲမှ မကြောက်ဘူး"

"ဘုန်းကြီးလည်း သတ်ရဲတယ်ကွ"

ထိုစဉ် နောက်ဘက်မှ တစ်စုံတစ်ခုက ဆွဲမလိုက်သဖြင့် နှစ်တောင်ခန့် မြေမှ ကြွသွား၍ ထိတ်ထိတ်လန့်လန့် နှင့် လှည့်ကြည့်လိုက်ရာ ...

"တင်"

ဆယ်ငါးပေမျှ မြင့်သော သရဲမကြီးတစ်ကောင်ကို ဖါးပြကြီး မြင်လိုက်သည်။

"နင့်ကို ငါရဲ့ သချိုင်းမှာ ဝိညာဉ်နဲ့တောင် မထားဘူး။ နင့်ကို အဝီစိထိအရောက် တစ်ခါတည်း ပို့ပေးရမယ်"

"ကြောက် ... ကြောက် ... ပါပြီ"

"ဘာကြောက်တာလဲ ... စောစောက စိန်ခေါ်နေတဲ့အသံကို





ကြားလိုက်တယ်"

"အခု ... နင့်အလှည့်ကျမှ ကြောက်တယ်ပေါ့ ... နင်က ဓါးပြတိုက်ရုံမကဘူး ... လူပါ သတ်ခဲ့သေးတယ်၊

တရားကျင့်နေတဲ့ ဘုန်းကြီးကိုလည်း ကိုယ်ထိလက်ရောက် ဘူးလွန်တယ်၊ မင်းရဲ့ ဓါးချက်က ဆရာတော်ကို မထိဘူး၊

သက်န်းနဲ့ ဗိုက်ကြားက ရှပ်ဝင်သွားတာ၊ ဆရာတော်ကို ထပ်ပြီး မစော်ကားဖြစ်အောင် ဆရာတော်ကို အိပ်ပျော်အောင် ငါလုပ်ထားတာ၊

မင်း မသေခင် ငါ ဘယ်သူလဲ သိသွားချင်လား"

"ကြောက်ပါပြီ၊ နောက်ကို ဘယ်သူ့မှ မသတ်တော့ပါဘူး။ ဓါးပြလည်း မတိုက်တော့ပါဘူး၊

အောက် ... အောက်ကို ချပေးပါ"

"ကိုယ့်အလှည့်ကျတော့ သေမှာကြောက်တတ်လိုက်တာ၊ ငါက သချိုင်းကိုစောင့်တဲ့ သချိုင်းအရှင် မဖဲဝါပဲ၊ ဆရာတော်ကို ဘယ်သူ့မှ ထိလို့ မရဘူး၊

နင် အခုအချိန်ကစပြီး အဝီစိကို တန်းသွားပေတော့"

ဖျောင်း ...

ဂွတ် ...



www.burmeseclassic.com

www.burmeseclassic.com



အား ...

လူသတ်ဓါးပြကြီးလည်း ဘုန်းတော်ကြီးအား အသေသတ်သည့် ဝဋ်ကြွေးကြောင့် အင်စိင်ရဲသို့ တန်းဆင်းရတော့မည်ကို မသေခင်ကပင် မဖဲဝါပြော၍ သိသွားရတော့သည်။

လူဆိုးလူမိုက်သုံးယောက်လည်း ခဏအတွင်းမှာပင် လူမိုက်ဇာတ်သိမ်းသွားတော့သည်။

ခဏကြာတော့ ဆရာတော်လည်း လဲပြိုနေရာက သတိရကာ ထလာတော့သည်။

"အင်း ... အနိစ္စ၊ ဒုက္ခ၊ အနတ္တပါကလား"

ဆရာတော်လည်း လူသုံးယောက်ကို အကဲခတ်ကြည့်လိုက်သည်။

"အင်း ... အားလုံး၊ အသက်သေဆုံးနေပြီပဲ"

ဆရာတော်ကျောင်းသို့ ပြန်ကြွသွားသည်။

မနက်မိုးလင်းသည်နှင့် ရွာသို့ ဆွမ်းခံကြွခဲ့သည်။

ဒကာမတစ်ယောက် ဆွမ်းထွက်လောင်းသည်နှင့် ဆရာတော်က ဒကာမအား၊

"ရွာလူကြီးဦးတင်မောင်နဲ့ ဦးတုတ်ကို ဘုန်းကြီးကျောင်းကို အမြန်လာခဲ့ဖို့ ဒကာမက သွားပြောပေးပါ"





"တင်ပါ့ဘုရား ... တပည့်တော် သွားပြောပေးလိုက်ပါ့မယ်"

ဘုန်းတော်ကြီးလည်း ဆွမ်းပြည့်စုံသည်နှင့် ကျောင်းသို့ ပြန်ကြွခဲ့သည်။

မကြာခင် ရွာလူကြီးများ ရောက်လာသည်။

ခရီးရောက်မဆိုက ဆရာတော်က ရွာလူကြီးအား

"သချိုင်းအတွင်းဘက် ဘုန်းကြီးတရားထိုင်တဲ့အနားမှာ ဒကာသုံးယောက် ဘယ်ရွာက ဓါးပြတိုက်၊ လူသတ်လာတယ် မသိဘူး၊ ငြင်းကြခုန်ကြဖြစ်နေတုန်း လေကြီးမိုးကြီးတိုက်လာပြီး သစ်ကိုင်းတွေကျိုး၊ သစ်ကိုင်းပိပြီး သေကုန်ပြီ၊

ဒကာကြီးတို့ လုပ်ဖွယ်ကိစ္စ ဆောင်ရွက်စရာရှိတာ ဆောင်ရွက်ကြပေတော့"

ဒီကိစ္စက ရဲအရေးကိစ္စဖြစ်တဲ့အတွက် အားလုံးအသိပေးပြီး အမြန်ရှင်းလင်းပေးပါ့မယ် ဘုရား။

လူသတ်ဓါးပြတိုက်ခံရသော ရွာမှ လူကြီးများ ရဲများလာရောက်စစ်ဆေးကြသည်။

ထိုညက အနီးပတ်ဝန်းကျင်ရွာများမှာ မိုးရွာ လေမတိုက်သော်လည်း သချိုင်းအတွင်းမှာ သစ်ရွက်တွေ ကြွေ၊ သစ်ကိုင်းကြီးများ ကျိုးကျ



www.burmeseclassic.com

www.burmeseclassic.com



ပြီး လူသေဆုံးသည်အထိ ဖြစ်ပျက်ပုံ ဆန်းလှသည့်အကြောင်း လူတို့ ပြောမဆုံး ဖြစ်နေကြသည်။

ညနေ သုံးနာရီ စစ်ဆေးမှုအားလုံး ပြီးစီးသွားသည့်အတွက် အလောင်းများကို သင်္ချိုင်းအတွင်းမှာပင် မြှုပ်လိုက်ကြသည်။

တိုက်ရာပါပစ္စည်းများလည်း ပြန်ရသွားသည်။

နောက်နေ့ရောက်တော့ ဆရာတော်က အခြားနေရာကို ထွက်သွားတော့မည်ဟု ဆုံးဖြတ်ပြီး ပြင်ဆင်နေသည်။

ထိုအချိန် ကျောင်းသင်္ခန်းအဝမှာ ဆံပင်ဖားလျားချ အမျိုးသမီးတစ်ယောက် ပဆစ်တုပ်ထိုင်ချကာ ဆရာတော်ကို ရှိခိုးလိုက်သည်။ ထို့နောက် ထိုအမျိုးသမီးထံမှ စကားသံ ထွက်လာသည်။

"အရှင်ဘုရား ဘယ်ကို ကြွမှာပါလဲ ဘုရား"

"ဘုန်းကြီးရဲ့ ခရီးက သတ်မှတ်ချက် မရှိဘူး ဒကာမ"

"မကြွပါနဲ့ဘုရား၊ ဒီမှာ တစ်နှစ်ခန့် သီတင်းသုံးစေချင်ပါတယ်။ ရွာသားတွေကလည်း အရှင်ဘုရားကို အားကိုးနေသလို တပည့်တော်တို့ကလည်း အရှင်ဘုရားရှိနေလို့ ဝမ်းမြောက်ဝမ်းသာ ရှိပါသည်ဘုရား၊

အရှင်ဘုရားရဲ့ အမျှဝေသံကြောင့် ကျွတ်ထိုက်သူတွေရှိကလည်း ကျွတ်နိုင်ပါသည်ဘုရား၊





ဒီရပ် ဒီရွာတွေမှာ အမျှဝေသံ၊ တရားသံတွေ ကင်းကွာနေတာ ကြာခဲ့ပါပြီ၊ ဒါကြောင့် ကျွတ်ထိုက်သူရှိက ကျွတ်လွတ်နိုင်ရန် ဆရာတော် ဒီနေရာမှာ နေပေးစေလိုပါသည် ဘုရား၊

နောက်ကို အရှင်ဘုရားကို ဘယ်သူမှ မနှောင့်ယှက်စေရပါဘူး"

"ဘုန်းကြီးရှိနေလို့ အခု လူသုံးယောက် အသက်ပေးဆပ်လိုက်ရ ဘုန်းကြီးအတွက် စိတ်အနှောင့်အယှက်ဖြစ်တယ် ဒကာမ"

"တပည့်တော် ဝန်ခံပါတယ် ဘုရား၊ နောက်နောင် အရှင်ဘုရားကို နှောင့်ယှက်သူ ရှိလာခဲ့ရင် ... ခြောက်လှန့်ရုံကလွဲပြီး လူမသတ်တော့ပါဘူးဘုရား ... အရှင်ဘုရား ရွာသူရွာသားတွေကို သနားသောအားဖြင့် မထွက်သွားပါနဲ့ဘုရား"

"အင်း ... ဒကာမတို့ ဆန္ဒရှိတယ်ဆိုတော့လည်း ဘုန်းကြီး နေပေးရတာပေါ့၊

ဘုန်းကြီး အမျှဝေတဲ့အခါ သာဓုခေါ်ချင်တဲ့သူတွေ ရှိရင်သာ သာဓုခေါ်ပေါ့၊ ဒီမှာ ဘုန်းကြီး ဝါဆိုပေးမယ်၊ လာမယ့်နှစ် ဘုန်းကြီး တစ်နေရာ ကြွမယ်"

"အခုချက်ချင်း မကြွတော့ဘူးဆိုလို့ တပည့်တော် ဝမ်းသာလှပါပြီ ဘုရား"



www.burmeseclassic.com

www.burmeseclassic.com



"တပည့်တော် မဖဲဝါပါ ဘုရား၊ အရှင်ဘုရားကို စောင့်ရှောက်ပေးပါ့မယ် ဘုရား"

ဘုန်းတော်ကြီးကို ဦးချပြီး ပျောက်ကွယ်သွားတော့သည်။

ထိုအချိန်မှစ၍ ဆရာတော်တရားထိုင် တရားဖြတ်ပြီးသည်နှင့် သချိုင်းကို သုံးပတ်မျှ လှည့်ပတ်ကာ မေတ္တာဘာဝနာ ပွားများနေပါတော့သည်။

ရွာသူရွာသားတို့လည်း ဘုန်းတော်ကြီး တရားအားထုတ်ရန် တတ်စွမ်းသည့်ဘက်က ဆွမ်း ကွမ်း ဆေး ကျောင်း ထောက်ပံ့ပြီး နေခဲ့ပါတော့သည်။

❀❀❀❀❀



# ညောင်ကြပ်ပင်ကတစ္ဆေကြီး

ဦးထွန်းဇံတစ်ယောက် ရှားတောရွာကနေ ဆင်ကူးရွာသို့ လှည်းတစ်စီးနှင့် ထွက်ခဲ့သည်။

သူနှင့်အတူ အဖော်အဖြစ် လှည်းမောင်းသူ တူတော်မောင် ဘင်စိုးနှင့် မိတ်ဆွေ ဦးတင်မြတို့လည်း ပါသည်။

ထိုနှစ်ရွာက ဆယ်မိုင်မျှ ဝေးသည်။ ဆင်ကူးရွာနှင့် ရှားတောရွာကြားတွင် အေးရွာ၊ လက်ခုတ်ကုန်းရွာတို့ ရှိသည်။

လက်ခုတ်ကုန်းရွာလွန်လျှင် ဆင်ကူးရွာသို့ ရောက်ပြီဖြစ်သည်။ လက်ခုတ်ကုန်းနှင့် ဆင်ကူးရွာကြားတွင် ညောင်ကြပ်ပင်ကြီးနှင့် ကြာမျိုးစုံပွင့်နေသော သောက်သုံးရေကန်ကြီးတစ်ကန် ရှိနေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုညောင်ကြပ်ပင်ကြီးက ထိုနေရာအနီးတဝိုက်မှာ နာမည်ကြီးလှသည့် အပင်ကြီးဖြစ်သည်။

ညောင်ကြပ်ပင်ကြီးနှင့် လက်ခုတ်ကုန်းရွာက တစ်ဖာလုံသာသာခန့်သာဝေးပြီး ထိုအပင်နှင့် ရွာအကြား ရွာသားတို့ သောက်သုံးရေအဖြစ် အသုံးပြုနေသော ပေနှစ်ရာပတ်လည်ခန့်ရှိ ရေကန်ကြီးက ရှိနေသည်။

ရေက ကြည်လဲ့နေသဖြင့် အချို့က သုံးရေအပြင်၊ သောက်ရေပါ အသုံးပြုကြသည်။

ယခုနောက်ပိုင်း ထိုရေကန်အတွင်း ညနေပိုင်းမှ နေဝင်ချိန်အထိ ရေချိုးရေခပ်သူ မရှိသလောက် ဖြစ်သွားသည်။

ဦးထွန်းဇံတို့ စီးလာသော လှည်းက လက်ခုတ်ကုန်းရွာအတွင်းမှ ထွက်လာပြီး ရေကန်နားသို့ ရောက်လာခဲ့သည်။

ထိုအချိန် လှည်းပေါ်မှာ ပါလာသော ဦးထွန်းဇံ၏ မိတ်ဆွေ ဦးတင်မြကြ စကားစလာသည်။

"အရင်ကဆို ဒီရေကန်ကြီးမှာ မနက်ည ရေခပ်ကြတာ လူပြတ်တယ်လို့ မရှိဘူး၊ အခုနောက်ပိုင်း မနက်ပိုင်းအပြီးခပ်ပြီး ညနေပိုင်း လူအနည်းအကျဉ်းလောက်ပဲ လာခပ်ကြတော့တယ်"

"ဘာဖြစ်လို့လဲ ကိုတင်မြ၊ ရေထဲမှာ တစ်ခုခုတွေ့လို့လား"





"ရေထဲမှာ မဟုတ်ဘူး၊ ဟိုညောင်ကြပ်ပင်ကြီးမှာနေတဲ့ သရဲတစ်ကောင်ကြောင့်ပဲ၊

အဲဒီသရဲက အရင်က သရဲရှိမှန်းတောင် မသိအောင် မခြောက်မလှန့်ဘဲ နေခဲ့တာ၊ ပြီးခဲ့တဲ့နှစ်လလောက်ကမှ ဘာကြောင့်မှန်းမသိဘူး၊ အတော်သောင်းကြမ်းခဲ့တာဆိုပဲ"

"ဘယ်လိုသောင်းကြမ်းခဲ့တာလဲ ကိုတင်မြ သိလား"

"ကျွန်တော်တို့ လက်ခုတ်ကုန်းရွာ ထွက်ကာနီးတော့ ခြံအကျယ် နှစ်ဆောင်ပြိုင်အိမ်ကြီးကို တွေ့ခဲ့လား"

"ဟို ရေနံဂျီးတွေ ဝအောင် သုတ်ထားတဲ့ မည်းနက်ဂနက်တဲ့ အိမ်ကြီးလား"

"ဟုတ်တယ်၊ အဲဒီအိမ်ကြီးမှာ တစ်မိသားစုလုံး သရဲနှိပ်စက်ခြောက်လှန့်တာကို ခံရပြီး သေကုန်လို့ အခု အဲဒီအိမ်ကြီးမှာ လူမနေဝံ့ဘူး၊ မိသားစုတွေလည်း လာမနေရဲကြဘူး"

"အဲဒီသရဲက အခြားအိမ်တွေရော အနှောင့်အယှက်ပေးခြောက်လှန့်ဘူးလား"

"ဘယ်အိမ်ကိုမှ နှောင့်ယှက်တယ် မကြားမိဘူးဗျ၊ အဲဒီအိမ်ကြီးက မိသားစုကိုပဲ မသေမချင်း တစ်ညလုံးနီးပါး ခြောက်လှန့်နေလို့ ကြောက်လန့်ပြီး သေကုန်ကြတာ"



www.burmeseclassic.com

www.burmeseclassic.com



"မိသားစု ဘယ်နှစ်ယောက်ရှိလဲ၊ ကျွန်တော်တောင် စိတ်ဝင်စားသွားပြီ"

"အသက်ငါးဆယ်ကျော် လင်မယားနှစ်ယောက်၊ သမီး အပျိုကြီးတစ်ယောက်၊ မြေးနှစ်ယောက် ပေါင်းငါးယောက် နေကြတယ်၊ အိမ်ထောင်ကျနေတဲ့ သားသမီးသုံးယောက်က အိမ်ခွဲနေကြလို့ ကံကောင်းသွားဟာ၊

မြေးနှစ်ယောက်က သမီးကြီးကမွေးတာ၊ အဖေ်အပျိုကြီးနဲ့ လာနေရင်း ကံဆိုးသွားကြတာ"

"စခြောက်တဲ့ညမှာ အဖိုးကြီး ဆုံးသွားတယ်၊ အဖိုးကြီး လယ်က ညောင်ကြပ်ပင်နားမှာ ရှိတယ်၊ လယ်ကအပြန် ညောင်ကြပ်ပင်အောက် ဝင်နားရင်း ဘာဖြစ်ခဲ့မှန်း မသိဘူး။"အဲဒီညမှာ သူ့ကို ညောင်ကြပ်ပင်က သရဲကြီးလိုက်လာပြီး ခြောက်လှန့်နေတယ်လို့ မိသေခင် ပြောသွားတယ်၊

အဖိုးကြီး ရက်လည်ပြီး ဆွေမျိုးသားချင်းတွေ ကိုယ့်အိမ်ကိုယ်ပြန်သွားကြပြီးနောက် သရဲကြီးရောက်လာပြီး ခြောက်လှန့်တော့တာပဲတဲ့၊

မြေးနှစ်ယောက်က မပြန်သေးဘဲ အပျိုကြီးနှင့် အဖော်အိပ်ပေးရန် နေခဲ့သည့်အတွက် ကံဆိုးစွာ သေဆုံးခဲ့ရတယ်"

စိုးစာပေ



"အဲဒီအကောင်ကြီးက အိမ်ခေါင်မိုးမှာ ဇောက်ထိုးကြီး လုပ်ပြီး၊ လျှာကြီးထုတ်ပြ၊ မျက်လုံးကြီးပြူးပြ၊ အကောင်လိုက်ကြီးကိုပြနေတာတဲ့၊

လူတွေကြားထဲ ခုန်ချ၊ ခန္ဓာကိုယ်ကို အကြီးကြီးလုပ်ပြ၊ ပျောက်သွားလိုက် ပေါ်လာလိုက်နဲ့ အမျိုးမျိုး ခြောက်လှန့်နေတာ၊

ငယ်သံပါအောင် အော်တစ်ပိုယို အကူအညီတောင်းနေကြသေမယ့် ဘယ်သူမှ မသွားရဲကြဘူး။ ကြာတော့ ဘယ်သူ တင်းခံနိုင်မလဲ၊

အိမ်ထဲက အိမ်ပြင်လည်း ထွက်လို့မရအောင် တံခါးတွေကပိတ်နေတယ်ကဲ့၊

မိသားစုလေးယောက်လုံး အသက်ထွက်ကုန်မှ သရဲကြီးပျောက်သွားတယ်တဲ့"

ဦးတင်မြက ညောင်ကြပ်ပင်သရဲကြီးအကြောင်း ရှင်းပြပြီးသာခဲ့ရာ၊ လှည်းက ညောင်ကြပ်ပင်အနီးသို့ ရောက်လာခဲ့သည်။

ညောင်ကြပ်ပင်ကြီးကို အနီးက ကြည့်မှ သက်ကြီးပင်ကြီးတစ်ပင်ဖြစ်ကြောင်း သိရသည်။

အကိုင်းအခက်အလက်များ မရေမတွက်နိုင်အောင် ဖြာထွက်နေသလို အကိုင်းအခက်ပင်စည်များမှ အမြစ်ရှည်များက မြေကြီးသို့



www.burmeseclassic.com

www.burmeseclassic.com



တိုင် တိုးဝင်ပေါက်ရောက်နေသည်။

မြစ်ပျဉ်းကြီးများက ပင်စည်ကို ပိုမိုကြီးသယောင် ဖြစ်စေရသည်။

လေးဘက်လေးတန် အကိုင်းအခက်များမှ မြေသို့ကိုင်းအမြစ်လက်တံများက ထိုးဖောက်ဝင်ရောက်နေသည်။

ထိုအပင်မျိုးမှာ ငှိမ်ကပ်နေထိုင်ကြသော နာနာဘာဝများကလည်း နှစ်ချို့အကောင်ကြီးများသာ ဖြစ်နိုင်သည်။

သစ်ပင်ကြီးများမှာ သရဲတစ္ဆေများ မှီခိုနေထိုင်တတ်ကြပါသည်။ သရဲတိုင်း မခြောက်မလှန့်ကြပါ။

အချို့သော သရဲအနည်းငယ်မျှကသာ ခြောက်လှန့်အမှုပြုတတ်ကြသည်။

ထိုအထဲမှ ညောင်ကြပ်ပင်ကြီးမှာနေသော သရဲတစ်ကောင်ကလူတွေသေလောက်တဲ့အထိ အနှောင့်အယှက်ပေး ခြောက်လှန့်ကြောင်း ဦးထွန်းဇံ သိလိုက်ရသည်။

လှည်းက ညောင်ကြပ်ပင်ကို ကျော်လွန်သွားသည်။ ညောင်ကြပ်ပင်ကို အဓိပ္ပာယ်ရှိရှိ ကြည့်မိသော ဦးထွန်းဇံ ထူးခြားချက်တို့သိလိုက်သည်။

"ဒီအပင်မှာ ကြမ်းတမ်းခြောက်လှန့်တဲ့ သရဲ မရှိတော့ဘူး





ဦးတင်မြ ခရီးလွန်နေတာဖြစ်မယ်"

"အစ်ကိုကြီး အဲဒီသရဲနဲ့တွေ့ရင် နိုင်ပါ့မလား"

"သူတို့က ရန်ပြုလာရင် ကိုယ်က မေတ္တာနဲ့ ပြန်ခုခံရမှာပဲ၊ ကိုယ်ကို ရန်ခြင်း မတုံ့နှင်းချင်ပါဘူး"

"အခု ကျွန်တော်တို့ သွားရမှာကလဲ သရဲပူးကပ်နေတဲ့ မိန်းကလေးတစ်ယောက်အိမ်ကို သွားကြမှာ"

ဦးတင်မြက ဆက်ပြောပြသည်။

"အခု … အဲဒီ မိန်းကလေးကို ဆရာမျိုးစုံ ပင့်ပြီး ကုသနေတာ မပျောက်တဲ့အပြင် လာကုသပေးတဲ့ အချို့ဆရာတွေ တစ်ချိုးတည်း ပြန်ပြေးကြသလို၊

ဆရာတစ်ယောက်ကဆို လှေကားပေါ်က အကန်ချခံလိုက်ရလို့ လက်ကျိုးသွားရတယ်၊

လူနာရှင်က ဆေးဖိုးအလျော်ပေးလိုက်ရသေးတယ်၊ အတော်ဆိုးတော့ ကြမ်းတယ်၊

အခုဆို အဲဒီမိန်းကလေး ရောဂါဖြစ်နေတာ တစ်လရှိနေပြီ၊ စားအသောက်ကတော့ အသား၊ ငါးမျိုးစုံ ချက်ကျွေးရတယ်။ ဟင်းရိုးဟင်း လုံးဝ ကျွေးလို့ မရဘူး၊

အဲဒီ ဟင်းတစ်မျိုးမျိုးကို တစ်နပ်စား ငါးဆယ်သားချက်



www.burmeseclassic.com

www.burmeseclassic.com



လောက် ကျွေးနေရတယ်လို့ ကြားတယ်၊

ကျွန်တော့်အထင် ဦးစိုးမောင်သမီးမှာ ပူးကပ်နေတဲ့ သရဲဟာ ညောင်ကြပ်ပင်က သရဲကြီးများ ဖြစ်နေမလား”

“ဘာကြောင့် ထင်ရတာလဲ၊ အောက်လမ်းကို စုန်းတို့၊ ကျ... ပြုစားတာရော မဖြစ်နိုင်ဘူးလား”

“လာပြုစားတာ ကျွန်တော် မြင်ဖူးတယ်၊ ဒီမိန်းကလေးလောက် မကြမ်းဘူး၊ အမြဲအော်ဟစ် ခုန်ပေါက်နေလို့ ထမိတောင် ကြိုးနဲ့ ချီထားရတယ်တဲ့၊

အစားအသောက်ကလည်း အမဲကလီစာ၊ ဝက်ကလီစာ၊ ငါး... အကောင်ကြီးမှ ထူးဆန်းမနေဘူးလား”

“ဘယ်လို ဖြစ်တာလဲ ကိုတင်မြသိလား”

“ဖြစ်ပုံက လက်ခုတ်ကုန်းက အပြန်၊ ရေကန်နားလည်း ရောက်ရော ရေကန်အစပ်ကိုဆင်းပြီး ကြာပန်းသုံးလေးပွင့်လောက် ခူးခဲ့တယ်တဲ့၊

အိမ်လည်း ပြန်ရောက်ရော၊ ရုတ်တရက် မူးမေ့လဲကျသွားပြီး သတိလည်းရရော အရူးတစ်ယောက်လို့ အော်ဟစ်ခုန်ပေါက်နေတော့ တာပဲတဲ့”

မကြာခင်မှာပဲ သူတို့၏လှည်းက ဆင်ကူးရွာသို့ ဝင်လာခဲ့ သည်။

ရွာအဝင်မှ သိပ်မဝင်လိုက်ရ၊ ဦးစိုးမောင်အိမ်သို့ ရောက်လာခဲ့သည်။

ဦးစိုးမောင်က အိမ်အောက်ဆင်းပြီး ပျူငှာစွာ ကြိုဆိုခဲ့သည်။ ဦးတင်မြက မိတ်ဆက်ပေးသည်။

“ကိုစိုးမောင် ကျွန်တော်ပြောတဲ့ ဆရာဦးထွန်းဇံဆိုတာပဲ”

“ကြွပါ ဆရာအိမ်ပေါ်ကို တစ်ခါတည်းသာကြွပါ”

ဦးထွန်းဇံလည်း ခေါင်းရင်းဘက်မှာ ထိုင်လိုက်ပြီး ဝန်းကျင်ကို အကဲခတ်လိုက်သည်။

မိသားစု များများစားစား မတွေ့ရ။

ဦးထွန်းဇံက ဦးစိုးမောင်အား သိလိုသမျှ မေးလိုက်သည်။

“လူနာမိန်းကလေးက ဘယ်မှာလဲ”

“အိမ်ထဲမှာပါ ဆရာ၊ သမီးက တစ်နေ့တခြား ပိုပြီး ကြမ်းလာတယ် ဆရာနိုင်ပါ့မလား”

“ဆရာ နိုင်မနိုင်ဆိုတာကတော့ စောင့်ပြီးတော့ ကြည့်ပေါ့ဗျာ၊ ဆရာကတော့ ကြိုးကုတ်ရိုက်တာတို့ ဘာတို့ လုပ်မှာ မဟုတ်ဘူး၊ ဘာဆေးမှလည်း မတိုက်ဘူး၊

မေတ္တာလက်နက်နဲ့ ကုမှာ”







www.burmeseclassic.com

www.burmeseclassic.com



မြန်း ... မြန်း ... မြန်း ... ဝုန်း

အခန်းတွင်းမှ ခုန်ပေါက်သံ ထွက်လာသည်။

"ဟော့ကောင် ဆရာစုတ် မင်းက ငါ့ကို ဘာထင်လို့လဲ ... မင်းနိုင်မယ်ထင်ရင် စမ်းလိုက်လေ ... မင်းသေချင်လို့ ရောက်လာတာလား ... ဟား ... ဟား ... ဟား"

"ဆရာ ... ကြားတယ် မဟုတ်လား၊ အပြင်က ဆရာရောက်တာ သူသိတယ်၊ ဆရာ ဘယ်လိုလုပ်မလဲ".

"ကျုပ် ကုမှာက ဘုရားကူ ကုမှာပါ၊ ဒါကြောင့် ရတနာသုံးပါးဦးခိုက်တဲ့အနေနဲ့ ပွဲသုံးပွဲ အမြန်ဆုံး ပြင်ချင်တယ်၊ ငှက်ပျော၊ အုန်း အလွယ်ရနိုင်မလား"

"ခဏပဲစောင့်ပါဆရာ၊ ငှက်ပျောနှိုင်ရော အုန်းသီးတွေ အလွယ်ရနိုင်ပါတယ်"

"ကဲ ဒါဆိုလည်း စီစဉ်လိုက်ပါ၊ အောင်သပြေလည်း နည်းနည်း ခူးခဲ့ပါ"

နာရီဝက်သာသာခန့် ကြာတော့၊ အားလုံး အဆင်သင့် ဖြစ်သွားပြီ။

ဆရာဦးထွန်းဇံက ပွဲများကို ကိုယ်တိုင်ပြင်ဆင်နေရင်း ဦးစိုးမောင်တို့ လင်မယားအား ရှင်းပြနေသည်။





"ဆရာအနေနဲ့ အထက်လမ်းအကျင့်ကို အထက်လမ်းဆရာကြီးတွေရဲ့ နည်းနာနိဿယ ခံယူပြီး၊ ကျင့်ကြံခဲ့တာ အဓိဋ္ဌာန်တွေလည်း အဆင့်ဆင့် ဆက်ဝင်ခဲ့တာကြောင့် ဆရာသွားလေရာကို ဆေးကြိမ်လုံး၊ ဆေးလွယ်အိတ် ဆောင်ယူမသွားပါဘူး၊

ဒါကြောင့် အခု ပူးကပ်နေတဲ့ တစ္ဆေကောင်ကို ဆရာမေတ္တာနဲ့ပဲ ဖယ်ထုတ်ပေးမှာပါ စိတ်မပူကြပါနဲ့."

ဆရာက လူနာရှင်စိတ်ထဲ ယုံကြည်မှု အားကိုးမှုရှိစေရန် အနည်းအကျဉ်း ရှင်းပြလိုက်သည်။

ပွဲများကို ပြင်ဆင်ပြီးသည်နှင့် ဖယောင်းတိုင်များ မီးပူဇော်လိုက်သည်။ သောက်တော်ရေခွက်များကို ရေဖြည့်ပြီး ဆက်ကပ်လိုက်သည်။

"ကဲ ... ရေမန်းလုပ်ဖို့ ဖလားတစ်ခွက်နဲ့ သောက်ရေတစ်ခွက် ခပ်ပေးပါ"

အားလုံး စုံသည်နှင့် ပွဲများကို ဆက်ကပ်လိုက်သည်။

ဝုန်း ... ဝုန်း ... မြန်း ... မြန်း

ဟား ... ဟား ... ဟား

"ဟော့ ဆရာစုတ် မင်းအခု မပြန်သေးဘူးလား"

ထိုအခါ ဆရာက ဘာမှ မပြောဘဲ၊ ဘုရားစင်ရှေ့မှာ ထိုင်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ဘုရား တရား သံဃာ ရတနာသုံးပါးနှင့်တကွ ပူဇော်ရှိခိုးသင့်သည့် အမှုကို ပြုမူနေသည်။

အထက်ဆရာကြီးများနှင့်တကွ တောစောင့်နတ်၊ တောင်စောင့်နတ်၊ မြို့စောင့်နတ်များ၊ တောပိုင် တောင်ပိုင် နယ်ပိုင်များကိုလည်း မေတ္တာပို့လိုက်သည်။

ထို့နောက် ရေမန်းရန် ခပ်ခိုင်းထားသော ရေဖလားကိုယူ၍ ရွတ်ဖတ်မန်းမှုတ်နေတော့သည်။

ဆယ်မိနစ်ခန့်မျှကြာအောင် ပါးစပ်လှုပ်ရှိသာ ရွတ်ဖတ်နေသည်။

ထို့နောက် ရေမန်းခွက်ကို ကိုင်လိုက်ပြီး ...

“ကဲ အခန်းထဲက လူမမာမိန်းကလေးကို သူ့အဖေနဲ့ အဒမက တာဝန်ယူပြီး သွားခေါ်ခဲ့ပါ”

“ငါ့ဆီ ဘယ်သူမှ မလာနဲ့၊ အားလုံး ထွက်သွားကြ၊ ဝင်လာတဲ့လူ မသာပေါ်သွားမယ်”

ဝုန်း ... ဝုန်း ... ဖြုန်း

အထဲမှ ဆူညံသောအသံများကြောင့် ခုန်ပေါက်အော်ဟစ်နေမှန်း သိလိုက်ကြသည်။

ဘယ်လိုမှ ခေါ်ထုတ်ရန် မဖြစ်သလို၊ မိဘများကလည်း အခန်းထဲသို့ မဝင်ဝံ့ကြ။





ဆရာလည်း ရေမန်းကိုင်ကာ အခန်းဝမှာ သွား၍ ရပ်လိုက်ပြီး

“လာ အပြင်ထွက်ခဲ့”

ဆရာဦးထွန်းဇံကို အခန်းဝမှာရပ်လျက် မြင်တွေ့လိုက်သည်နှင့် လက်သီးလက်မောင်းတန်းကာ အော်ဟစ်ခုန်ပေါက်နေတော့သည်။

“မထွက်ဘူးကွ၊ မင်းက ဘယ်လောက်အစွမ်းထက်လို့ ဒီကို လာပြီး ထွက်သွားခိုင်းနေရတာလဲ”

“ငါကတော့ အစွမ်းထက်ချင်မှ ထက်မယ်၊ ဒါပေမဲ့ ... ဒီလက်ထဲက ရေမန်းကတော့ ... ဘုရားရှင်ရဲ့ နှုတ်ကပတ်တော်တွေ ပြည့်နေတဲ့ ရေမန်းပဲ၊ နည်းနည်းလောက် မြည်းစမ်းကြည့်ဖို့တော့ လိုမယ်ထင်တယ်”

“သွား ... သွား ... ယူသွား ... အနားမလာနဲ့”

ထိုသို့ အသံကုန် ပြန်အော်ပြီး မျက်နှာလွှဲနေသည်။

ထိုအခါ ဦးထွန်းဇံက ရေမန်းခွက်အတွင်း လက်ချောင်းများ နှစ်ပြီး လူမမာမိန်းကလေးအား ထိရန် ရေမန်းများဖြင့် ဖျန်း တောက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အား ပူတယ် … ပူတယ် … မလုပ်နဲ့"

မိန်းကလေးလည်း ရေမန်းစက်များ ထိသွားသည်နှင့် တစ်ကိုယ်လုံး တုန်တုန်ရီရီဖြစ်လာကာ ရပ်နေက လဲပြိုကျသွားသည်။

ကောင်းဇံလည်း အခန်းတွင်း မဝင်ဘဲ အခန်းဝမှပင်ရပ်၍ ခန်းတွင်း အနှံ့သို့ ရေမန်းများဖြင့် တောက်သွင်းလိုက်သည်။

ထိုအခါ အကောင်ကို မမြင်ရဘဲ၊ ကြောက်မက်ဖွယ်ရာ ဘုံကြီးအော်ဟစ်ပြီး ဝုန်းခနဲ ပြတင်းပေါက်ပွင့်သွားကာ သရဲကြီး ခုန်ချ ထွက်ပြေးပါတော့သည်။

အိမ်ပေါ်မှ အောက်သို့ သရဲကြီး ခုန်ချလိုက်သဖြင့် အိမ်ကြီးပင် သိမ့်ခနဲ ဖြစ်သွားသည်။

ထို့နောက် ရွာတွင်းမှနေ၍ ဖုန်တထောင်းထောင်းထအောင် လှည်းလမ်းကြောင်းအတိုင်း သရဲကြီး ပြေးထွက်သွားပါတော့သည်။

ဦးကောင်းဇံလည်း ဘုရားစင်ရှေ့ သွားထိုင်နေလိုက်သည်။

"ကဲ … အခန်းထဲက မိန်းကလေးကို သွားခေါ်လို့ရပါပြီ"

မိခင်နှင့် အမျိုးသမီးတစ်ယောက်က လဲနေသော မိန်းကလေးကို တွဲပြီး ခေါ်လာသည်။

သတိမရသေးသဖြင့် မိန်းကလေး ပါးစပ်အတွင်းသို့ ရေမန်းကို တစ်စက်ချင်း ချပေးစေသည်။





ခဏမကြာခင်မှာပင် မိန်းကလေး ငြိမ်ငြိမ်ဖြူဖြူနှင့် သတိရလာသည်။

လူကြီးများ၏ အိုးရိမ်ပိုသော မျက်နှာများ ပြုံးယောင်သမ်းလာသည်။

သတိရလာသော မိန်းကလေးလည်း အားယူပြီး ထထိုင်လိုက်သည်။

ထို့နောက် ဦးစိုးမောင်က ဦးထွန်းဇံအား သမီးကို ကု ပေးသော ဆရာဖြစ်ကြောင်း ပြသပြီး ဆရာကြီးအား ကန်တော့ခိုင်းသည်။

ဦးစိုးမောင်တို့ လင်မယားလည်း ဆရာအား ကျေးဇူးတင်လွန်းသည့်အကြောင်း ဆရာပေးတဲ့အသက်သာရှိတော့ကြောင်း ရှင်းပြသည်။

ဦးစိုးမောင်လည်း ဆရာဦးထွန်းဇံအား ပိုက်ဆံအတော်များများ ထုတ်ပြီး ဆေးကုသခအဖြစ်ပေးရာ ဆရာကြီးက အားလုံးပြန်ပေးပြီး ဘာသာရေးကုသိုလ်ပြုရာမှာ ထည့်လှူလိုက်ပါဟု ပြောလိုက်သည်။

ဆရာက အဓိဋ္ဌာန်စခန်းဝင်နေသည့်အတွက် ငွေမလိုကြောင်းသည်း ပြောပြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးစိုးမောင်က သူ၏သမီး ကျန်းမာရေး စိတ်ချလက်ချဖြစ်ရန် တစ်ညခန့်မျှ စောင့်ကြည့်ပေးပါဟု တောင်းပန်လာသဖြင့် ညအိပ် ညနေ နေပေးကာ ချည်မန်းကြိုးများ အဆောင်လက်ဖွဲ့များ စီရင်ပေးခဲ့သည်။

ထို့နောက် မနက်ငါးနာရီ ကောက်ညှင်းပေါင်း ရေနွေးကြမ်းနှင့် အစာပြေ စိုက်ဖြည့်ပြီး လှည်းနှင့် ရှားတောရွာသို့ ပြန်လာခဲ့တော့သည်။

❀❀❀❀❀



# သိုက်သို့ အလည်သွားမလား

ကိုတင်လှတစ်ယောက် ချောင်းရင်းရွာ၊ ရိုးလေးပိုင်းရပ်ကွက်မှာနေသည်။ သူနေသော အိမ်က ရပ်ကွက်အစွန်ဖြစ်ပြီး ရွာ၏အစွန်တော့မဟုတ်။

ချောင်းရင်းရွာကြီးက အိမ်ခြေနှစ်ထောင်ကျော် ရွာကြီးဖြစ်သဖြင့် ရပ်ကွက်ကလည်း များလှသည်။

ကိုတင်လှနေသည်က ရိုးလေးပိုင်းရပ်ကွက်အစွန် ကိုးနဝင်းရပ်ကွက်အစ ဖြစ်သည်။

ထိုရပ်ကွက်နှစ်ခုကို ပေနှစ်ရာအကျယ် ပေသုံးရာခန့်အရှည်ရှိသော ကွင်းကြီးက ခြားနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုရပ်ကွက်နှစ်ခုကြား ကွင်းအတွင်း၌ ဇောဓိညောင်ပင်ကြီးတစ်ပင်၊ လေးဆယ့်ငါးတောင်အမြင့် ညာဏ်တော်ရှိ ထုံးဖြူဖြူ စေတီတစ်ဆူ၊ နတ်ကွန်းတစ်ခုတို့ ရှိနေသည်။

တစ်နှစ်တစ်ခါ ရွာတော်ရှင် နတ်ကန္နားကို ထိုနတ်စင်မှာ ပေးသည်။

ကိုတင်လှတစ်ယောက် အားသည့်နေ့ အလုပ်မရှိသည့်နေ့ ဆိုလျှင် ထိုစေတီပစ္စယံပေါ် သွားထိုင်ပြီး စာဖတ်လေ့ရှိသည်။

ရပ်ကွက်အတွင်း သွားလာကြသော လူသွားလမ်းနှင့် အနည်းငယ်လှမ်းသဖြင့် အေးအေးဆေးဆေး စာဖတ်နိုင်သည်။

တစ်ရက် စာထိုင်ဖတ်နေစဉ် အနီးသို့ သူ့ထက် နှစ်နှစ်ခန့်ငယ်မည့် အသက်ဆယ့်ရှစ်နှစ်ခန့်ရှိ မိန်းမချောလေးတစ်ယောက် ရောက်လာသည်။

"အစ်ကို ဒီမှာ ထိုင်နေတာ အတော်ကြာပြီလား"

"အင်း ကြာပြီ"

"ဒါဆို ... ဒီနားက ကျွန်မမောင်လေး ဖြတ်သွားတာ မမြင်လိုက်ဘူးလား"

"မမြင်လိုက်ဘူး၊ တစ်ခုတော့ရှိတယ်။ အစ်ကိုစာအုပ်မှာ စိတ်ဝင်စားနေတုန်း ဖြတ်များသွားလားတော့ မသိဘူး၊





ညီမမောင်လေးက ဘယ်အရွယ်လဲ"

"အသက် ဆယ့်ငါးနှစ် ရှိပါပြီ၊ လူရွယ်လေးတစ်ယောက်ပါ"

"ဟာ မတွေ့ဘူး၊ အစ်ကိုက ကလေးတစ်ယောက်ထင်လို့"

"သူက ဒီရွာက မိန်းကလေးတစ်ယောက်ကို စိတ်ဝင်စားပြီး ...ကြီးတွေ တားတဲ့ကြားက ပျောက်ပျောက်သွားတာ၊ ဒါဖြင့် ကျွန်မ ပြန်တော့မယ်"

"မင်းရဲ့မောင်လေးကို လိုက်မရှာတော့ဘူးလား"

"ရှာမနေတော့ပါဘူး၊ ကျွန်မတို့က နေရာအနှံ့ လျှောက်...းလို့ ရတာမဟုတ်ဘူးလေ ... အချိန်တန်လို့ ပြန်လာရင် ...ကြီးတွေ ဆူလိမ့်မယ် ကျွန်မသွားပြီ"

ကိုတင်လှ ထိုင်နေရာနောက်ကျောဘက်သို့ လှည့်ထွက်...းသည်။

ကိုတင်လှလည်း အမှတ်တမဲ့ ထိုင်နေရာက ဘယ်သွားလဲ...ချင်သဖြင့် ပစ္စယံပေါ်မှ လှည့်ပတ်ပြီး ကြည့်သည်။ စေတီ...ာက်ဘက် ပေငါးဆယ်ခန့်အကွာ ရပ်ကွက်စည်းရိုးရှိသည်။ ...မှ နောက်ဘက်မှာ စပါးစိုက်သော လူတစ်ဦးဓားပိုင် ငါးဧက...န့်ရှိ လယ်ကွက်ကွင်းတစ်ခု ရှိသည်။

မြင်နိုင်သမျှကြည့်ရာ ဖြတ်သွားဖြတ်လာ မည်သူတစ်ဦးမျှ မတွေ့



www.burmeseclassic.com

www.burmeseclassic.com



တော့၊ ကိုတင်လှ ခေါင်းစားသွားသည်။

ထိုလယ်ကွက်က ဦးရွှေနိုင် လယ်ကွက်ဖြစ်သည်။ ဘုရားကြီး တောင်ပိုင်း၊ ဘုရားကြီးကွက်သစ်ရပ်ကွက်များသို့ ကိုးနဝင်း၊ မြို့ လေးပိုင်း၊ သာသနာပြု ရပ်ကွက်များမှ သွားလိုလျှင် နွေရောက်၍ စပါးသိမ်းပြီးပါက ဦးရွှေနိုင် လယ်ကွက်ကိုဖြတ်၍ တစ်ရပ်ကွက်နှင့် တစ်ရပ်ကွက် ဖြတ်သွားဖြတ်လာရာ လမ်းဖြစ်သည်။

မိုးအခါဆိုလျှင် ရွာလယ်လမ်းမကြီးအတိုင်းသာ သွားရ၍ရသည်။

"တင် ... မိန်းကလေး ဘယ်ဘက်ထွက်သွားလဲ မသိဘူး ဟိုဘက်သည်ဘက်မှာ အပိတ်ကာထားတဲ့ ခြံတွေပဲရှိတယ်၊ လယ် ဆိုလို့ ဘုရားကြီးကွက်သစ်ဘက် ထွက်တဲ့လမ်းပဲ ရှိတယ်။ ဘယ် မှလည်း သွားနေတာ မတွေ့ဘူး၊ လူမှ ဟုတ်ရဲ့လား"

ကိုတင်လှတစ်ယောက် စေတီတစ်ပတ် ပစ္စယံအထက် ပတ်ပြီးကြည့်ကာ စိတ်ထဲမကျေမနပ်နှင့်ပင် စာထိုင်ဖတ်နေလိုက် တော့သည်။

× × × × ×

နောက်နေ့ညနေ သုံးနာရီခန့် ထိုစေတီသို့သွားပြီး စာဖတ် နေလိုက်သည်။

လေးနာရီခန့်မှာ ကိုတင်လှ စာဖတ်နေရာမှ နောက်ဘက်





ချသံကြားသဖြင့် လှည့်ကြည့်လိုက်ရာ မနေ့က မိန်းကလေးကို နီနုရောင်ဖက်ရှင်လေးနှင့် တွေ့လိုက်သည်။

သိပ်လှတာပဲဟု နှုတ်က မထွက်ဘဲ စိတ်ထဲက ပြောလိုက် သည်။

"ဒီနေ့ရော ဘယ်သူ့ ထွက်ရှာတာလဲ"

"ဒီနေ့တော့ ဘယ်သူ့မှ မရှာပါဘူး"

"ညီမရဲ့မောင်လေး မနေ့က ဘယ်အချိန်ပြန်ရောက်လဲ"

"ညီမပြန်ရောက်တော့ သူက ရောက်နှင့်နေပြီလေ၊ ဒီတော့ သူ့အဆူခံ လွတ်သွားတာပေါ့"

"အဲ့နဲ့ ညီမတို့က ဘယ်မှာ နေတာလဲ"

"ဒီနားမှာပါပဲ"

"တစ်ခါမှ မမြင်ဖူးပါဘူး၊ ညည့်သည်တွေလို့ အစ်ကိုက ထင်တာ"

"အစ်ကို မသိလို့ပါ၊ ညီမတို့က ဒီရွာမှာပဲ နေတာပါ"

ကိုတင်လှက ဘာမှ ဆေးက မတက်တော့ဘဲ ငြိမ်နေရာမှ

"ညီမ ဒီနေရာကို မကြာမကြာ လာပါလား"

"ဘာဖြစ်လို့လဲ"

"ညီမကို ခင်ချင်လို့၊ မနေ့က ညီမပြန်သွားပြီးမှ ညီမ



www.burmeseclassic.com

www.burmeseclassic.com



နာမည်နဲ့ နေရာ မမေးလိုက်ရလို့ လိုက်ပတ်ပြီး ရှာနေသေးတယ် အခု ညီမနာမည် သိချင်တယ် ပြောပြပါလား"

"နာမည်သိတော့ရော ... ဘာလုပ်မှာလဲ"

"ခင်ချင်လို့ပါ၊ နာမည်သိထားတော့ တစ်ယောက်နဲ့တစ်ယောက် ဘယ်မှာတွေ့တွေ့ ခေါ်လို့ ပြောလို့ လွယ်တာပေါ့"

အစ်ကိုနာမည်က တင်လှပါ၊ အစ်ကို ညီမကို တကယ် ခင်ချင်တာပါ"

"ညီမကို ခင်လို့ အစ်ကို့အတွက် ဘာမှ ထူးခြားလာမှာ မဟုတ်ဘူး၊ ညီမတို့ဘဝက မလွတ်လပ်ဘူးအစ်ကို"

"ဒါပေမဲ့ အခု အပြင်ထွက်လို့ ရတာပဲ မဟုတ်လား"

"ရတော့ ရတာပေါ့၊ ဒါပေမဲ့ အချိန် အပိုင်းအခြားနဲ့ ခွင့်ပြုချက်ရမှ ထွက်ရတာ၊ ဟော ... စကားပြောလို့ ကောင်းပါတယ် ဟိုမှာ လူတစ်ယောက် လာနေပြီ၊ ကျွန်မသွားမယ်"

"မင်းနာမည် ပြောသွားဦးလေ"

"မနက်ဖြန် လာခဲ့မယ်၊ အဲဒီကျမှပဲ ပြောတော့မယ်"

မိန်းကလေးက ကိုတင်လှအနီးက အမြန်ထွက်သွားသည်။

ထိုစဉ်ဘုရားကြီးတောင်ပိုင်းမှ ကျော်ကြီး၊ နွားရိုက်ကြိမ်လုံး တစ်လုံးကိုင်၍ ရောက်လာသည်။





"တော့ကောင်တင်လှ၊ စာအုပ်တစ်အုပ်နဲ့ ဘာလုပ်နေတာလဲ၊ မင်းအားရင် အိမ်လိုက်ခဲ့ပါလား"

"မလိုက်သေးပါဘူးကွာ၊ ရှားလော့တုန်း ဘာသာပြန်စာအုပ် မပြီးသေးလို့ ဖတ်နေတာ၊ မနက်ဖြန်ပေးရတော့မှာ"

"ကျော်ကြီး မင်းကို ဝါမေးစရာရှိတယ်၊ စောစောက မင်း ဒီဘက်ဝင်လာတော့ ငါနဲ့ စကားပြောနေတဲ့ မိန်းကလေးကို မင်း မြင်လိုက်လား"

"ဟာ ... သောက်ပေါ ကြောင် ငါအဝေးကြီးကတည်းက မင်းကို မြင်တယ်၊ မင်းတစ်ယောက်တည်း ထိုင်နေတာ၊ ဘယ်က မင်းအနားမှာ မိန်းကလေးရှိနေရပြန်တာလဲ"

"ဟာ ငါညာတာ မဟုတ်ဘူး၊ တကယ်ရှိနေတာ"

"မင်းက စာဖတ်ပြီး စိတ်ကူးယဉ်နေတာ မဟုတ်လား"

"မဟုတ်ရပါဘူးကွာ၊ မင်းအခု ဘယ်က ပြန်လာတာလဲ"

"ကိုလွန်းမောင်တို့ရဲ့ ဟာလာဂက်မှာ စပါးကြိတ်မလို့ သွားတာ၊ ညဘက်မှ ငါ့အလှည့် ရောက်မယ်ဆိုတာနဲ့ အိမ် ခဏပြန်လာတာ"

"မင်းမလိုက်ဘူးဆိုလည်း ငါသွားတော့မယ်"

"အေး ... နောက်မှ လာခဲ့မယ်ကွာ"



www.burmeseclassic.com

www.burmeseclassic.com



ကျော်ကြီးထွက်သွားတော့ တင်လှ စဉ်းစားလိုက်သည်။ စောစောက အနီးမှာ စကားလာပြောသော မိန်းကလေးကို သူ မမြင်ရဟုဆိုသည် ဘာကြောင့်လည်း စဉ်းစားလို့မရ။

စိတ်ထဲမှာ သို့လော သို့လောနှင့် ဝေခွဲမရစွာဖြင့် အိမ်သို့ ပြန်ခဲ့သည်။

× × × × ×

တပို့တွဲလပြည့်နေ့ လက တလောကလုံးကို ထိန်လင်းစွာ သာနေသည်။

တင်လှ ည ခုနစ်နာရီခန့် ဖယောင်းတိုင်ကိုးတိုင် ပုတီးစိပ် တစ်ကုံးနှင့် စေတီသို့ ထွက်ခဲ့သည်။

စေတီက မြေကိုက်စေတီ၊ ရပ်ပြင်မရှိ၊ စေတီပထမပစ္စယံမှာသာ မှန်လေးမှန်နှင့် ဘုရားလေးဆူရှိသည်။

ဘုရားဖူးချင်သူများ မိန်းမများက မြေပေါ်မှသာ ဖူးရသည်။ လူကြီးများကလည်း မြေပေါ်မှသာ ဖူးရသည်။

ယောက်ျားလေးများက ပထမပစ္စယံပေါ်တက်၍ လှည့်ပတ်ပြီး ဖူးကြသည်။ စေတီရံလေးဆူရှိသည်။

ရာသီဥတုသာယာသဖြင့် အိမ်နှင့်လည်း မဝေးသောကြောင့် ပုတီးစိပ်ရန် စေတီသို့ ထွက်ခဲ့ခြင်းဖြစ်သည်။





ပထမပစ္စယံရှိ အရှေ့ဘက်မှန်ပေါက်က ဘုရားမှာ ဆီမီး ကိုးတိုင်လုံး ထွန်းလိုက်ပြီး ဂူအတ်တော်တိုးပါး ပုတီးကိုးပတ် စိပ်နေလိုက်သည်။

ပုတီးကိုးပတ်ပြည့်ကာနီးသည့်အချိန် ပန်းရနံ့လိုလို မွှေးရနံ့ လိုလို ရလိုက်သည်။

ထိုအချိန် ပုတီးကိုးပတ်ကလည်း ပြည့်ပြီး အမျှဝေ သာဓု ခေါ်ပြီး ဘုရားကို ဦးချလိုက်သည်။

ထို့နောက် အသာအယာ ဘေးဘီသို့ လှည့်ကြည့်လိုက် သည်။

"တင်"

မြေပြင်ပေါ်မှ စေတီကို ပုဆစ်တုပ်ထိုင်ကာ ရှိခိုးနေသော ပဟောင်ဆွဲဆန်သည့် မိန်းကလေးအား တွေ့လိုက်ရသည်။

"တင် ... အိပ်လှတာပဲ"

ပထမပစ္စယံပေါ်က မြေပြင်သို့ ဆင်းခဲ့ပြီး ပါးစပ်က အသံ ထွက်သွားသည်။

မိန်းကလေးက ဘုရားကို ဦးချလိုက်ပြီး ထရပ်လိုက်သည်။

"ဒီည ဝိုင်းဝိုင်းစက်စက် လမင်းကြီးနဲ့ အပြိုင်လှနေတော့ တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အို ... အစ်ကိုလည်း မြောက်နေပြန်ပြီ"

"တကယ်ပါ ခါတိုင်းမြင်တာထက်ကို ပိုလှတယ်"

"ကဲ ... ဒီတစ်ခါတော့ တွေ့တွေ့ချင်း အရင်ဆုံး နာမည် မေးထားရမယ် ... မပြောဘဲ ပြန်သွားမှာ စိုးလို့"

"ညီမနာမည်က ခင်နန်းမူပါ"

"ခါတိုင်း ညဘက်မလာပါဘူး၊ အခု လပြည့်ညမို့ လာတာ လား"

"အမှန် ပြောရမလား"

"ပြောပါ"

"ဟောဒီ ခင်နန်းမူကို ထပ်များ တွေ့ရဦးမလားဆိုပြီး ပုတီးလည်းစိပ်ရင်း လာခဲ့တာပါ"

"ဘာဖြစ်လို့ တွေ့ချင်ရတာလဲ"

"ဘာဖြစ်ရမှာလဲ အမှန်ပြောရရင် ပထမစတွေ့ကတည်းက ခင်နန်းမူကို စိတ်ဝင်စားခဲ့တာ၊ နေ့တိုင်းမြင်ချင်လို့၊ အခု လပြည့် ညမှာများ ရောက်လာမလားဆိုပြီး မျှော်လင့်စိတ်နဲ့ လာခဲ့တာ"

"နန်းကိုတော့ တွေ့လို့ ရပါတယ်၊

ဒါပေမဲ့ တွေ့ချင်တိုင်းတော့ တွေ့လို့ မရဘူး"

"နန်းတို့က ဘယ်မှာနေတယ်ဆိုတာလဲ ပြောဦးမှပေါ့၊ ဒါမှ





အစ်ကို နန်းဆီလာလည်လို့ရမှာ"

"နန်းတို့က အစ်ကိုထင်သလို လူမဟုတ်ဘူး"

"လူမဟုတ်ရင် ဘာလဲတင်"

"သိုက်နန်းရှင်ပါ၊ သိုက်က အလွန်ကြီးတဲ့ သိုက်တော့ မဟုတ်ဘူး၊ နောင်ပွင့်လာမယ့် ဘုရားရှင်အတွက် ကျောင်းတော် ဆောက်လှူဖို့ သိမ်းထားတဲ့ ရတနာတွေကို စောင့်နေရတာပါ၊

အစ်ကိုက ချစ်တယ်ဆိုပေမယ့် နန်းတို့က ချစ်လို့ မဖြစ်ဘူး၊ တစ်ဦးနဲ့တစ်ဦး၊ ခင်မင်ရင်းနှီးလို့ ရပါတယ်၊ အဆုံးစွန်ပြောမယ် ချစ်သူအဖြစ်လည်း နေချင်နေလို့ရပါတယ်၊

ဒါပေမဲ့ လူသားတွေကို မခွဲမခွာ အတူတူနေလို့တော့ မရ ပါဘူး"

"အိမ်ထောင်ပြုလို့ မရဘူးပေါ့ ဟုတ်လား"

"ဟုတ်တယ် အစ်ကို၊ နန်းကို တကယ်ခင်ချင်တယ်ဆိုရင် ခင်လို့ရပါတယ်၊ ရိုးရိုးသားသားဆို အချိန်မရွေးတွေ့လို့ ရပါတယ်၊

အတူတူနေဖို့တော့ မစဉ်းစားပါနဲ့၊ တစ်ဦးကလူ တစ်ဦးက သိုက်နန်းရှင် ဘယ်လိုမှ မဖြစ်နိုင်ပါဘူး"

"ဒါဖြင့်လည်း အစ်ကို နန်းကို တွေ့ချင်တဲ့အချိန် တွေ့လို့ ရမယ်ဆိုရင် ကျေနပ်ပါပြီ၊



www.burmeseclassic.com

www.burmeseclassic.com



အစ်ကို နန်းကိုချစ်တယ်၊ အတူမနေရရင်လည်း မတောင်း ဆိုဘူး၊ နန်းရဲ့အချစ်ကိုတော့ လိုချင်တယ်"

"မောင်နှမချစ်က ဖြူစင်ပါတယ် အစ်ကိုရယ်၊ အသိမိတ်ဆွေ၊ သူငယ်ချင်း၊ မောင်နှမပဲ ဖြစ်ပါရစေနော်"

"မရဘူး ချစ်သူအဖြစ်ပဲနေမယ်၊ ကိုယ့်ကို ချစ်တယ်မို့လား"

"ချစ် ... ချစ် ... ပါတယ် အစ်ကို"

သို့ဖြင့် တင်လှနှင့် ခင်နန်းမူတို့ ချစ်သူအဖြစ်နှင့် တစ်နှစ်ကျော် နှစ်နှစ်နီးပါး ရှိလာခဲ့သည်။

ခင်နန်းမူတစ်ယောက် တင်လှအနားမှာ ရှိသည့်တိုင် တင်လှ တစ်ယောက်ကိုသာ အခြားသူများ မြင်ကြရသည်။

တင်လှအနီးမှာ မိန်းကလေးရှိမှန်း မသိကြပါ။

သို့ကြောင့် တင်လှတစ်ယောက် ဥစ္စာစောင့်မနှင့် ချစ်ကြိုက် နေသည်ကို မည်သူမှ မသိကြခြင်းပင်ဖြစ်သည်။

× × × × ×

တစ်ရက် တင်လှအား ခင်နန်းမူက အထူးအဆန်းစကား ပြောလာသည်။

"အစ်ကို"

"ပြောလေနန်း၊ မျက်နှာလည်း မကောင်းပါလား"





"ဟုတ်တယ် အစ်ကို၊ နန်းတို့ နောက်အပတ်ကြရင် သိုက် ပြောင်းရတော့မယ်"

"တင် ..."

"နန်းတို့က အဝေးကြီးကို ပြောင်းရမှာလား"

"ရွှေတောင်ဘုရားတစ်ဆူအနီးမှာ ရှိတဲ့ သိုက်နဲ့ သွားပေါင်း မှာလို့ ပြောတယ်။ ဒီရွာနဲ့ဆို အနောက်စူးစူးဘက်ကိုလို့ပဲ သိထား ရသေးတယ်"

"ဒါဆို ကိုယ်တို့ ဝေးကြရပြီပေါ့"

"နန်းလည်း စိတ်မကောင်းပါဘူး"

"ကိုယ်တော့ လွမ်းပြီး ကျန်ရစ်ခဲ့တော့မှာပဲ၊ ကိုယ်လေ နန်းနဲ့ အတူတူ မနေရပေမယ့် ခွဲပြီးတော့ အကြာကြီး မနေနိုင်ဘူး"

"အစ်ကို နန်းကို သိပ်ချစ်လား"

"ချစ်တာပေါ့"

"ဒါဆို နန်းနဲ့တွေ့နိုင်အောင် နည်းတစ်ခု ပေးခဲ့မယ်၊ တစ်လကို တစ်ကြိမ်ပဲ တွေ့ခွင့်ပေးမယ်"

"ဟာ၊ ... တစ်လကြီးများတောင်မှ ကြာလိုက်တာ"

"မဟုတ်ဘူးလေ ... နန်းတို့က အဝေးကြီးရောက်ရမှာ၊ အစ်ကို ကြာရင် နန်းတို့ မေ့သွားမှာပဲ၊ တကယ်လို့ အစ်ကိုဆန္ဒ

www.burmeseclassic.com

www.burmeseclassic.com



ရှိရင် နန်းကို တွေ့ချင် တွေ့နိုင်အောင်ပေါ့”

“ခဏခဏ တွေ့လို့ မရဘူးလား”

“မရဘူး ဂတိတည်မှ တွေ့လို့ရမှာ”

“ကဲပါ ... နန်းကိုသာ တွေ့ရမယ်ဆို တစ်လစောင့်ဆိုလည်း စောင့်ပါ့မယ်”

“နန်း ဂါထာမန္တန်တပုဒ် သင်ပေးခဲ့မယ်”

“သက်သတ်လွတ်စားပြီး နှစ်ဆယ့်ခုနစ်ရက် သီလ စောင့်ရမယ်၊ ဒါဆို နန်းကိုသာ မဟုတ်၊ အခြားသိုက်တွေထဲကိုလည်း သွားလည်လို့ရတယ်၊

အဲဒီ မန္တန်က သိုက်နဲ့ မိတ်ဆွေဖွဲ့တဲ့ မန္တန်ပဲ၊ သိုက်ထဲက ပစ္စည်း တစ်စေ့တစ်လက်မှ မယူရဘူး၊ ယူရင် စည်းဖောက်ပြီး အသက်ကို နုတ်သွားလိမ့်မယ်”

“ကဲ ... ဒါဆိုလည်း သင်သာပေးတော့၊ ကိုယ်က စာရေးတာလည်း ဝါသနာပါတယ်၊ စာဖတ်တာလည်း ဝါသနာပါတယ်၊ သိုက်တွေထဲလည်း ရောက်ချင်တယ်၊ ဗဟုသုတ ရတာပေါ့”

“လပြည့်ည ခုနစ်နာရီထိုးတာနဲ့ အဲဒီမန္တန်ကို ရွတ်လိုက်၊ နန်းရှိတဲ့နေရာက လာခဲ့မယ်၊ ညသန်းခေါင် မတိုင်ခင်ပြန်မယ်၊ နန်းကို တွေ့ချင်ရင် လပြည့်ညတိုင်း ရွတ်လိုက်၊ နှစ်ဆယ့်





ခုနစ်ရက် သီလရော စောင့်နိုင်လို့လား၊ သက်သတ်လွတ်က အမြဲစားရတော့မှာနော်”

“အင်း ... ကြာရင် နန်းနဲ့တွေ့ဖို့ ကြိုးစားရင်း ဘိုးတော်ပဲ ဖြစ်မလား၊ ဘာကောင်ပဲဖြစ်မလဲမသိဘူး”

“လုပ်ပြီ အခုကတည်းက ဖောက်ပြီ”

“အလကား ပြောတာပါ၊ နန်းနဲ့တွေ့ရမယ်ဆိုရင် ဘာမဆို လုပ်နိုင်တယ်”

ထို့နောက် မကြာသောရက်မှာ နန်းတစ်ယောက် ကိုတင်လှအား နှုတ်ဆက်ပြီး ရွာရှိ ထုံးဖြူဖြူစေတီလေးအနီး သိုက်နန်းမှ နှုတ်ဆက်ကာ အပြီး ပြောင်းရွှေ့သွားတော့သည်။

နန်းမရှိတော့သည့်နောက် တင်လှလည်း မနေတတ် မထိုင်တတ်ဖြစ်ကာ နေ့စဉ် ဘုရားသို့သာ သွားထိုင်နေမိသည်။ နောက်တော့ နန်းကို တွေ့ချင်ရင် သက်သတ်လွတ်စားပြီး နှစ်ဆယ့်ခုနစ်ရက်သီလစောင့်ရမည်ကို ကြားယောင်လာသည်နှင့် သီလစောင့်ပြီး သက်သတ်လွတ်စားရန် ဆုံးဖြတ်လိုက်တော့သည်။

နန်းမှာသည့်အတိုင်း သက်သတ်လွတ်စားသည်။ ဥပုသ်ရက်ရှည်စောင့်သည်။

လပြည့်ရက်ရောက်တော့ ညဦးပိုင်းမှာ မန္တန်ကို ရွတ်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ အားလုံးပြီးတော့ နန်းမှူကို တမ်းတလိုက်သည်နှင့် မကြာခင် နန်းမှူ အနားသို့ ရောက်လာသည်။

ခင်နန်းမှူနှင့် ချစ်စကားများ တဝကြီးပြောဖြစ်ကြသည်။ ဘယ်၍ ဘယ်မျှ လွမ်းနေရကြောင်း ပြောပြသည်။

နန်းက ပြန်ကာနီးတော့ သူ့ကို အလွမ်းမှ သက်သာစေရန် သက်သတ်လွတ်စား (၄၅)ရက် အဓိဋ္ဌာန်ဝင်ပါက အခြားသိုက်ကြီးများသို့ပင် မိတ်ဆွေဖွဲ့ပြီး သွားလာနိုင်ကြောင်း ပြောပြသည်။

သိုက်ရှိ မရှိ သိနိုင်ရန်၊ ညနေ နေဝင်ရီတရောအချိန် မန္တန်ကို ရွတ်ပါက သိုက်ရှိသည်ဆိုလျှင် မီးခိုးအငွေ့တန်းလေး ထွက်လာသည်ကို မြင်ရမည်ဖြစ်ကြောင်း ပြောပြသည်

ထိုသို့ သိထားပြီးပါက ညအချိန် စည်းဝိုင်းချ၍ မန္တန်သွားရွတ်ပါက ထိုသိုက်အတွင်းမှ အဓိကကျသူ သိုက်နန်းရှင်က ထွက်၍ ကြိုဆိုကာ သိုက်အတွင်းသို့ လိုက်ပြလိမ့်မည်ဖြစ်ကြောင်း၊ သူပြတာကို ကြည့်၍ သိချင်တာကို မေးပါက ဖြေကြားပေးမည်ဖြစ်ကြောင်းလည်း ပြောပြသည်။

သူတို့ ပြန်ခိုင်းလျှင် ပြန်ခဲ့ကာ သိုက်အတွင်းမှ မည်သည့်ပစ္စည်းမှ မယူပါက အန္တရာယ်ကင်းစွာနှင့် ပြန်လာနိုင်မည်ဟု ခင်နန်းမှူက ရှင်းပြခဲ့သေးသည်။





ထိုသို့ စိတ်ရှည်လက်ရှည် ရှင်းပြပြီးသည်နှင့် ပြန်ရန် ပြင်သော့သည်။

"နန်း နေပါဦး၊ တစ်ခု မသိလို့ မေးပါရစေ၊ အစ်ကိုက (၄၅)ရက် အဓိဋ္ဌာန်ဝင်ပါပြီတဲ့ ဒီကြားထဲမှာ နန်းကို ဘယ်လို တွေ့ရတော့မှာလဲ"

"အစ်ကိုကသာ အဓိဋ္ဌာန်မပျက် ဆက်လုပ်သွားပေါ့၊ တစ်ကြိမ်တွေ့ပြီး နောက်တစ်ကြိမ်ကြားမှာ အစ်ကိုက (၄၅)ရက် အဓိဋ္ဌာန်ဝင်တယ်ပဲ ဆိုပါတော့၊ နှစ်ဆယ့်ခုနစ်ရက် ပြည့်ပြီးလို့ လပြည့်ရက်နဲ့ ကြုံရင်၊ မန္တန်ရွတ်လိုက်ပေါ့၊ နန်းအရောက် လာခဲ့မယ်၊ နှစ်ဆယ့်ခုနစ်ရက် မပြည့်သေးဘဲနဲ့က ရွတ်ရင် လာလို့မရဘူး၊ အစ်ကိုသေသေချာချာ တွက်ချက်ပြီး အလုပ်လုပ်၊ ကဲ ... နောက်ကျနေပြီ သွားတော့မယ်အစ်ကို"

ခင်နန်းမှူလည်း နှုတ်ဆက်ပြီး သူ့အပါးက ပျောက်သွားသည်။

သို့ဖြင့် နောက်နေ့မှစ၍ တင်လှ (၄၅)ရက် အဓိဋ္ဌာန်စဝင်သည်။ နှစ်ဆယ့်ခုနစ်ရက်ပြည့်ပြီး ဆက်၍ဝင်သည်။ လပြည့်နှင့်ကြုံသည့်ရက်မှာ နန်းနှင့်တွေ့ဖြစ်အောင် တွေ့သည်။

ထိုတွေ့သောနေ့မှာလည်း အဓိဋ္ဌာန်မပျက်အောင် ဆက်ဝင်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့သည်။ သို့ဖြင့် (၄၅)ရက် အဓိဋ္ဌာန်ပြည့်ခဲ့သည်။

ရွာအနီးအပါးမှာ သိုက်ရှိ မရှိ ညနေပိုင်း လမ်းလျှောက်ထွက်ရင် စနည်းနာသည်။

ချောင်းရင်းရွာ၏ အထင်ကရ မဟာနိဗ္ဗုတာရာမ ဘုရားကြီးကျောင်းတိုက်ဝင်းအတွင်း သိုက်ရှိမရှိ ကျောင်းဝမှရပ်ကာ မန္တန်ကိုရွတ်ကြည့်သည်။

မန္တန်ဆုံးသည်နှင့် မကြာခင် ဘုရားဒကာ၊ ကျောင်းဒကာဦးဆင်ကြီး၊ ဒေါ်နှင်းတို့၏ ဂူပြဿဒ်ဟောင်းအနီး ညောင်ကြပ်ပင်နှင့်မကွာသောနေရာမှ မီးခိုးငွေ့လေးများ တလူလူထွက်လာသည်။

သိုက်ရှိမှန်းသိသည်နှင့် ညဆယ်တစ်နာရီခန့် တစ်ယောက်တည်း ထွက်ခဲ့သည်။

သိုက်နှင့်မနီးမဝေးတွင် စည်းချကာ အကာအကွယ်လုပ်ပြီး ဥစ္စာစောင့်နှင့် တွေ့နိုင်သော မန္တန်ကို ရွတ်ပါသည်။

မကြာခင်မှာပင် မျက်လုံးပြူးထွက်နေသော နာနာဘာဝကောင်များ၊ လျှာတစ်လစ်ထွက်နေသော နာနာဘာဝကောင်များ၊ အစွယ်ကြီးများအပြင် ထိုးထွက်နေသော သရဲကောင်များ၊ တင်းပုတ်ထမ်းထားသော လူဘီလူးကြီးများ စည်းအပြင်မှ ပိုင်းအုံကာ ခြောက်လှန့်နေပါသည်။





အတွေ့အကြုံလည်း မရှိ၊ မကြောက်ဘူးဆိုပေမင့် တကယ်နဖူးတွေ့ ဒူးတွေ့ကြုံရသည့်အခါ ဒူးတုန်ကာ မန္တန်ရွတ်ရသည်ပင် တယောင်ယောင် အမှားမှားဖြစ်နေသည်။

ထို့နောက် အပြင်က နှောင့်ယှက်သူများ စည်းအတွင်း မဝင်နိုင်မှန်း သိသောအခါ သေချာစွာ ထိုင်ချလိုက်ပြီး စိတ်ကိုအားတင်ကာ မန္တန်ကို အဆက်မပြတ် တစ်ခေါက်ပြီးတစ်ခေါက်ရွတ်နေမိတော့သည်။

အချိန်တစ်နာရီခန့် ကြာသွားသည့်အခါ ခြောက်လှန့်မှု အနည်းငယ်သာရှိတော့သည်။ နန်းကလည်း သေသေချာချာ မှာသွားသည်။ စည်းအပြင်တနေ၍ သိုက်စောင့်သရဲများ ခြောက်လှန့်တတ်သည်ဆိုခြင်းကြောင့်သာ ကြံ့ကြံ့ခံနေနိုင်ခြင်းဖြစ်သည်။

ထိုသို့ ခြောက်လှန့်မှုများစွာ ကြုံရခြင်း ကြောက်သိုက်အတွင်းသို့ ဝင်၍၊ လေ့လာချင်သောစိတ်က ပျောက်သွားရသည့်စိတ်လည်း ကုန်သွားခဲ့သည်။

အစောင့်သရဲများ အဝေးသို့ နှင်သောဂါထာမန္တန်လည်း မသိ၊ မည်သို့ လုပ်ရမည်မှန်း မသိသည့်အတူ ရရှိထားသော မန္တန်ကိုသာ နာနာဖိရွတ်နေသည်။

အချိန်တန် မိုးလင်းလာလျှင် သရဲတစ္ဆေများ ကွယ်ပျောက်



www.burmeseclassic.com

www.burmeseclassic.com



သွားမည်ဟု ထင်ထား၍ စည်းမဖောက်ရန် အိပ်မငိုက်ရန်သာ သတိထားပြီး ဆုတောင်းနေရသည်။

သရဲတစ္ဆေများ ထွက်သွားစေလိုသည့်အတိုင်း တတ်သမျှ ဂါထာပေါင်းစုံကို ရွတ်ပါသော်လည်း သရဲများက ပျောက်သွားလိုက် တိုးလာလိုက်နှင့် လက်မှိုင်ချကာ တစ်ညလုံး စည်းအတွင်းမှ မထွက်ဘဲ မိုးလင်းအောင် ထိုင်ရတော့မည့် အခြေအနေမျိုး ရောက်၍ နေပါတော့သည်။

ညနှစ်နာရီခန့်ရောက်သောအခါ သိုက်အတွင်းက သိုက်နန်းရှင် တစ်ယောက် ထွက်လာပြီး တစ္ဆေသရဲများကို နှင်ထုတ်လိုက်မှ တစ္ဆေသရဲများ ပျောက်ကွယ်သွားတော့သည်။

သိုက်နန်းရှင်ကို ကျေးဇူးတင်ကြောင်းသာ ပြောပြီး ထိုနေရာက အိမ်သို့ သုတ်ခြေတင်ခဲ့ရတော့သည်။

ထိုအချိန်မှစ၍ ခင်နန်းမူကို တွေ့ရန်မှတပါး အခြားသိုက်တွေဆီ သွားလည်ရန် ကိစ္စကို လက်လျှော့လိုက်သည်။

ထို့နောက် နှစ်နာရီခွဲကျော်မှ အိမ်သို့ ပြန်ရောက်ခဲ့ရသည်။

သီတင်းကျွတ်လအရောက် အလုပ်အားသည်နှင့် ဘုရားကြီး ကျောင်းသို့ မရောက်သည်မှာ အတော်ကြာခဲ့သည်။

ထို့ကြောင့် ဘုရားသို့ ထွက်ခဲ့သည်။





ဘုရားရင်ပြင်တော်ပေါ် မတက်ခင် စောင်းတန်းဘေး အုတ်ခုံမှာ အသက်(၇၀)ခန့် အဘိုးကြီးတစ်ယောက် ထိုင်နေသည်ကို တွေ့လိုက်သည်။

"မောင်ရင်လေး ရွာထဲကပဲလား"

"ဟုတ်ကဲ့ အဘ၊ အဘက ဘယ်ကပါလဲ"

"အဘက ပျော်ဘွယ်က လာတာပါ၊ ဒီရွာမှာ သားရှိလို့ လာလည်ရင်း ဘုရားလာဖူးတာ၊

ဘုရားကြီးက အတော်ကြီးမား ခန့်ထည်တာပဲ၊ ဝင်းကြီး အတွင်းမှာလည်း ကျောင်းတွေ အများကြီးပဲ"

"ဟုတ်ကဲ့ အဘ၊ ညဘက်ရောက်ရင် ဘုရားလာဖူးဖို့ မဝံ့ဘူး၊ တစ်ခါတစ်ခါ အခန့်မသင့်ရင် သိုက်နန်းရှင်တွေနဲ့တောင် တွေ့နိုင်သေးတယ်"

"အကြီးလည်း ဘုရားကြီးကိုကြည့်ပြီး စိတ်ဝင်စားနေတာ၊ ဒီနေရာမျိုးမှာ သိုက်တွေ ရှိနိုင်တာပေါ့"

"အဘက သိုက်တွေကို စိတ်ဝင်စားလား"

"စိတ်ဝင်စားလားတော့ မမေးနဲ့၊ အဘအသက်သုံးဆယ် လောက်တုန်းက သိုက်ဆရာတစ်ယောက်နောက် လျှောက်လိုက် ဖူးတယ်"



www.burmeseclassic.com

www.burmeseclassic.com



အဘိုးကြီးက ဆက်ပြောသည်။ ဘယ်မြို့မှာ ဘယ်ဘုရား သိုက်ရှိသည်၊ ဘယ်လိုနေရာမှာရှိသည်၊ သိုက်ရှိသောနေရာ ဆယ်ခု ခန့်ကို တောက်လျှောက် ပြောပြသည်။

"ဘကြီးက အခု ပြောသွားတဲ့ သိုက်တွေထဲ ရောက်ဖူး လို့လား၊ သူများ ပြောတာလား၊ ဒါမှမဟုတ် ဘကြီးက သိုက် ဆရာလား"

"အေး ဘကြီးကိုယ်တိုင်ကတော့ သိုက်ဆရာမဟုတ်ဘူး သိုက်ဆရာနောက်လိုက်တဲ့ တပည့်ပေါ့။ သူပြောသမျှ ကြုံဖူးသမျှ တွေ၊ မှတ်သားထားရတာပေါ့"

"ဘကြီးတို့ သိုက်ဘူးတော့ ရွှေတွေ ငွေတွေ မရဘူးလား"

"ရဖူးတာပေါ့၊ တပည့်နဲ့ ဆရာနှစ်ယောက် သိုက်တစ်ခုက ရွှေတစ်ပိဿာကျော်ကျော် ရဖူးတယ်၊ ဆရာပေးသလောက် ငါက ရတာပေါ့။

ရွှေတွေ ထုခွဲရောင်းချပြီး စားတာပေါ့၊ မိန်းမလည်း ယူပစ် လိုက်တာပေါ့၊ တစ်နှစ်လောက်ကြာတော့ ဆရာ ရောက်လာကယ်၊

နောက်ထပ် သိုက်တူးမလို့ လာခေါ်တာ၊ ရစရာရှိရင် ရချင်ချင် တစ်ခါရ ရနိုးနိုးဆိုတဲ့ စကားလို ရကိုရစေမယ်ဆိုပြီး သွားကြ တာပေါ့၊ --





ညရှစ်နာရီလောက် သိုက်ရှိရာ ရောက်ခဲ့တယ်၊

ထုံးစံအတိုင်း အစီအရင်တွေလုပ်ပြီး ဆရာတပည့် အစွမ်းနဲ့ သိုက်ကို ဖော်ခဲ့တာပဲ၊

သိုက်တံခါးပွင့်ပြီး ရွှေငွေရတနာတွေကိုလည်းမြင်ရော ဘယ်က ဘယ်လို ဖြစ်တယ် မသိပါဘူး၊

ကျားကြီးတစ်ကောင် မြုန်းခနဲ ဝင်လာပြီး ဆရာ့ကို ကျားချီ သွားတော့တာပဲ၊

ဘကြီးလည်း ကြောက်လန့်ပြီး သိုက်ထဲက ခြေကုန်သုတ် ပြေးခဲ့ရတော့တာပဲ၊ ညကလည်း မှောင်မိုက်မည်းမည်း ဦးတည်ရာ ပြေးခဲ့မိတယ်၊

ထန်းပင်ငယ်လေးတွေရှိတဲ့ နေရာကို ပြေးမိတာကြောင့် ထန်း ရွက်တစ်ရွက်က အဘနဖူးကိုရှပြီး သွေးတွေလည်းထွက်လာရော အဘအကြောက်လွန်ပြီး သတိမေ့သွားခဲ့တယ်"

"ဘကြီးရဲ့ဆရာက သေသွားတာပေါ့ ဟုတ်လား"

"ကျားကိုက်ပါတယ်ဆို သေသွားတာပေါ့"

"ဘကြီးလည်း ထန်းလက်ရှတဲ့ ဒဏ်ရာက သေတဲ့အထိ အနာရွတ်ကြီး ကျန်ခဲ့တယ်၊

ဒီဒဏ်ရာကို စမ်းမိလေတိုင်း သိုက်ဆိုရင် ငှက်သိုက်တောင်



www.burmeseclassic.com

www.burmeseclassic.com



မကြည့်ချင်အောင် စိတ်နာနေမိတယ်၊

ဘကြီးလည်း သိုက်ထဲက ပြန်ရောက်လာပြီး အကြောက်လွန် သည်းခြေပျက်သွားလို့ အတော်ကုလိုက်ရသေးတယ်"

"ဒါနဲ့ မင်းက သိုက်ကိုဘာလို့ စိတ်ဝင်စားရတာလဲ၊ ယယ်ယယ် ရှယ်ရှယ်နဲ့ မသေချင်ပါနဲ့၊ တကယ့်အထင်ကရ ဆရာတော်မှ မနိုင်တာ"

"ကျွန်တော့်ရည်ရွယ်ချက်က ချစ်သူနဲ့ တွေ့ရအောင် သိုက်နဲ့ မိတ်ဖွဲ့တဲ့ မန္တန်ရှတ်တာပါ။

ချစ်သူကို တွေ့ချင်ရင် သီလနှစ်ဆယ်ခုနစ်ရက် စောင့်ထိန်း သက်သတ်လွတ်စားရတယ်၊

အခြားသိုက်တွေကို သွားပြီး မိတ်ဖွဲ့ချင်ရင် သက်သတ်လွတ် စား (၄၉)ရက် သီလစောင့်၊ ပြည့်ပြီးရင် ညဘက်သွားလို့တဲ့ သိုက်က ဥစ္စာစောင့်တွေကို မေတ္တာပို့ ဂုဏ်တော်ပုတီးစိပ်၊

ပြီးရင် အဲဒီသိုက်ကိုသွားပြီး စည်းချမန္တန်ရွတ်တာနဲ့ သိုက်တ လာ ဆက်သွယ်လိမ့်မယ်၊ သိုက်ထဲ လိုက်သွားပြီး သိချင်တာမေး

သူတို့ ပြန်ခိုင်းတာနဲ့ ပြန်၊ ဒါပဲပေါ့"

"မင်းရဲ့နည်းကို ငါ့ကိုလည်း ပေးလို့ မရဘူးလား"

"ဘကြီးရည်ရွယ်ချက်က လောဘဦးစီးနေတာပဲ မအောင်မြင်





နိုင်ပါဘူး"

"မင်းကို ဒီနည်း ဘယ်သူပေးတာလဲ"

"ဒီလို ဘကြီး၊ ကျွန်တော် ဥစ္စာစောင့်သိုက်နန်းရှင်နဲ့ ချစ်သူ ဖြစ်ခဲ့ဖူးတယ်၊ သူတို့ သိုက်ပြောင်းသွားတာနဲ့ ကျွန်တော် စိတ် ခံစားမှု မဖြစ်ရအောင်၊ သူနဲ့ တစ်လတစ်ကြိမ် တွေ့နိုင်အောင် မန္တန်ကို သင်ပေးသွားခဲ့တာပါ"

"သိုက်ထဲဝင်ခဲ့ရင် ပစ္စည်းဥစ္စာကို ဘာမှ မယူပါဘူးလို့ သစ္စာဆိုပြီးမှ သွားရပါတယ်"

"မင်း သိုက်ထဲ ဝင်ဖူးလား"

"မဝင်ဖူးဘူး ... ဝင်မလို့ ... တစ်ခါ ကြိုးစားသေးတယ်၊ တစ်ညလုံး စည်းအပြင်က သရဲတစ္ဆေတွေ ဝိုင်းခြောက်လှန့်နေတာ နဲ့ပဲ ... မတွေ့ခဲ့တော့ဘူး"

"ဒါဖြင့် မင်း ဘယ်လို ပြန်လာခဲ့တာလဲ"

"မနက်နှစ်နာရီလောက်မှ သိုက်ထဲက သိုက်နန်းရှင်တစ်ယောက် ထွက်လာပြီး အစောင့်သရဲတွေကို အော်ထုတ်လိုက်တာနဲ့ သရဲတွေ ပျောက်သွားတယ်၊

ဥစ္စာစောင့်မက သိုက်ထဲဝင်ဦးမလား မေးပေမယ့် အချိန် ညဉ့်နက်နေလို့ နောက်မှ လာတော့မယ်ပြောပြီး ပြန်ခဲ့တယ်၊



www.burmeseclassic.com

www.burmeseclassic.com



နောက်တို အကျင့်စရဆာရင့်လာဘောမှပဲ သိုက်ထဲဝင်ဖို့ ကြိုးစားတော့မယ်၊ အခုတော့ ကျွန်တော့်ချစ်သူနဲ့တွေ့ဖို့ပဲ ကြိုးစားတော့မယ်”

“ကဲ … အဘ၊ ကျွန်တော် ဘုရားရင်ပြင်တော်ပေါ်တက်ပြီး ဘုရားဖူးလိုက်ဦးမယ်”

“အေး … အေး၊ သွား … သွား အဘတော့ ဖူးပြီးပြီ”

ကိုတင်လှလည်း ဘုရားကြီးကျောင်း ရင်ပြင်တော်ပေါ်သို့ တက်ပြီး ဂန္ဓာကုဋိတိုက်အတွင်းရှိ မဟာမုနိ ရုပ်ပွားတော်အား ရှိခိုးလိုက်ပါတော့သည်။

❀❀❀❀❀



# မိုးတစ်ည ဆိုင်ကယ်လေးစီး မိန်းမလှလေးတစ်ယောက်

ဝေါ … ဝေါ … ဝေါ

မိုးက တဖွဲဖွဲ ရွာနေသည်။ ဆိုင်ကယ်လေးစီးက မြို့တွင်းမှ မြို့စွန်ရပ်ကွက်သို့ မောင်းလာသည်။

အချိန်က ည ဆယ်နာရီခန့် ရှိပြီဖြစ်သည်။

မွေးနေ့ပါတီတစ်ခုမှ ပြန်လာကြသော စိုးနိုင်၊ ကျော်မျိုး၊ ချစ်ထူး၊ လှဖေတို့ လေးယောက် ယမကာအရှိန်လေးနှင့် ဆိုင်ကယ်တို မှန်မှန်လေး မောင်းလာကြသည်။

“ကျော်မျိုး ရေ့နားရောက်ရင် ‘ဒွေကြယ်စင်’ကို ဝင်ကြမယ်”

“ဟ … မင်းဟိုမှာ သောက်ခဲ့တာ မလုံလောက်သေးဘူးလား”



www.burmeseclassic.com

www.burmeseclassic.com



"စံချိန်မမီသေးဘူး၊ လိုသေးတယ် … တစ်ခွက်တစ်ဖလား ဝင်မော့ကြသေးတာပေါ့"

"မင်းကတော့ လုပ်ပြီ"

"ချစ်တူးစကားကို ငါထောက်ခံတယ်၊ ငါလည်း လစ်မပ် မပြည့်သေးဘူး … ဝင်ကြမယ်"

သူတို့ သူငယ်ချင်းစံလှငွေ၏ မွေးနေ့က ပြန်ခဲ့ကြခြင်း ဖြစ်သည်။

သူတို့လေးယောက်ကို အကောင်းစား အရက်တစ်ပုလင်း ထုတ်ပေးသဖြင့် သိက္ခာထိန်းပြီး သောက်ခဲ့စားခဲ့ကြသည်။

သောက်ပြီး မကြာခင်မှာပင် ထပ်၍ သောက်ချင်သည့်ဆန္ဒတာ အသီးသီး ဖြစ်လာကြသည်။

ထိုမွေးနေ့ပွဲမှာ ထပ်တောင်း၍ မကောင်းတော့သဖြင့် စံလှငွေကို နှုတ်ဆက်ပြီး ပြန်လာကြခြင်းဖြစ်သည်။

မိုးကအေးအေး ဆိုင်ကယ်စီးလာသော သူတို့လေးယောက်၊ အရက်ဆိုင်ထပ်ဝင်ရန် တညီတညွတ်တည်း ဆုံးဖြတ်ပြီး၊ မိမိတို့ ရပ်ကွက်နှင့်နီးသော 'ငွေကြယ်စင်'စားသောက်ဆိုင်တွင် ဝင်၍ ဖြည့်ဆည်းရန် စိတ်ကူးနှင့် ထွက်လာကြခြင်းဖြစ်သည်။

'ငွေကြယ်စင်'ဆိုင်သို့ မရောက်ခင် လမ်းလေးခွဆုံ မီးပွိုင့်





အရောက် မီးနီနေသဖြင့် ခဏရပ်လိုက်ကြသည်။

ထိုအချိန် လှဖေက မျက်စိအငြိမ်မနေဘဲ ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်မိသည်။

သူတစ်စုံတရာကို မြင်လိုက်သည်။

သူ ဘာမှ မစဉ်းစား မဆုံးဖြတ်ရသေးခင် မီးက စိမ်းသွားသဖြင့် ဆိုင်ကယ်ကို ဆက်ပြီးမောင်းထွက်ခဲ့သည်။

မကြာခင် ငွေကြယ်စင် စားသောက်ဆိုင်သို့ ရောက်ရှိလသဖြင့် လေးယောက်သား စိတ်တူကိုယ်တူ ဆိုင်ကယ်ကို မောင်းဝင်လာခဲ့သည်။

ဆိုင်ကယ်ပေါ်မှ ဆင်းပြီး၊ ထောင့်ကျကျ စားပွဲတစ်လုံးမှာ ဝင်ထိုင်လိုက်ကြသည်။

"တဲ … ရမ်ပဲရရ၊ ဝီစကီပဲရရ တစ်ပုလင်းမှာလိုက်ကွာ။ စားစရာတော့ မှာမနေနဲ့ … ဗိုက်ထဲမှာ နည်းနည်းပြည့်နေပြီ"

"ကန်စွန်းပလိန်းနဲ့ ငါးမုန့်ကြော်တစ်ပွဲစီတော့ မှာပါရစေ"

"မှာလိုက်"

ဝိတ်တာတစ်ယောက် အနားသို့ ရောက်လာသဖြင့် စိုးနိုင်က လိုအပ်သည်များကို မှာကြားနေသည်။

"ငါတို့ ဆိုင်မှာထိုင်ရင်း အိုကေမှာ စိုပြေမယ့် အစီအစဉ်



www.burmeseclassic.com

www.burmeseclassic.com



မရှိဘူးလား"

လှဖေက စကားစလိုက်သည်။

"မင်း အမြင်ပဲလေ ... ရှိမှ မရှိဘဲ၊ မင်းမှာ အစီအစဉ် ရှိလို့လား"

"ရှိတယ် ... မီးပွိုင့်မှာ ဆိုင်ကယ်ရပ်ထားတုန်း၊ ငါ ... မိန်းမလှလေးတစ်ယောက်ကို တွေ့ခဲ့တယ်"

"ဟုတ်လို့လား၊ လမ်းသွားလမ်းလာများလား"

"မဟုတ်ပါဘူး၊ ရပ်နေတာ ... ငါ့ကို၊ လှမ်းကြည့်နေသလိုပဲ ... ဖြစ်နိုင်ရင် ... ငါ အဲဒီ မိန်းမလှလေးရှိတဲ့ဆီ ပြန်သွားချင်တယ်"

"မင်း ဆန္ဒရှိရင် သွားပေါ့၊ ငါတော့ ဒီကိစ္စတွေ စိတ်မဝင်စားဘူး"

"ငါကတော့ စိတ်ဝင်စားတယ်၊ ငါ့အတွက် အဖော်လုပ်ပေးမယ်ဆိုရင် ... တစ်ညလုံး သူနဲ့အတူထိုင်ပြီး ... အရက်ထိုင်သောက်မယ် ... သူပါလာရင် ... မင်းတို့ ပြန်ချင်တဲ့အကောင် ပြန်နိုင်တယ်"

"အံမယ် ဟိုက ... ဘယ်လိုမှန်း မသိသေးဘူး၊ အချင်းချင်း "ဘာဏ်ကန်နေပြီ"





"ဟုတ်တယ် ... အဲဒီအချောအလှလေးဆီ သွားပြီး တို့နဲ့ အဖော်ရအောင် သွားခေါ်ခဲ့မယ်"

"ကဲ ... မင်း ဒီလောက် ဆန္ဒပြင်းပြနေရင်လည်း သွားသာ ခေါ်ခဲ့ ... စကားပြောဖော်ရတာပေါ့၊ အိမ့် ငါတို့ ဝိုင်းလေး ... ပျင်းစရာ မကောင်းဘဲ စိုစိုပြေပြေ ဖြစ်မှာ"

"ကဲ ... ငါသွားမယ်"

"မင်း ကြာနေလို့ကတော့ တို့စောင့်မယ် မထင်နဲ့"

"မင်းတို့ လူလို သောက်လို့ကတော့ မကုန်နိုင်ပါဘူး၊ ကဲ ... ငါသွားမယ်"

လှဖေက ဆိုင်ကယ်စီးပြီး ဆိုင်အပြင်သို့ ထွက်သွားသည်။

သိပ်မစီးလိုက်ရ ... လမ်းလေးခွဆုံသို့ ရောက်သွားတော့သည်။

လမ်းမီးရောင်က မှိန်ပြပြ အလင်းရောင်သာ ရှိသည်။ မြို့ထဲ တလောက် ကားသွားကားလာ မရှုပ်၊ အချိန်ကလည်း ဆယ်နာရီ ကျော်ပြီမို့၊ ကားဆက်က ကျဲသွားသည်။

စောစောက မိန်းကလေးရပ်နေသော နေရာအနီးသို့ လှဖေ ဆိုင်ကယ် ရောက်လာသည်။

"စောစောက ဒီနားမှာ ရပ်နေတာပါ၊ အခု ဘယ်ရောက်



www.burmeseclassic.com

www.burmeseclassic.com



သွားပြီလဲ မသိဘူး၊

တစ်ယောက်ယောက်ရဲ့ ကားပေါ်ပါသွားပြလား မသိဘူး”

မိုးက မသည်းသော်လည်း မစဲပဲ ရွာနေသည်။ အဝေးအထိ မြင်ရ သော်လည်း ခပ်လှမ်းလှမ်းထိတော့ မြင်နိုင်သေးသည်။

လှဖေ ဆိုင်ကယ်ပေါ်က မဆင်းဘဲ အရပ်လေးမျက်နှာ ခေါင်းလှည့်၍ ရှာကြည့်နေသည်။

ထိုစဉ် လမ်းထောင့်ချိုးမှာ ရပ်နေသော ဆံတို ဂုတ်ဝဲစကတ် လေးနှင့် မိန်းကလေးကို တွေ့လိုက်သည်။

ဩော် ... သူက ဟိုရှေ့ဘက် ရောက်နေတာကို။

လှဖေက ဆိုင်ကယ်ကို မိန်းကလေးရှိရာအနီးသို့ ဘီးလှိမ့်၍ မောင်းသွားသည်။

မိန်းကလေးအနားသို့ ရောက်သွားသည်။

“မိန်းကလေး မင်း ဒီအချိန်ထိ ဘယ်သူ့ကို စောင့်နေတာလဲ”

“ကျွန်မရဲ့အစ်ကို ကို စောင့်နေတာ”

“မင်းရဲ့အစ်ကိုက ဘယ်က လာမှာလဲ”

“မြို့ထဲဘက်က”

“ဒီအချိန်ထိ မလာသေးရင် သူ ခရီးလွန်နေလို့ ဖြစ်မယ်။ ညဉ့်နက်အောင်နေလို့ မကောင်းဘူး ... လာ၊ ကိုယ် လိုက်ပို့





ပေးမယ် ... ဆိုင်ကယ်ပေါ်တက်”

“ရှင်က ဘယ်သူလဲ ... ရှင့်ကို ဘာကြောင့် ကျွန်မက ယုံပြီး လိုက်ခဲ့ရမှာလဲ”

“ဒါက လူကောင်းပါ မိန်းကလေးရာ ... ဒီလို ညမှောင်နဲ့ ဆည်းမည်းမှာ မိန်းကလေးတစ်ယောက်တည်း လာကြိုမယ့် အစ်ကို ကို စောင့်နေတာ မကောင်းဘူး။ အိမ်ကပဲ ပြန်စောင့်၊ အစ်ကို လိုက်ပို့ပေးမယ်”

“ရှင်က လူကောင်းမှန်းမသိ၊ လူဆိုးမှန်းမသိ မလိုက်ပါဘူး”

“လူကောင်းပါ မိန်းကလေးရာ ယုံပါ”

“ရှင် ... လူကောင်းဆိုရင် ... ဆိုင်ကယ်ပေါ်ကဆင်းပြီး မီးရောင်အောက်ကို ထွက်ပြပေလေ၊ ဒီရှေ့ကို လူလာရပ်ပြ”

“ဩော် မင်းက ဒီစကားကို ... အယုံအကြည်မှ မရှိပဲကိုး၊ ဒီလောက်ကတော့ လုပ်ပေးနိုင်ပါတယ်”

လှဖေက မိန်းမချောလေးစကားအောက်မှာ စီးမြောပါသွားရင်း မီးရောင်အောက်သို့ထွက်၍ ရပ်လိုက်သည်။

ဝုန်း

အား ....

တစ်ဖက်ယာဉ်ကြောမှ မီးပွိုင့်မနီခင် မီးဝါကို ဖြတ်ကာ



www.burmeseclassic.com

www.burmeseclassic.com



အချိန်တွင် မောင်းလာသော ကားက လမ်းလယ်တွင် ရပ်လာသော လူတစ်ယောက်ကို ဝင်တိုက်သွားတော့သည်။

× × × × ×

ဝေါ ... ရှူး ... ရှူး

နာရီဝက်ခန့်ကြာတော့ 'ရွှေကြယ်စင်' စားသောက်ဆိုင်ရှေ့သို့ ဆိုင်ကယ် ဝင်ရပ်လာသည်။

ဆိုင်ကယ်ပေါ်မှ လှဖေဆင်းလာသည်။

ကျော်မျိုး၊ ချစ်ထူး၊ စိုးနိုင်တို့ကတော့ ရေချိန်ကိုက်နေပြီ၊ စကားကို ရေပတ်မဝင်နိုင်အောင် ပြောနေကြသဖြင့် အနီးမှာ ဝင်ပြီး လာထိုင်နေသော လှဖေကိုပင် ဂရုမပြုမိသေး။

ခဏကြာတော့မှ စိုးနိုင်က

"ဟာ ... ဦးလှဖေကြီး ပြန်ရောက်နေပြီပဲ ... မင်းသွားခေါ်တဲ့ မိန်းကလေးလည်း ပါမလာပါလား"

"ဒီကောင် သွားတဲ့အချိန် ဟိုမိန်းကလေးက ကားတစ်စီးပေါ် ပါသွားပြီ ဖြစ်မှာပေါ့"

"ဟုတ်လား ဟေ့ကောင်"

လှဖေက ဘာမှ ပြန်မပြော ...

"ဒီကောင် ... သူ့ဆန္ဒ မပြည့်ဘဲ ပြန်လာခဲ့ရလို့ ဒေါကန်





ဘာတယ်နဲ့တူတယ် ... ဒါမှမဟုတ် သူထင်သလို မဟုတ်ဘဲ ဘိုတာ ပါးရိုက်လွှတ်လိုက်လားမှ မသိတာ"

"မပါလာတော့လည်း ခပ်ကောင်းကောင်းပဲ ... ဒါတို့က ဒိန်းချင်နေတာ ... ရော့ ... လှဖေ ... မင်းအတွက် ဖန်ခွက် ဒါတို့ကို မှီအောင် အမြန်သာ မော့ချပေတော့"

လှဖေက လက်နှစ်ချောင်း ဘေးချပြီး ဘာမှ ပြန်မပြော၊ ခေါင်းကိုသာ တွင်တွင်ငုံ့ထားသည်။

မီးရောင်ကို ကျောပေးထားသဖြင့် လှဖေ၏မျက်နှာကို သူတို့ သဲကွဲမခတ်တတ်။

"ဒီကောင် တစ်ခုခုပဲ ... မိန်းကလေးက ကောင်းကောင်းကြီး တောထုတ်လိုက်တာပဲ ဖြစ်မယ်"

ထိုစဉ် ဖုန်းမြည်လာသည်။

"ဟေ့ကောင် စိုးနိုင် မင်းအိတ်ထဲက ဖုန်းမြည်နေတယ် ကိုင်လိုက်ဦး"

စိုးနိုင်က ရေချိန်ကိုက်နေသည်။ ဖုန်းကို တော်တော်နှင့် မကိုင်သဖြင့် ကျော်မျိုးက စိုးနိုင်၏အိတ်ထဲမှ ဖုန်းကို နှိုက်ယူပြီး နားထောင်လိုက်သည်။

"ဟုတ်ကဲ့ စိုးနိုင်သူငယ်ချင်း ကျော်မျိုးပါ"



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်က စကားသံကို နားထောင်လိုက်သည်။

"ဗျာ"

"မဟုတ်တာ၊ ခင်ဗျားတို့ စကားကို ဆင်ဆင်ချင်ချင် ပြော ခင်ဗျားတို့ လူမှားနေပြီ"

"ဘာ ... တကယ်ပြောတာ ဟုတ်လား၊ ဟား ... ဟား ... ဟား ... လှဖေက ကျုပ်တို့ရှေ့မှာ ထိုင်နေတယ်လေ"

"ဟောကောင် ... ကျော်မျိုး၊ ဘာတွေ ပြောနေတာလဲ ဘာတဲ့လဲ"

"လှဖေ မီးပွိုင့်မှာ ... ကား ... ကားတိုက်ခံရလို့တဲ့ကွာ လှဖေက ငါတို့ရှေ့မှာ ထိုင်နေတယ်၊ လူမှားပြီး ပြောနေလို့ သဘောကျပြီး ရီနေတာလေကွာ"

"မင်းတို့အမြင်ပဲ၊ လှဖေက ... ဒီမှာ မဟုတ်ဘူးလား"

"ဒီကောင် ကားနဲ့ တကယ် အတိုက်ခံရပြီး နာကျင်နေလို့ ပြန်ရောက်ပြီး စကားမပြောနိုင်တာလား မသိဘူး"

"ဟောကောင် ... ကျော်မိုး ... လှဖေကို ကြည့်စမ်း"

"ဟောကောင် ... လှဖေ၊ မင်းပြန်လာပြီးကတည်းက စကားလည်း မပြောပါလား၊ ကားနဲ့အတိုက်ခံလိုက်ရလို့ စကား မပြောနိုင်တာလား"





"ဟောကောင် ... လှဖေ"

စိုးနိုင်က လှဖေ၏ လက်မောင်းကို ကိုင်ပြီး လှုပ်လိုက်စဉ် လှဖေခေါင်းမော့ကြည့်လိုက်စဉ် ...

ဟာ ...

အား ...

အမယ်လေး ...

သရဲ ... သရဲ ... သရဲ

ရှေ့မျက်နှာတစ်ခုလုံး ပြားချပ်နေပြီး နှာခေါင်းက အတွင်းကို ချိုင့်ဝင်နေသော သွေးစက်လက်လှဖေမျက်နှာကို မြင်လိုက်မှ အသံ တုန် ထအော်လိုက်သည်။

သုံးယောက်သား ကြောက်လန့်ပြီး ဆိုင်ကယ်ရှိရာသို့ ထပြေး ကြသည်။

"ဟေ့ ... ဟေ့၊ ပိုက်ဆံရှင်းသွားကြဦး၊ ဟောကောင်တွေ မပြေးနဲ့"

ထိုစဉ် စားပွဲမှ ထလိုက်လာသော လှဖေကို စားပွဲထိုး ဝိတ်တာကောင်လေးက လှမ်းဆွဲလိုက်ရာ ဝိတ်တာနှင့် ဆိုင်ရှိ စားသုံးသူ တချို့မြင်သွားသည်။

"အမယ်လေး ... သ ... သ ... ရဲ ... သရဲ ... ကြီး"



www.burmeseclassic.com

www.burmeseclassic.com



ခွမ်း ... ခွမ်း

*တစ်ဆိုင်လုံး ရုတ်ရုတ်သည်းသည်း ဖြစ်ကျန်ခဲ့သည်။*

ဇော်မျိုးတို့သုံးယောက်သား ဆိုင်ကယ်ပေါ် အပြေးတက်ပြီး ဆိုင်အတွင်းမှ အမြန်မောင်းထွက်ခဲ့သည်။

မိုးတဖွဲဖွဲ ရွာနေသည်။

အမူးလွန်နေသော စိုးနိုင်တို့ အုပ်စုလည်း အမူးပြေကာ ဆိုင်ကယ်ကို မောင်းလာကြရာ မကြာခင်မှာပင် လမ်းလေးခွဆုံသို့ ရောက်လာခဲ့သည်။

လမ်း၏အလယ်မှာ လူစုစုကို တွေ့လိုက်သည်။ အနီးမှာ ရဲကားနှင့် ဆေးရုံကားကိုပါ တွေ့လိုက်ရသည်။

"ဒီနားမှာ ပြီးခဲ့တဲ့ သုံးလေးလလောက်က ကားတိုက်ခံရပြီး သေသွားတဲ့ ... မိန်းကလေးကြောင့် လူတွေသေတာ ဒီကောင်လေး ပါနဲ့ဆို လေးလောင်း ရှိသွားပြီ"

"တိုက်တဲ့ကားလည်း ရေမြောင်းထဲကို ထိုးကျပြီး ... ကားမောင်းတဲ့ကောင် သတိမေ့နေတယ်"

ကျော်မျိုးတို့၊ စိုးနိုင်တို့ ... ဆိုင်ကယ်ရပ်ပြီး ဝင်ကြည့် လိုက်သည့်အခါ သွေးအိုင်ထဲမှာ မျက်နှာတစ်ခြမ်း စုတ်ပြတ်သတ်ပြီး အသက်ပျောက်နေသော လှဖေကို တွေ့လိုက်ကြရတော့သည်။





ထိုအခါမှ လှဖေတစ်ယောက် အသက်သေဆုံးပြီးမှ ဝိညာဉ် အဖြစ်နှင့် ဆိုင်ကိုရောက်လာခြင်းဟု သူတို့ သေချာသိလိုက်ရတော့ သည်။



www.burmeseclassic.com

www.burmeseclassic.com

# အရှုံးသမားဝိညာဉ်

အောင်ဝင်းတစ်ယောက် အလုပ်အားသောရက်များဆိုလျှင် ငါးမျှားတံတစ်ချောင်းဆွဲပြီး ရွာပြင်ချောင်းစပ်မှာ ငါးသွားမျှားနေကျ။

နဘဲပင်ရွာ၊ ချောင်းနှင့်နီးသော လယ်ကွက်များက ပဲ၊ ပြောင်း၊ နှမ်း၊ ဖရဲ၊ ဆေးရွက်ကြီးမျိုးစုံ စိုက်နိုင်ပြီး အတွင်းဘက်ကျသော လယ်ကွက်များက ကိုင်းသီးနှံစိုက်၍မရ။

သို့ကြောင့် ရွာသားတော်တော်များများ စပါးသိမ်းပြီးသည်နှင့် အားနေကြသည်။

အောင်ဝင်းတို့မိသားစုလည်း လယ်ဆယ်ဧက သိမ်းပြီးသည်နှင့် မိုးမကျမချင်း၊ အလုပ်အားသလို ဖြစ်နေ၍ နေ့စဉ် ရွာနှင့်မနီးမဝေး တွင်ရှိသော ချောင်းမှာ ငါးသွားမျှားသည်။

ချောင်းက တစ်နှစ်ပတ်လုံး ရေရှိသည်။ ရေစီးမသန်သဖြင့် ငါးမျှားရသည်မှာ မဆိုးလှ။





တစ်နေ့လုံး မပျင်းမရိတိုင်း မျှားလျှင် အနည်းဆုံး ငါးဆယ်သားမှ တစ်ပိဿာအတွင်း ငါးရရှိသည်။

ပြာသိုလဖြစ်၍ ဆောင်း၏အအေးဓာတ်ကလည်း ရှိသေးသည်။ ချောင်းစပ်မှာ ပေါက်နေသော သစ်ပင်ကြီးများကြောင့်လည်း တစ်နေ့လုံး နေပူမှာ ကြောက်စရာမလို အေးအေးဆေးဆေးစွာ ငါးထိုင်မျှား၍ ရသည်။

အချို့သစ်ပင်ကြီးများ၏ အမြစ်များက ချောင်းထဲသို့ ထွက်နေသည်။ ထိုအမြစ်ကြီးများအပေါ်ထိုင်၍လည်း ငါးမျှားနိုင်သည်။

ထမင်းစောစောစား၍ ဒီနေ့စောစောထွက်ခဲ့သည်။ ခါတိုင်း အောင်ဝင်း ငါးမျှားရာသို့ ကျော်တင့်တစ်ယောက် မကြာမကြာ ရောက်လာပြီး အတူတူ ငါးမျှားကြသည်။

ယခု အောင်ဝင်းငါးမျှားရာသို့ ကျော်တင့် ရောက်မလာသည်မှာ သုံးရက်ပင် ရှိပြီ။

နေ့ဆယ်နာရီခန့်ရောက်တော့ အောင်ဝင်းမျှော်နေသော ကျော်တင့် ရောက်လာသည်။

"ဟာ ... ကျော်တင့် ငါ မင်းကို နေ့တိုင်း မျှော်နေတာ၊ မင်းက ဘယ်ကိုရောက်နေတာလဲ"

"ငါ ... လှလှတို့ မင်္ဂလာပွဲ သတ်မှတ်ပြီးကတည်းက



www.burmeseclassic.com

www.burmeseclassic.com



အိမ်မှာ နေချင်စိတ် မရှိတာနဲ့ တစ်နေရာကို ခဏ ထွက်သွားတာ"

"မင်းကွာ ... ငါ အတန်တန် ပြောနေရက်နဲ့ မဖြစ်နိုင်တဲ့ တာကို ... မင်းက သွားကြိုက်နေတာပဲ"

သူတို့က ရွာမှာ မျိုးရိုးစဉ်ဆက် ချမ်းသာလာသည်။ လယ်တော ကလည်း ကေသုံးဆယ်လောက်ရှိသည်။ ဆယ်ကေကျော်ကျော် လောက် ကိုင်းစိုက်၍ ရသဖြင့် ကျော်တင့်က ထိုလယ်နှင့် ထိုယာခင်း များမှာ နွေရော၊ မိုးပါ တရင်းငှားသဖွယ် ဝင်၍ ပင်တိုင်လုပ်နေသူ ဖြစ်သည်။

"မင်းက သူ့ရဲ့စီးပွားရေးကို တိုးတက်အောင် နွေရောမိုးပါ အသေအကြေ လုပ်ပေးနေတာ မင်းကိုဂရုစိုက်လို့လား၊

ပြီးတော့ သူ့ရဲ့မိဘတွေကလည်း မင်းနဲ့ သဘောတူနိုင်မှာ မဟုတ်ဘူး။ မင်းရဲ့ ရုပ်ရည်ကလည်း ခပ်ကြမ်းကြမ်း မတုတ်လား မစဉ်းစားပါနဲ့ ကျော်တင့်ရာ"

"ငါ သူ့ကို ငယ်ငယ်လေးတည်းက ချစ်လာခဲ့တာ"

"မင်းချစ်တာ သူလည်း သိတာ မဟုတ်ဘူး"

"သူက ငါ့ကို အစ်ကိုလို့ ခေါ်တယ်၊ သူ့အဖေနဲ့အမေက ငါ့ကို သားလို့ခေါ်တယ်။ အဲကြောင့် ငါလည်း စိတ်ကူးတွေ ယဉ်ပြီး ကြည်နူးမိတာ"





"မင်းက သူ့ထက်ကြီးလို့ အစ်ကိုအရွယ် အစ်ကိုခေါ်တာပဲ၊ အဖိုးကြီး၊ အဖွားကြီးကလည်း သူတို့သားအရွယ်မို့ သားလို့ ခေါ်တာ၊

ငါတို့ မျိုးလွင်တို့ကို တွေ့တော့လည်း သားလို့ခေါ်တာ မင်း သိတာပဲ"

"ငါ ... သူနဲ့ မခွဲနိုင်ဘူး၊

သူလက်ထပ်ပြီးရင် သူ့ယောကျ်ားအလုပ်ရှိတဲ့ မန္တလေးကို လိုက်သွားမယ်တဲ့"

"မင်း ခံစားရလည်း တစ်ရက် နှစ်ရက်ပါကွာ"

"ဘယ်နေ့ မင်္ဂလာဆောင်မှာလဲ"

"အခု ပြာသိုလဆုတ်၊ ပြာသိုလက အိမ်ထောင်ပြုလို့ မကောင်း ဘူးတဲ့။ တပို့တွဲလဆန်းတာနဲ့ မင်္ဂလာဆောင်မယ်လို့ ပြောတယ်၊ ဆယ်ရက်လောက်ပဲ လိုတော့တယ်တဲ့"

"မင်းကြိုက်ရင် ခိုးပြေးတော့ ... ဟော့ကောင်"

"ခိုးပြေးရအောင် သူနဲ့ငါက ကြိုက်နေတာမှ မဟုတ်တာ၊ ငါကသာ တစ်ဖက်သတ် ချစ်နေတာ"

"မင်းကြောင့် ခက်ပါတယ်"

မင်္ဂလာဆောင်ရက်နား နီးလာသည်နှင့် ကျော်တင့်မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



မကောင်း၊ စကားလည်း သိပ်မပြော။

အောင်ဝင်းကလည်း အလိုက်သိစွာ မိန်းကလေးနှင့် ပတ်သက်၍ ဘာမှ မမေး။

ယခုရက်ပိုင်း အလုပ်ကလည်း ပါးနေသဖြင့် ကျော်တင့်အလုပ်ကို စိတ်မဝင်စားဘဲ အောင်ဝင်းဆီသို့သာ အမြဲလာနေခြင်းဖြစ်သည်။

ပြန်ချိန်ရောက်၍ အောင်ဝင်းပြန်သည့်အခါ ရှေ့ပိုင်းရက်က အတူတူ ပြန်ပေမယ့် နောက်ပိုင်း အောင်ဝင်းနှင့်အတူ လိုက်မပြန်ဘဲ ချောင်းစပ်မှာပဲ ထိုင်နေခဲ့သည်။

တပို့တွဲလဆန်းရက်၊ ရက်ရာဇာကျသောနေ့ ကျော်တင့်ချစ်သော လှလှ ... မင်္ဂလာပွဲ ကျင်းပသည်။

အောင်ဝင်းတို့အိမ်သို့လည်း ဖိတ်ထားသည်။

အိမ်ကလူကြီးများ မင်္ဂလာဆောင်သို့ သွားမည်ဖြစ်၍ အောင်ဝင်းလည်း ဝတ္တရားမပျက် ငါးမျှားထွက်ခဲ့သည်။

ကျော်တင့်လည်း အနားသို့ ရောက်လာပေမယ့် စကားတစ်လုံးမှ မပြော။ ငေးငေးငိုင်ငိုင်နှင့် အနီးနားမှာ ထိုင်နေသည်။

အောင်ဝင်းကလည်း ကိုယ်ချင်းစာစိတ်နှင့် နားလည်ပေးကာ သူနေချင်သလို နေပါစေဟု သဘောထားလိုက်သည်။





မင်္ဂလာဆောင်ပြီး နောက်နေ့ ညနေပိုင်း သတို့သား၊ သတို့သမီးတို့ မန္တလေးပြန်ကြမည်ဟု အမေပြော၍ အောင်ဝင်း သိရသည်။

မန္တလေးမှာ ယောက်ျားလေး၏ မိတ်များရှိသဖြင့် မန္တလေး၌ ပြန်ပြီး မင်္ဂလာဆောင်ဦးမည်ဟုလည်း အမေပြောပြသည်။

ကျော်တင့်တစ်ယောက် အသက်နှင့်အမျှ ချစ်ရသော လှလှ တစ်ပါးသူနှင့် အိမ်ထောင်ပြုသွားပြီး ရွာမှာပဲ ရှိလျှင် မြေသာပေဦးမည်။ နေ့တိုင်း မြင်နေရဦးမည်။

ယခု လက်ထပ်ပြီးသည်နှင့် မန္တလေးသို့ အပြီးပြောင်းရွှေ့နေထိုင်တော့မည်ဟုသာ သိပါက ကျော်တင့်ခံနိုင်ရည် ရှိလိမ့်မည်မဟုတ်ဟု ကျော်တင့်အစား အောင်ဝင်းလည်း စိတ်မကောင်းဖြစ်နေမိသည်။

ထိုနေ့မနက်ပိုင်း အောင်ဝင်း ငါးမျှားနေရာသို့ ကျော်တင့်ရောက်လာသည်။

ခါတိုင်းလိုပင် စကားမပြောဘဲ တစ်နေရာသို့ ထိုင်ပြီး ငေးနေသည်။

"ဟေ့ကောင် ကျော်တင့်၊ မင်းစိတ်ကို ဒုက္ခပေးမနေပါနဲ့ကွာ၊ သူလည်း ဒီညနေကားနဲ့ မန္တလေးကို လိုက်သွားတော့မှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဖူးစာ မရှိလို့ မဆုံတာပဲလို့ မှတ်ပြီး ခါတိုင်းလိုပဲ ပြန်နေပါကွာ"

ထိုသို့ ပြောကာမှ ဘာမှ ပြန်မပြောဘဲ ထပြီး ရှာဘက်သို့ ထွက် သွားသည်။

"အင်း ... ချစ်ဒုက္ခကလည်း ပင်ပန်းလှပါလား၊ မင်းကောင်မလေးရဲ့မျက်နှာ အဝေးသာ သွားကြည့်လိုက်ပါတော့ ကျော်တင့်ရာ၊ ငါကိုယ်ချင်းစာပါတယ်"

ညနေ အောင်ဝင်းအိမ်ပြန်လာတော့ ကျော်တင့်အမေ ဒေါ်လေးမြစိန် အိမ်ရောက်နေသည်ကို တွေ့ရသည်။

"ဟဲ့သား ... အောင်ဝင်း လာပါဦး၊ ဒီမှာ မမြစိန်ရောက်နေတယ်"

"ခြော် ခဏစောင့်ပါ ဒေါ်လေး၊ ငါးမျှားချိတ်တွေ သိမ်းပြီးအိမ်ပေါ်တက်လာခဲ့မယ်"

ခဏကြာတော့ အားလုံးသိမ်းဆည်းပြီးသည်နှင့် အောင်ဝင်း အိမ်ပေါ်တက်လာသည်။

မိခင်ဖြစ်သူနှင့် ဒေါ်မြစိန်၏ဘေးမှာ ဝင်ထိုင်လိုက်သည်။

"ဒီလို သားရေ၊ မမြစိန်က သူ့သားကျော်တင့်တစ်ယောက် အိမ်လည်း ပြန်မလာဘူး၊ သူ စာရင်းငှားလုပ်တဲ့ လှလှတို့အိမ်နဲ့





တဲမှာလည်း မရှိဘူး၊

သူ့ကို မမြင်တာ သုံးရက်လောက်ရှိပြီ၊ သူ့ကို သား ... တွေ့မိသေးလားလို့ လာမေးတာ"

"ဟာ ဒီကောင် အိမ်ပြန် မအိပ်ဘူးလား၊ နေ့ခင်းဘက်ဆို ကျွန်တော် ငါးမျှားတဲ့နေရာကို အမြဲရောက်တယ်၊ စကားတော့ နည်းသွားတယ်၊

အခုရက်ပိုင်း စကားတစ်လုံးမှ မပြောဘဲ ကျွန်တော်နဲ့လည်း ခပ်ခွာခွာ လာထိုင်တယ်"

"ဒီနေ့ သူ့ကို ဖူးစာမပါလို့ မဆုံဖြစ်တာ စိတ်ဖြေပါလို့လည်း ပြောရော နေ့ခင်းတစ်နာရီလောက်ကတည်းက ထပြီး ထွက်သွားတယ်"

"အဒေါ်လည်း မင်းသူငယ်ချင်းကို ပြောပါတယ်၊ ကိုယ်က သူ့အိမ်က အလုပ်သမား၊ မိန်းကလေးက မကြိုက်နိုင်သလို မိဘကလည်း သဘောတူမှာ မဟုတ်ဘူး။ ကိုယ်နဲ့ အဆင့်တူနိုင်တဲ့ မိန်းကလေးထဲက ကြိုက်ရင် အမေ့ကိုပြော အမေတောင်းပေးမယ်လို့ ပြောတာ၊ ဘာပြန်ပြောတယ်မှတ်လဲ"

"ဒီကောင် ဘာပြန်ပြောလဲ ဒေါ်လေး"

"လှလှကိုမှ မရရင် ဘယ်သူ့ကိုမှ မယူဘူးတဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်လည်း သူသဘောပေါက်အောင် မပြောနိုင်တော့ပါဘူး"

"ဒါကြောင့် သူ့ကို စိုးရိမ်နေတာ၊ ဒီကောင်လေး လှလှတို့တဲမှာလည်း သွားမအိပ်ဘူး၊ အိမ်လည်း ပြန်မအိပ်၊ ဘယ်မှာသွားအိပ်လည်း မသိဘူး"

"သိန်းလှတို့ စိုးသိန်းတို့အိမ်ကို မေးပြီးပြီလား"

"မေးပြီးပြီ၊ ရွာထဲက ကောင်လေးတွေကလည်း သူ့ကိုမတွေ့တာ သုံးရက်လောက် ရှိပြီလို့ ပြောတယ်"

"ဒါဆို မနက်ဖြန် ဒီကောင် ရောက်လာရင် အိမ်ကို ပြန်ဖို့တိုက်တွန်းလိုက်ပါ့မယ်"

"အေး ... သားရယ်၊ ပြန်လွှတ်ပေးပါ။ မင်းအမေလိုက်ရှာနေတယ်လို့ ပြောပြီး၊ အိမ်ကို ဆက်ဆက် ပြန်ခဲ့ပါလို့ ပြောပေးပါ"

"စိတ်ချ ... ပြောပေးပါ့မယ်"

"အင်း ငါ့မလည်း ဒီသားတစ်ယောက်ပဲ ရှိတယ်၊ ငါရော သူ့အဖေပါ ဒီလောက် ရုပ်မဆိုးပါပဲနဲ့၊ ငါ့သားကျမှ အရုပ်ဆိုးရတယ်လို့"

"ခန္ဓာကိုယ် မချို့ယွင်းဘဲ မွေးလာလို့ တော်သေး"

"အိုအေ ... ဘယ်လိုပဲ ရုပ်ဆိုးဆိုး တစ်နေ့ သူနဲ့





ထူးစာဖက်ဖြစ်မယ့် မိန်းကလေးကို တွေ့မှာပါ"

"နောက်နှစ် လှလှတို့လယ်မှာ ကျွန်မသားကို မလုပ်ခိုင်းတော့ဘူး။ အဲဒီအိမ်မှာ အလုပ်ဝင်လုပ်ရင် နေ့တိုင်း သတိရပြီး စိတ်ဆင်းရဲနေမှာ"

"ကြာတော့လည်း ရိုးသွားမှာပါ၊ သူ့စိတ်သူ ဖြေနိုင်ပါလိမ့်မယ်"

ခဏကြာတော့ ဒေါ်မြစိန် အောင်ဝင်းတို့အိမ်မှ ပြန်သွားသည်။

× × × × ×

အောင်ဝင်းလည်း မနက်စာစားပြီး ဆယ်နာရီကျော်သည်နှင့် ငါးမျှားတံဆွဲ၍ ထွက်ခဲ့သည်။

ဒီတိုင်း ထိုင်နေကျ သစ်ပင်အောက် မထိုင်ဘဲ အမြစ်ကြီးချောင်းဘက်ထွက်နေသော သစ်ပင်ကြီးရဲ့ အောက်သစ်မြစ်ပေါ်ခွထိုင်ကာ ငါးမျှားနေလိုက်သည်။

ငါးမျှားနေစဉ် လေအဝှေ့မှာ အပုပ်နံ့ကို တစ်ချက် တစ်ချက်ရှူရှိုက်မိနေသည်။

ချွေးသေကောင်ပုပ်များ ရေစီးနှင့် မျောလာပြီး သစ်မြစ်များနှင့်ငြိနေလား အထင်နှင့် မြင်နိုင်သရွေ့ လှမ်းကြည့်မိသည်။

မျက်စိတစ်ဆုံး မြင်နိုင်သလောက် အတွင်းမှာ ခွေးသေကောင်



www.burmeseclassic.com

www.burmeseclassic.com



လည်း မမြင်၊ အခြားပုပ်နိုင်သည့် အရာမှန်သမျှ မတွေ့ရ။

ထို့နောက် ထုံးစံအတိုင်း ငါးထိုင်များနေသည်။

ခဏကြာတော့ ကျော်တင့်အနားသို့ ရောက်လာသည်။

"ဟေ့ကောင် ကျော်တင့်၊ မင်းကွာ ... မိန်းမတစ်ယောက်အတွက်နဲ့ ဘယ်တွေ လျှောက်အိပ်နေရတာလဲ မင်းအမေက မင်းပြန်မအိပ်လို့ စိတ်ပူနေတယ်"

အောင်ဝင်းက လျှောက်ပြောနေပေမယ့်၊ ခေါင်းငိုက်စိုက်ချထားသော ကျော်တင့်က မျက်နှာသေနှင့် ဘာမှ ပြန်မပြော။

သစ်ငုတ်တစ်ခုပေါ် သွားထိုင်ပြီး ငိုင်နေသည်။

ကြာရင် ဒီကောင် အခြေအနေ မလွယ်ဟု အောင်ဝင်းစိတ်က တွေးမိသည်။

"ညနေ ငါပြန်ရင်၊ ငါနဲ့အတူ လိုက်ခဲ့။ ငါတို့ အတူပြန်ကြတာပေါ့ကွာ"

"အိနဲ့ မင်းအိမ်လည်း မပြန်ဘူး၊ မင်းသူငယ်ချင်းတွေဆီလည်း မသွားဘူး။ မင်းမနက်စာ ဘယ်မှ သွားစားလဲ"

အောင်ဝင်းက တစ်ခွန်းပြီး တစ်ခွန်းပြောနေပေမင့်၊ ကျော်တင့် ဘာမှ ပြန်မပြော။

သို့ဖြင့် အောင်ဝင်းလည်း ကျော်တင့်ကို စကားမပြောတော့ဘဲ





ငါးကိုသာ အာရုံနှစ်ပြီး မျှားနေလိုက်သည်။

နေ့တစ်နာရီခန့်ရှိပြီ၊ အောင်ဝင်းလည်း ကျော်တင့်ကို အာရုံမစိုက်မိတော့ဘဲ ငါးကိုသာ ဂရုတစိုက် ကြည့်ရှုမျှားနေလိုက်သည်။

ငါးက ဒီနေ့ပို၍ရသည်။ အကောင်ကြီးများ ငါးရံ့၊ ငါးခူများ ကြောခဏ ရနေသည်။

အပုပ်နံ့ကလည်း ခပ်စိမ့်စိမ့် နံလာသည်။

ဗွမ်း ... ပလောက် ... ပလောက် ... ပလောက်

သစ်ပင်ကြီးပေါ်က ရေစပ်သို့ အရည်များ ဆက်တိုက်လိုကျလာသည်ကို မြင်လိုက်သဖြင့် အောင်ဝင်း နှလုံးက ဒိတ်ခနဲခုန်သွားသည်။

အပုပ်နံ့ကလည်း ပိုနံလာသည်။

"ဘယ်လိုလဲဟ"

အောင်ဝင်းလည်း အရည်များ တတောက်တောက် ကျလာနေသော အပေါ်ဘက်သို့ မော့ကြည့်လိုက်သည်။

"ဘာပါလိမ့်"

သေချာအောင် ထိုင်နေရာက ထပြီး နေရာရွှေ့ကာ ကြည့်သည်။

"ဟင် ... လူ ... လူ"



www.burmeseclassic.com

www.burmeseclassic.com



"လူသေအလောင်းကြီး"

အောင်ဝင်းမြင်လိုက်ရသည်က မည်းမည်းညစ်ညစ် ပေနှစ်ဆယ်ခန့် အမြင့်မှာ တွဲလောင်းကြီးဖြစ်နေသော လူတစ်ယောက်ကို တွေ့ရသည်။

"ဟင် ... စောစောက အပေါ်က ကျလာတဲ့ အရည်တွေဟာ ဒီအလောင်းကောင်က ကျလာတာပဲ ဖြစ်မယ်"

"အပုပ်ရည်တွေကို လာစားတဲ့ ငှက်စုတွေ၊ ငှက်ရုံ့တွေကို ဒီနေ့မှ ငါ ဖမ်းမိနေတာပဲ သွားပါပြီ"

အောင်ဝင်းလည်း စဉ်းစားမနေတော့ဘဲ ရွာသို့ တန်းပြီး ပြေးတော့သည်။ ရွာသို့ ရောက်တော့ မောနေသည်။

အိမ်သို့ တန်းမသွားသေးဘဲ ရွာလူကြီးအိမ်သို့ သွားပြီး အကျိုးအကြောင်း ပြောပြသည်။

"မင်းဟာက သေချာလို့လား"

"သေချာပါတယ်၊ သစ်ပင်အမြင့်ကြီးမှာ တွဲလောင်းကြီး ပုပ်တောင် ပုပ်နေပြီ"

"သေချာတယ်ဆိုရင်လည်း တစ်ခါတည်း ရဲစခန်းကို လူလွှတ်အကြောင်းကြားခိုင်းလိုက်မယ်၊

ရဲလာမှ သွားကြည့်ကြတာပေါ့"





ထိုအချိန် ဒေါ်မြစိန်လည်း သားပျောက်နေတာ ကြာပြီဖြစ်၍ သတင်းကြားလျှင် ကြားချင်း ဆွေမျိုးသားချင်းများကို အသိပေးပြီး အောင်ဝင်းနှင့်အတူ ချောင်းစပ်သို့ အပြေးအလွှား ထွက်လာကြသည်။

သစ်ပင်ကြီးများက သက်ကြီးပင်များဖြစ်၍ ပေနှစ်ဆယ် ပေးသုံးဆယ်မျှ အမြင့်ရှိကြသည်။ မအူပင်ကြီးများက အများဆုံးဖြစ်သည်။

"ဘယ်မှာလဲ အောင်ဝင်း"

"တို့ရှေ့က မအူပင်ကြီး၊ ချောင်းဘက်ထွက်နေတဲ့ အကိုင်းမှာ"

"တောတွေ့ပြီ၊ ဘယ်သူလဲ မသိဘူး"

"ငါတက်ကြည့်မယ်"

"ဟာ ... မတက်နဲ့၊ ရဲလာလို့ တက်ခိုင်းမှတက်"

"အောက်က မှန်းပြီးကြည့်ရတာ ဘယ်သူမှန်းတောင် မသိတော့ဘူး၊ ပုပ်ပြီး ယောင်ကိုင်းနေပြီ"

"ကျွန်တော့်အထင် ပြောရရင်၊ ကျော်တင့်များ ဖြစ်မလား"

"မဖြစ်နိုင်ပါဘူး ကိုလုံး ... မနက်က ကျော်တင့် ကျွန်တော့်ဆီးမှာ လာထိုင်နေတာ ... ပြီးတော့ နေ့တိုင်း ကျွန်တော့်နားလာလာထိုင်နေတာ၊ သူတော့ မဖြစ်နိုင်ဘူး၊



www.burmeseclassic.com

www.burmeseclassic.com



နေ့ခင်း တစ်နာရီလောက်မှ ထသွားတာ"

ဒေါ်မြစိန်က

"တဲ့ သေသေချာချာ ကြည့်စမ်း အောင်ဝင်း၊ မင်းသူငယ်ချင်း ဝတ်တဲ့ အဝတ်အစားတွေ မမှတ်မိဘူးလား"

ဒေါ်မြစိန်ပြောမှ အောင်ဝင်းလည်း ကြိုးတွဲလောင်းချ သေနေသောလူ၏ အဝတ်အစား ကို ကြည့်လိုက်သည်။

ကျော်တင့်ဝတ်ထားသော အကျီက အညိုရောင်ဖျော့ဖျော့ ပုဆိုးက အပြာကွက်၊ သစ်ပင်ပေါ်က အလောင်းကောင်မှာရှိသော အရောင်က ညိုညစ်ညစ် ပုဆိုးအပြာကွက်ကလည်း ဒူးရကိုးပေါက်မှ အပုပ်ရည်များ ထွက်ပြီး ပေကျံနေသဖြင့် ရုတ်တရက် သတိ မထားလိုက်မိခြင်းဖြစ်သည်။

"ဒါဆို အပေါ်က သေနေတဲ့အလောင်းက ကျော်တင့်ဖြစ်ဖို့ များနေပြီ၊ ဟုတ်တယ် ဒီအကျီနဲ့ ဒီပုဆိုးပဲ၊ သူဝတ်ထားတာ"

သူနားသို့ နေ့စဉ်လာထိုင်နေသော ကျော်တင့်က လူမဟုတ်တဲ့ နာနာဘာဝသရဲတစ်ကောင်မှန်း စဉ်းစားမိသွား၍ ယခုမှပင် အောင်ဝင်း စိတ်ထဲ ချောက်ချားလာသည်။

"ဘုရား ... ဘုရား အပေါ်မှာက အလောင်းကြီး၊ ဇီဝေား မှာက နာနာဘာဝတစ်ကောင်နဲ့ တစ်နေကုန်ထိုင်နေမိတာပါလား"





အပုပ်လွန်၍ ဒူးရကိုးပေါက်မှ ထွက်ကျလာသော အရည် များကို ငှက်ကို ငှးမှု၊ ငှးရုံ့တွေ လာစားကြပုံရသည်။ ထိုအရည်များကြောင့် အပုပ်နံ့ ခပ်စိပ်စိပ်ရခဲ့သည်။ ယခုရက်ပိုင်း ငှးများ ပိုပိုရလာသည်။

အပုပ်အစပ်ကြိုက်သော ငှးများ ပိုမိုရလာခြင်းကလည်း တွေးမိတိုင်း အော်ဂလီဆန်လာသည်။

ထိုဖမ်းဆီးရမိသော ငှးများကို နေ့စဉ်ချက်ပြုတ်စားသောက် ခဲ့ရာ လွန်ခဲ့သော နှစ်ရက်၊ သုံးရက်ခန့်တပင် ငှးများ အရပိုလာ သည်။

အောင်ဝင်းလည်း ဒီနေ့ဖမ်းမိထားသော ငှးများနှင့် ပလိုင်းကို ရေထဲ ပစ်ချလိုက်သည်။

ရဲများ ရောက်လာသည်နှင့် ရွာသားနှစ်ယောက်ကို သစ်ပင်ပေါ် တက်ခိုင်းကာ ကြိုးအရှည်တစ်ချောင်းဖြင့် ချည်စေပြီး ကြိုးဖြင့် အောက်သို့ ခဲရာခဲဆစ် ချကြရသည်။

တစ်နာရီနီးပါးမျှ ခဲရာခဲဆစ် အောက်သို့ ချရသည်။ သေသူက သေနှစ်ဆယ်ခန့်မျှအထိ တက်ပြီး ကြိုးဆွဲချ သတ်သေခြင်းဖြစ်သည်။

နေ့စဉ် ငှးလာမျှားနေသော အောင်ဝင်းလည်း တစ်ကြိမ် တစ်ခါမျှမက အပေါ်သို့ မော့ကြည့်ဖြစ်ပါသည်။ အလောင်းရှိနေသော သစ်ပင်နှင့် အပေါ်အောက်တည့်တည့် မဟုတ်၍ မမြင်မိသလို၊



www.burmeseclassic.com

www.burmeseclassic.com



နှိမ့်နိမ့်ပေါက်ရောက်နေသော သစ်ပင်သစ်ရွက်တို့ ကွယ်နေခြင်းကြောင့်လည်း မမြင်မိခြင်းဖြစ်သည်။

အိုရကိုးပေါက်မှ အရည်များကျ၍ သိခြင်းဖြစ်သည်။ ထိုသို့ မသိပါက နောက်နှစ်ရက်ခန့်ဆိုလျှင် ရှိရွဲနေသော အသားပုပ်များ ပွဲပြီး ကျလာတော့မည်ဟု ဆိုကြသည်။

သေသူမှာ ကျော်တင့်ဖြစ်ကြောင်း အဝတ်အစားများကို မှတ်မိ၍ တညီတညွတ်တည်း ပြောကြသည်။

ရဲစစ်ချက်အရ သေသည်မှာ တစ်ပတ်ကျော်သွားပြီဟု ပြောသည်။

အောင်ဝင်းလည်း အချစ်အတွက် အသက်ကို အလကားအဆုံးခံလိုက်သူ ကျော်တင့်အတွက် ယူကြုံးမရ ဖြစ်ရသည်။

လှလှ မင်္ဂလာမဆောင်ခင် ဖိတ်စာကမ်းသောနေ့လောက်က သတ်သေသွားခြင်း ဖြစ်နိုင်သည်ဟု အောင်ဝင်း တွက်မိလိုက်သည်။

တဖက်သတ်ချစ်ရသော ကိုရုပ်ဆိုးကျော်တင့် အသက်ပေး၍ အချစ်ကို သက်သေပြသွားသည်။

ထိုကဲ့သို့ ဖြစ်ပြီးနောက်ပိုင်း အောင်ဝင်းတစ်ယောက် ငါးများ မထွက်တော့ပါ။

ကျော်တင့်ရဲ့ဝိညာဉ်က တရားနာအမျှဝေယော်လည်း ကျွတ်နိုင်





မရ၊ ရွာထဲမှာ ညည တွေ့သူက တွေ့သည်ဟုဆိုသည်။

လှလှတို့အိမ်မှာ မိုးတွင်းစာရင်းငှားဝင်လုပ်ရင်း နွားတင်းကုတ်အတွင်း၊ သူအိပ်သော ကွပ်ပျစ်ပေါ်မှာ ညဘက် မကြာခဏတွေ့သည်ဟုလည်း ပြောကြသည်။

အိပေမဲ့ ကျော်တင့်ဝိညာဉ်ကို လူတွေ မကြာခဏ မြင်ရသည်ဟု ပြောပေမင့် အချစ်ရူးသမားကျော်တင့်ကတော့ ဘယ်သူ့ကိုမှ ခြောက်လှန့်ခြင်း မပြုခဲ့ပါ ...

ရုပ်ဆိုးသူများ ကံကောင်းနိုင်ကြပါစေ ...



www.burmeseclassic.com

www.burmeseclassic.com

# ဝိညာဉ်လိပ်ပြာမြူးတဲ့ည

သည်းလိုက်သည့်မိုး၊ တစ်ညလုံး မရပ်ဘဲ။ မသွားမဖြစ်သည့် ခရီးကို တင်မြှင့် ထွက်လာခဲ့ရသည်။

လစဉ် မိဘနှစ်ပါးကို စားသောက်စရိတ်ပို့ပေးနေကျ။ မိခင် ဖခင်က အသက်ခြောက်ဆယ်ကျော် ခုနစ်ဆယ်နီးပါးရှိနေကြပြီ။ မိမိနှင့်အတူ လာနေရန် ခေါ်သော်လည်း မိမိချက်မြှုပ်မှာသာ သေသည်အထိ နေမည်ဆိုသည့်အတွက် ရိပ်ကွက်မိတ်ဆွေ၊ အမျိုးများထံ အပ်ထားခဲ့ရသည်။

ယခုလအတွက် ထောက်ပံ့စရိတ်ပို့ပြီးသော်လည်း မိခင်ဖြစ်သူ နေမကောင်းတု အကြောင်းကြားလာသဖြင့် ဆေးကုသနိုင်ရန် ဓါတ်စာစားရန် အရေးပေါ် ပိုက်ဆံနှင့် ဆေးဝါး၊ စားစရိတ် သွားပို့ခြင်းလည်းဖြစ်သည်။





အလုပ်မှာ တာဝန်ရှိသော နေရာကို ဈာထားရဖြင့် တော်ရုံတန်ရုံနှင့် ခွင့်ယူ၍ မဖြစ်၊ ယခု မိခင်ကျန်းမာရေးကြောင့် အရေးပေါ် ထွက်လာခဲ့ခြင်းဖြစ်သည်။

ကျန်းမာရေး မစိုးရိမ်ရတော့ဟု ဆိုလျှင် နေ့ခြင်းပြန်လာရန် ဆုံးဖြတ်ထားသည်။

သူသွားရမည့်ခရီးက တစ်ညလုံးနီးပါး သွားရမည်ဖြစ်သည်။ ပုံမှန်သွားပါက မနက်လေးနာရီခန့် ခရီးဆုံးမည်၊ ထိန်တောရွာသို့ ရောက်မည်။

ထိန်တောရွာက ကားလမ်းဘေးနှင့်လည်း သိပ်မဝေး၊ မိုင်ဝက်ခန့်သာ ဝေးသလို ကျောက်ခင်းလမ်းရှိသဖြင့် ရွာအထိ ကားဆောင်းသွားလို့ရသည်။

ညနေ ငါးနာရီခန့် ခရီးထွက်လာခြင်းဖြစ်သည်။ လမ်းမှာ မိစ္ဆာလမ်းဆုံကို ဖြတ်ရဦးမည်။ ထိုနေရာမှာ မီးပွိုင့်လည်း မရှိ။

ထိုလမ်းလေးခွဆုံမှာ မကြာခဏ ကားချင်းတိုက်မိကြပြီး လူတွေ သေကာ ဝိညာဉ်သရဲများအဖြစ် မကျွတ်မလွတ်ဘဲ ရှိနေကြသည်။

ထိုတစ္ဆေသရဲများက ခရီးသွားကားများကို ပုံစံအမျိုးမျိုးဖြင့် ခြောက်လှန့်ရာ နေရာလည်း ဖြစ်သည်။ ထို့ကြောင့် ထို



www.burmeseclassic.com

www.burmeseclassic.com



မိစ္ဆာလမ်းဆုံကား နာမည်ကြီးလှသည်။

သရဲ တစ္ဆေတို့ကြောင့်လည်း မိစ္ဆာလမ်းဆုံဟု အမည်တွင်ပြီး နာမည်ကြီးခြင်းလည်းဖြစ်သည်။

တင်မြင့်လည်း ဤလမ်းခရီးကို မထွက်ခင်ကတည်းက ဤမိစ္ဆာလမ်းဆုံအကြောင်း ကြားထားသည်က အဖြစ်အပျက်မျိုးစုံ၊ သတင်းဆိုးရော၊ သတင်းကောင်းရော ကြားရသည်။

ကလောက လမ်းဆုံမှာ ညဘက် ဆိုင်ကယ်တစ်စီးကို တစ်ဖက်မှ လာသော လိုက်ထရပ်တစ်စီးက ကန့်လန့်ဖြတ် ဝင်တိုက်လိုက်သည်။

ဆိုင်ကယ်ပေါ်မှ စုံတွဲက အဝေးသို့ ဝါးနှစ်ပြန်ခန့် လွင့်ထွက်သွားသလို ...

ဝင်တိုက်သော လိုက်ထရပ်က ဓါတ်တိုင်ကို ဝင်တိုက်ပြီး ကားမောင်းလာသူ အိုးသားနှင့် ဘေးမှာထိုင်လိုက်လာသူ နှစ်ယောက်လုံး သေဆုံးသွားသည်ဟု သတင်းကြားလိုက်ရသည်။

ထို့ပြင် ရှိသေးသည်။

တင်မြင့်အသိ ကားသမားတစ်ယောက် ပြောစကားအရ ထိုလမ်းဆုံနားအရောက် ကားက မောင်းနေလျက်က ရုတ်တရက် ဂျက်သွားခဲ့သည်။





ဘယ်လိုနှိုးနှိုး စက်က နိုးမလာခဲ့။ မိုးက တဖွဲဖွဲ ရွာနေသည်။ အဖော်ပါသူကလည်း စက်မပြင်တတ်။

ကားလည်း မပြင်တတ်သဖြင့် ကားအောက်သို့ ဆင်းကာ စက်ဖုံးဖွင့်ပြီး ကြည့်သည်။ ဘာဖြစ်မှန်းလည်း မသိသဖြင့် စက်ဖုံး ပြန်ပိတ်ပြီး ခေါင်းခနီးမှာ ဝင်ထိုင်နေလိုက်သည်။

ထိုစဉ် လမ်းလေးခွဆုံအနီးမှာ မိန်းကလေးတစ်ယောက် လမ်းလျှောက်နေသည်ကို တွေ့လိုက်သည်။

"တော့ကောင် ဖိုးလုံး၊ ဟိုမှာ မိန်းကလေးတစ်ယောက်တည်း လျှောက်နေတာ တွေ့လား"

"ဒီအချိန် မိုးရွာထဲမှာ ထောင်းစရာ မပါဘဲ လမ်းလျှောက်နေတာ လူမှ ဟုတ်ရဲ့လား၊ သရဲ တစ္ဆေများလား"

"မဖြစ်နိုင်ပါဘူးကွာ၊ မိန်းကလေးမှ မိန်းကလေးပါ"

"မင်းက သရဲမဟုတ်ဘူးလို့ ဘာကြောင့် ပြောရတာလဲ"

"သရဲဆို ... တို့ကိုလာခြောက်မှာပေါ့"

"မဟုတ်တာ ... အဝေးကနေ၊ အယောင်ပြတာ ဖြစ်နိုင်တာပဲ ... ဒါမှမဟုတ်၊ ညဥ့်ငှက်မလေးတစ်ယောက်လည်း ဖြစ်နိုင်တာပဲ"

"ငါတို့ကားကို သူ့အနားမောင်းသွားလို့ရရင် သိပ်ကောင်း



www.burmeseclassic.com

www.burmeseclassic.com



မှာပဲ"

သူတို့နှစ်ယောက် မိန်းကလေးအကြောင်းကို ကြည့်ရှုဝေဖန်နေစဉ် သူတို့မျက်စိအောက်မှာပင် မိန်းကလေး ပျောက်သွားသည်။

ထိုစဉ် ငွေမြင့်၏ဘေးဘက်ရှိ မှန်မှ တစ်စုံတစ်ခုကို မြင်လိုက်သည်။

"ဟောကောင် ငွေမြင့်၊ မင်း ... မင်း ... ဘေးမှာ"

"အမယ်လေး"

မျက်လုံးပြောက်ပက် လည်ပင်းကျိုးနေသော မိန်းမသရဲကို မြင်လိုက်ရသည်။

စောစောက မိန်းမလှလေးရုပ်သွင် ပျောက်၍ ကြောက်စရာ သရဲမအသွင်နှင့် ပေါ်လာသည်။

သွေးစွန်းနေသော လက်နှစ်ဖက်က မှန်ကို ကုတ်ခြစ်နေသည်။

ဂျစ် ... ဂျစ် ... ဂျစ်

ဗျမ်း ... ဗျမ်း ... ဗျမ်း

သွေးချင်းချင်းနီနေသော လက်ဝါးနှစ်ဖက်နှင့်လည်း မှန်ကို ရိုက်နေသည်။

လည်ပင်းရိုး ကျိုးနေသော သရဲမက ခေါင်းကို နောက်သို့ လှန်ချလိုက်ကာ မျက်လုံးကြီးနှစ်လုံး ပြူးထွက်ပြီး သူတို့နှစ်ယောက်





ကို လိုက်ကြည့်နေသည်။

ထို့နောက် စက်ဖုံးပေါ် ကုတ်ဖက်တွယ်တက်နေသည်။

ဖိုးလုံးနှင့်ငွေမြင့်တို့လည်း ကားကို စက်နှိုးသည်။ လုံးဝ နိုးမလာခဲ့။

သွား ... သွား ... မလာနဲ့။

သရဲမက နောက်ဆုတ်မသွားဘဲ စက်ဖုံးပေါ် ကုတ်ကက် နေသည်။

"တာ စက်ဖုံးပေါ် ရောက်သွားပြီ"

လေကာမှန်နား ရောက်လာပြီ။

ဝုန်း ... ဝုန်း

ဝုန်း

သွေးချင်းချင်းနီနေသော လက်ကြီးများနှင့် မှန်ကို ထုရိုက်နေသည်။

သရဲမ၏ ထုရိုက်ချက်ကြောင့် မှန်ပေါ်မှာ အက်ရာအစင်း ကြောင်းများက ပင့်ကူအိမ်သဖွယ် ပေါ်လာသည်။

သွား ... သွား

ဖိုးလုံး ငယ်သံပါအောင် အော်ပြီး အကြောက်လွန်သော သတိမေ့သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဌေးမြင့်လည်း တံခါးဖွင့်ပြီး ကားပေါ်မှ ခုန်ချကာ ထွက်ပြေးတော့သည်။

ကားပေါ်မှဆင်းပြီး သရဲမလည်း ဌေးမြင့်နောက်သို့ လိုက်လေတော့သည်။

သရဲမနောက်မှ ပါလာသဖြင့် အားကုန်ပြေးခဲ့ရာ ...

တား ... တား ... တား

သူ့ရှေ့မှ ရယ်မောသံကြီးကြောင့် ခြေလှမ်းတုန့်ကာ ရပ်လိုက်သည်။

ဌေးမြင့် မြင်လိုက်ရသည်က သွေးတွေ ဒလဟော၊ လည်ပင်းက ပန်းထွက်နေသည့် လည်ပင်းရိုးကျိုးနေသော သရဲမ သူ့ရှေ့မှာ ရစ်လျက် ပေါ်လာသည်။

အား ... အမလေးဗျ

သွေးပျက်ကြောက်လန့်သည့်အသံ ဆုံးသည်နှင့် ဌေးမြင့် မူးညွှတ်ပြီး လဲကျသွားသည်။

မိုးလင်းသည်နှင့် ကားထဲမှာ အကြောက်လွန်ပြီး သတိမေ့နေသည့် ဗိုးလုံး ပြန်လည် သတိရပြီး၊ ဌေးမြင့်ကတော့ လမ်းဆုံးအစပ်မှာ အသက်ပျောက်နေသည်ကို တွေ့ကြရသည်။

ဗိုးလုံး သတိရပြီး စက်နှိုးကြည့်တော့ အလွယ်တကူ နှိုးသွားခဲ့သည်။

ညက ဘယ်လိုနှိုးနှိုး မနှိုးရခြင်းမှာ ဂိုဏ်ဥပ်များ၏ လှည့်စားမှုပင် ဖြစ်ပေမည်။ သူတို့ခြောက်လှန့်ချင်သော ကား ဆိုင်ကယ်များကို သူတို့ရှိသည့်နေရာသို့အရောက် စက်များကို ပျက်အောင် ဖျတ်ကြသည်။

စက်ပျက်ပြီး ရပ်သွားပါက စိတ်တိုင်းကျ ခြောက်လှန့်တော့သည်။

ထို့ပြင် ရှိသေးသည်။ နယ်မှ ပြန်လာသော တင်မြင့်၏ မိတ်ဆွေတစ်ယောက်ကလည်း သရဲနှင့် ထိုနေရာမှာပင် ဆုံတွေ့ခဲ့ပါသေးသည်။

လမ်းဘေးမှာ ထုံးစံအတိုင်း စက်ပျက်သွား၍ ရပ်နေစဉ် အနီးသို့ မိန်းကလေးတစ်ယောက် ရောက်လာသည်။

မိန်းကလေးက မှန်ပေါက်ကနေ ရပ်ကာ၊

"ဒီနားမှာ မရပ်နဲ့၊ ရှေ့နားမှာ တိုးပြီးရပ်၊ ဒီမှာက မှောင်တယ်"

"ကားပျက်သွားလို့ ရပ်နေတာ၊ မောင်းလို့ မရဘူး။ စက်လည်း မပြင်တတ်ဘူး"

"နှိုးကြည့်ပါ၊ စက်မပျက်ပါဘူး"




မိုးစာပေ

www.burmeseclassic.com

www.burmeseclassic.com



ထိုလူလည်း စက်ကို နှိုးလိုက်ရာ မိန်းကလေးပြောသည့်အတိုင်း စက်နှိုးသွားသည်။

ထို့ကြောင့် ဝမ်းသာအားရရှင့် ရှေ့တိုးပြီး ရပ်ရန် မစဉ်းစားဘဲ ထိုနေရာမှ အမြန်မောင်းထွက်ရန် စိတ်ကူးပြီး ဂီယာထိုး၊ လီဗာနင်းပြီး မောင်းထွက်လိုက်သည်။

ဝူး

ဝုန်း

ဒုန်း

ဝူးခနဲ ကားမောင်းအထွက် ဝုန်းခနဲ တစ်ခုခုကို တိုက်မိသောအသံနှင့်အတူ ကားက တုန့်ခနဲ တုန်သွားသည်။

"ဟာ စောစောက မိန်းကလေးကို ငါ့ကားနဲ့ တိုက်မိသွားပြီ၊ ဒုက္ခပါပဲ၊ သေပြီလား မသိဘူး"

ခါးဆန့်ပြီး ကားဘောနက်အဖုံးပေါ်မှ ကျော်၍ ရှေ့သို့ ကဲကြည့်လိုက်သည်။

လမ်းပေါ်မှာ မိန်းကလေးတစ်ယောက် လဲနေသည်ကို မလွှတ်မကင်း မြင်လိုက်ရသည်။

"ဘုရား၊ ဘုရား သေပြီလား မသိဘူး၊ သေပြီဆိုရင်လည်း ဘယ်သူမှ မသိသေးဘူး၊ မောင်းပြေးမယ်"





အခြေအနေကြည့်ပြီး မီးစင်ကြည့်ကရန် ဆုံးဖြတ်၍ ကားတံခါးဖွင့်၍ အောက်ဆင်းလိုက်သည်။

ကားရှေ့မှာ စောစောက မိန်းကလေး မှောက်လျက် လဲနေသည်ကို တွေ့ရသည်။

"ဟာ သေပြီလား မသိဘူး"

သူကြည့်နေစဉ်မှာပင် မိန်းကလေး လှုပ်ရှားလာသည်ကို တွေ့လိုက်သည်။

မိန်းကလေး မသေသေးကြောင်း သိလိုက်၍ စိတ်ပူပန်မှု အနည်းငယ် လျော့ကျသွားသည်။

ထိုစဉ်မှာပဲ မထင်မှတ်သော အမြင်ကို သူမြင်လိုက်သည်။ လဲနေသော မိန်းကလေး လှုပ်လာပြီး ရှေ့ဘက်ကို မိကျောင်းသွားသွားနေတော့သည်။

ခါးအောက်ပိုင်း ခန္ဓာကိုယ်က ထိုလဲနေသောနေရာမှာ ကျန်ခဲ့ပြီး သွေးများက ဖန်းထွက်နေသည်။

"ဟာ ... ခါးပြတ်နေတဲ့ မိန်းမ ... သ ... သရဲမ"

ထိုအခါ ရှေ့သို့ တိုးသွားနေသော မိန်းမမျက်နှာက မျက်နှာပေါက်တော့ဘဲ သရဲမကြီးပုံ ဖြစ်နေသည်။

သ ... သ ... သရဲ ... မ



www.burmeseclassic.com

www.burmeseclassic.com



အော်ဟစ်တုန်လှုပ်ပြီး ကားပေါ်အမြန်တက်ပြီး မောင်းထွက်ခဲ့တော့သည်။

ထိုမိစ္ဆာလမ်းဆုံမှာ အဖြစ်များတာ တစ်ခုရှိသေးသည်။ ညဘက်ရောက်လျှင် တစ်ဖက်ယာဉ်ကြောမှ လာသောယာဉ်ကို မမြင်ရအောင်ဖျောက်ထားပြီး လမ်းဆုံရောက်မှ ရုတ်တရက် ပေါ်လာခြင်းဖြစ်သည်။

ထိုသို့ဖြစ်လျှင် တစ်ဖက်ကလာသော ယာဉ်မှာ မရှောင်မတိမ်းနိုင်တော့ဘဲ ခါးဖြတ်တိုက်မိခြင်း၊ ထိပ်ခြင်း တိုက်မိခြင်းတို့ ဖြစ်ကုန်ကြတော့သည်။

တကယ်တော့ ထိုနေရာအနီးမှာ သင်္ချိုင်းဟောင်းတစ်ခု ရှိခဲ့သည်ဟု ရှေးမှီ နောက်မှီလူကြီးများက ပြောသည်ကို ကြားဖူးသည်။

ကားလမ်းဖောက်စဉ်က ထိုသင်္ချိုင်းဟောင်းကို မဖယ်ဘဲ ဖြတ်ဖောက်ထားခြင်းကြောင့် ထိုကဲ့သို့ သရဲတစ္ဆေများ သောင်းကျန်းရခြင်းလည်းဖြစ်သည်။

လူကိုခြောက်လှန့်ခြင်းမရှိဘဲ ကားလမ်းဘေးမှ ဖြတ်သွားဖြတ်လာ အချိန်မတော် သန်းခေါင်ကျော်လျှင် မိစ္ဆာသရဲများကို မကြာခဏ တွေ့ရကြောင်း ကြားဖူးသေးသည်။

တင်မြင့်လည်း ခါတိုင်း သည်ခရီးကို နေ့ဘက်မှသာ သွားနေကျ၊ ယခု ညဘက်ခရီးမို့ အတိတ်ကကြားထား သိထားရသော အဖြစ်အပျက်များက ဦးနှောက်ထဲ ဝင်ရောက်လာသည်။

မိုးတဖွဲဖွဲမှာ ကားကတရိပ်ရိပ် ပြေးနေသည်။ ပတ်ဝန်းကျင်မှာလည်း ကားအသွားအလာ နည်းနေသည်။ အချိန်က ဆယ်နာရီနီးပါးရှိလာပြီ၊ ထိုလမ်းဆုံနားလည်း နီးလာပြီ။

ကားကို မောင်းသတိထားပြီး မောင်းနေစဉ် လမ်းဘေးမှ အမျိုးသမီးတစ်ယောက်နှင့် ဆယ်နှစ်အရွယ် ယောကျ်ားလေးတစ်ယောက်ကို ကားတားနေသဖြင့် ကားကို အရှိန်လျှော့လိုက်သည်။

လမ်းဆုံရောက်ရန်ဝေးသည်။ လိုသေးသဖြင့် သရဲမဖြစ်နိုင်ဟူသော အတွေးနှင့် ကားကို ရပ်ပေးလိုက်သည်။

"ကျွန်မတို့ ရှေ့က ရွာကို လိုက်ချင်လို့ပါ၊ လမ်းလျှောက်လာတာ တဖြည်းဖြည်း မှောင်လာလို့ ကားကို တားလိုက်တာပါ"

"ခင်ဗျားတို့ရွာက လမ်းဆုံကို ကျော်သေးလား"

"မရောက်ပါဘူး၊ သိပ်မဝေးတော့ပါဘူး၊ လမ်းဘေးနားမှာပဲ ရွာက ရှိပါတယ်"

တင်မြင့်လည်း မိစ္ဆာလမ်းဆုံထိ မရောက်ဟု ဆိုသဖြင့် စိတ်ချလက်ချ ဖြစ်ကာ၊ ကားပေါ်တက်ခိုင်းလိုက်သည်။

ကားပေါ်ရောက်တော့ မိန်းကလေးက







www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မတို့က မောင်နှမပါ၊ အခုလို ကားပေါ် ခေါ်တင်တာ ကျေးဇူးတင်ပါတယ်"

မောင်နှမဆိုသဖြင့် အကဲခတ်ကြည့်လိုက်ရာ မိန်းကလေးမှာ နှစ်ဆယ်ဝန်းကျင်ခန့်သာ ရှိမည် ထင်လိုက်သည်။

"အခုသွားမယ့် ရွာနဲ့၊ မင်းတို့ဘယ်လို ပတ်သက်လဲ"

"အဲဒီရွာမှာ အမေနဲ့နေတာပါ၊ ဆွေမျိုးတွေရှိတဲ့ရွာက ပြန် လာတာ၊ ကားနဲ့ ပြန်နိုင်းတာ၊ ရွာက ထွက်ကတည်းက ကား တစ်စီးပြီးတစ်စီး တားပေမယ့် တားမရဘူး။ အဲနဲ့ မောင်နှမ နှစ်ယောက် လမ်းလျှောက်ပြန်ခဲ့ရင်း အစ်ကိုနဲ့ တွေ့တာပဲ"

"အစ်ကိုလည်း စကားပြောဖော်ရတာပဲဆိုပြီး ရပ်ပေးလိုက် တာပါ"

ထိုအချိန် မိုးရေထဲမှာ လာခဲ့သော သူတို့မောင်နှမ ထီး တစ်လက်ပင် မပါဘဲ၊ မိုးရေစိုနေသည်ကိုလည်း မတွေ့ရဟု စိတ်ထဲ ထင်လိုက်သည်။

"ဘာကြောင့်ပါလိမ့်၊ သူတို့က လူမှဟုတ်ရဲ့လား"

"အခု အစ်ကိုက ဘယ်မြို့ကို သွားမှာလဲ"

"ထိန်တောရွာကို သွားမှာ၊ ရွာမှာ အဖေနဲ့အမေ ရှိတယ်၊ အဖေနေမကောင်းဘူးဆိုလို့ ဆေးမိုးဝါးခ ကူညီပေးဖို့ လာခဲ့တာ





ရောဂါသက်သာတယ်ဆိုရင် အလုပ်ကလည်း အရေးကြီးလို့ နောက်နေ့ ပြန်လာမှာပဲ"

"အစ်ကိုက အဖေရော၊ အမေရောရှိလို့ ကုသိုလ်ထူးတယ် လို့ ပြောရမယ်၊ ညီမကတော့ အမေတစ်ယောက်ပဲရှိတော့တယ်"

"တစ်ခု မေးချင်တယ်၊ စိတ်တော့ မရှိပါနဲ့"

"မေးပါ ဘာသိချင်တာလဲ"

"အခု ... မိုးက တဖွဲဖွဲ ရွာလိုက်၊ မိုးသည်းလိုက်နဲ့ ရပ် တယ်လို့ မရှိဘူး၊ ညီမတို့မောင်နှမ တောင်းစရာလည်း မပါဘူး၊ ညီမတို့ တစ်ကိုယ်လုံး ရေစိုတာ မတွေ့လို့"

"အြော် ... ဒါလား၊ အဲဒါတော့ မိုးဘာကြောင့် မစိုလဲ၊ ကျွန်မ ရှင်းမပြတတ်ဘူး။ ထီးမပါပေမယ့် မိုးကတော့ မစိုဘူး"

"ဒါဆိုရင် မင်းတို့မောင်နှမနှစ်ယောက်ဟာ လူမှ ဟုတ်ရဲ့လား"

"ကျွန်မတို့က သရဲပါ"

"အဲဒီလိုတော့ မနောက်ပါနဲ့"

"ရှေ့လမ်းဆုံမှာ သရဲတွေ ခြောက်တယ်လို့ သိထားလို့ လန့်နေတာ၊

မင်းတို့ မောင်နှမ သရဲမဟုတ်ပါဘူး"

"ရှင် ဒီလမ်းအကြောင်းကို အရင်က ကြားဖူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ကြားဖူးတယ်၊ ဒီရွှေကလပ်ဆိုမှာ သရဲတစ္ဆေ နာနာဘာဝတွေ အများကြီးရှိတယ်လို့ ကြားဖူးတယ်"

"ဟုတ်တယ်၊ ဒီလမ်းပေါ်မှာ သရဲတွေ၊ တစ္ဆေတွေ၊ မှင်စာတွေ နာနာဘာဝတွေ ပေါတယ်"

"မင်းက သရဲရှိတာကို ယုံလား"

"ယုံတာပေါ့၊ ကျွန်မတို့ထွက်လာတဲ့နေရာက သရဲတစ္ဆေတွေ နေတဲ့ ရွာကြီးလေ၊ လူတွေ ပြောတဲ့ သချိုင်းဆိုတဲ့နေရာ၊ သရဲတွေရဲ့ ရွာက လာခဲ့တာ"

"အခု ရွှေ့ကရှိတဲ့ ရွာက ဘယ်နေရာလဲ"

"လမ်းလေးခွဆိုလေ၊ အဲဒါ၊ ကျွန်မတို့ရဲ့ရွာ"

"အဲဒီမှာ အခုဆို ကျွန်မလိုလူတွေ အများကြီးရှိတယ်"

ထိုအချိန်ထိ တင်မြင့်လည်း သူ့ကို ကြောက်လန့်အောင် နောက်ပြောင်နေခြင်းဟုသာ ထင်နေသည်။ သရဲမတစ်ကောင်ဟု လုံးဝမထင်။

သူ့ဘေးက ထိုင်လျက်ပါလာသော ကလေးကလည်း ဘာမှ မပြော၊ ငြိမ်လျက်ပါလာခြင်းကြောင့်လည်း သရဲဟု မထင်မိခြင်း ဖြစ်သည်။

ထိုမိန်းကလေးမောင်နှမက သရဲများဖြစ်သည်ဟု လုံးဝထင်စရာ





မရှိ၊ ခပ်တည်တည်နှင့် နောက်ပြောင်နေခြင်းဟုသာ ထင်နေမိသည်။

"မင်းက အစ်ကို ကြောက်အောင် နောက်ပြောင် ခြောက်လှန့်နေတာလား"

"ဒီလိုကိစ္စက နောက်ပြောင်ရမယ့် ကိစ္စမှ မဟုတ်တာ၊ အခု ရှင်နဲ့အတူ ပါလာတဲ့ ကျွန်မမောင်လေးရယ်၊ အမေရယ်၊ ကျွန်မရယ်၊ အခြားသုံးယောက်ရယ် ကားတစ်စီးနဲ့ လိုက်လာကြတယ်၊ ရွှေ့က လမ်းဆုံလည်း ရောက်ရော ...

ကားရှေ့မှာ လူတစ်ယောက်ဖြတ်လျှောက်နေတာကို ရုတ်တရက် တွေ့လိုက်တဲ့ ဒရိုင်ဘာက ဘေးကို ဆွဲချလိုက်တာ ကားက အရှိန်နဲ့ ပစ်ကျပြီး မှောက်သွားတယ်။

ကျွန်မတို့ကားပေါ် ပါလာသူတွေရော၊ ဒရိုင်ဘာရော အားလုံး အစိမ်းသေ သေသွားကြရတယ်"

"မင်းက အတည်ပေါက်နဲ့ နောက်တတ်တာပဲ၊

မနောက်ပါနဲ့ကွာ အန္တရာယ် ဗိုထဲ ရောက်တော့မယ်၊ ငါက သရဲကြောက်ပါတယ်ဆိုမှ"

"နောက်တာ မဟုတ်ဘူး၊ တကယ်ပြောတာ၊ ကားမှောက်ပြီး သေသွားတဲ့အထဲမှာ ကျွန်မတို့သားအမိ ပါသွားတယ်။ ဒါကြောင့် ကျွန်မတို့ ဒီမှာနေရတာ"



www.burmeseclassic.com

www.burmeseclassic.com



ထိုစကားဆုံးသည်နှင့် ကားနောက်ခန်းမှ အပုပ်နံ့က သောင်းခနဲ ထွက်လာသည်။

သို့ကြောင့် တင်မြင့်နောက်ဘက်သို့ လှည့်ကြည့်လိုက်သည်။ မြင်လိုက်ရသည်က ဆံပင်ဖားလျားချ သရဲမကြီး။

"ဟာ ... ခင် ... ခင်ဗျားက တကယ့်သရဲပါလား၊ နံ့လိုက်တာဗျာ၊ အပုပ်နံ့ မပေးပါနဲ့တော့၊ ယုံပါပြီ၊ ကားပေါ်က ဆင်းကြပါ"

တင်မြင့်က ကားကို ရုတ်တရက် ဘရိတ်နင်းပြီး ရပ်လိုက်သည်။

"ကျွန်မနေရာ ရောက်အောင်မောင်းပေးပါ၊ ရှင့်ကို အန္တရာယ် မပြုပါဘူး။

သရဲပါလို့ ပြောတာ၊ မယုံလို့ လုပ်ပြလိုက်တာပါ"

ထိုသို့ပြောနေရင်းက အပုပ်နံ့များ ပျောက်သွားပြီး ပန်းရနံ့လို အနံ့မျိုး မွှေးလာသည်။

"တူး ... တော်ပါသေးရဲ့"

"ရှင်က မိဘကို ဆေးကုပေးမလို့ ရွာပြန်မှာ မဟုတ်လား။ မိဘကို သိတတ်တဲ့ သားသမီး၊ မိဘကို လုပ်ကျွေးတဲ့လူကို ကျွန်မတို့ အန္တရာယ်မပေးပါဘူး၊ ကျွန်မအပြင် အခြား နာနာဘာဝ





တွေကလည်း ရှင့်ကို မခြောက် မလှန့်ပါဘူး၊

အပြန်ကျရင်လည်း ရဲရဲတင်းတင်း ပြန်ပါ"

"အပြန်ကျရင် လမ်းကြုံ မလိုက်ပါနဲ့၊ ကြောက်လို့ပါ"

"ခရီးသွားဖို့ မလိုတော့ပါဘူး"

ထိုအချိန် အနံ့က ပြောင်းသွားသလို သရဲမကြီးအဖြစ်ကနေ ကားစီးလာစကဲ့သို့ မိန်းမချောလေးပုံ ပြန်ပြောင်းထားပြီးဖြစ်ကြောင်း နောက်ကြည့်မှန်မှ တင်မြင့် မြင်လိုက်ရသည်။

မကြာခင်မှာပင်

"ကဲ ...၊ ရှေ့နားက ဓါတ်မီးတိုင်အောက်မှာ ကားကို ရပ်ပေးပါ၊ ကျွန်မတို့သားအမိက ဒီနားမှာ နေတယ်။ အခုလို ကားပေါ်ခေါ်တင်လာပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်"

အတတ်နိုင်ဆုံး ညဘက်ခရီးမသွားနဲ့ပေါ့ရှင်၊ ညဘက်ဆို ကျွန်မတို့ ဝိညာဉ်နာနာဘာဝတွေ၊ အမှောင်အောက်မှာ အပြင်ထွက်ကြ၊ သွားကြ၊ လာကြ၊ အစာရှာကြတာ"

"တစ္ဆေတွေ မြူးတဲ့ ညပေါ့ ဟုတ်လား"

"အင်း ... မြူးတယ်ပဲ ပြောပြော၊ ညရောက်ရင် ပုံမှန် သွားကြ လာကြတာပါပဲ၊

အချို့ကတော့ မိမိဖြစ်ခဲ့တာကို ပြန်သတိရပြီး ဖြစ်ပျက်ခဲ့တဲ့



www.burmeseclassic.com

www.burmeseclassic.com



ပုံသဏ္ဌာန်တွေ လူတွေကို ဖန်ဆင်းပြတတ်ကြတယ်၊

အချို့က လူတွေကြောင့် ဒီဘဝရောက်ရတယ်ဆိုပြီး လူတွေကို အနှောင့်အယှက်ပေးတတ်တယ်၊

နာနာဘာဝတွေ ဖန်ဆင်းပြတာနဲ့ကြုံတဲ့ လူတွေက အများတွေ လုပ်၊ အန္တရာယ်တွေကြုံ”

“ဒီနေရာမှာ နာနာဘာဝတွေ လျှော့သွားတယ် မရှိဘူး ... တိုးပဲ တိုးတိုးလာတယ်”

“ကဲ ... ရပ်တော့၊ အမေ လာစောင့်နေပြီ”

တင်မြင့်လည်း ကားကို ရပ်ပေးလိုက်သည်နှင့် ကားတံခါး ဖွင့်ပြီး ဆင်းလိုက်သည်။

“ကဲ ... သွားမယ်၊ မိုးမလင်းခင် အရောက်မောင်းရဦးမယ်”

“သွား ... သွား ... လမ်းမှာ အန္တရာယ် မရှိပါဘူး”

တင်မြင့်လည်း သရဲမမောင်နှမကို နှုတ်ဆက်ပြီး ကားကို မောင်းထွက်လိုက်စဉ်မှာပဲ ...

ခန္ဓာကိုယ်တစ်ခြမ်း စုတ်ပြတ်သတ်နေသော အဖွားကြီး တစ်ယောက်၊ အမှောင်ရိပ်ကျသည့် နေရာမှာ ရပ်စောင့်နေသည်ကို ထားမီးရောင်ကြောင့် မြင်လိုက်သည်နှင့် ထိုနေရာက အမြန်မောင်း ထွက်ခဲ့သည်။





သရဲမ ပြောစကားအရ မိဘကို လုပ်ကျွေးနေတဲ့အတွက် အသွားရော အပြန်ရော သရဲ မခြောက်ဘူးဟု ပြောခဲ့သည်။

ဒါပေမဲ့ သရဲ မခြောက်ဘူးဟု ပြောခဲ့သော သရဲမက ကားပေါ်မှာ ကားကြုံစီးရင်း ပါလာခဲ့သည် မဟုတ်ပါလား။

အပြန်ခရီးမှာလည်း ကားကြုံလိုက်ဝှူ မရှိဟု မည်သူပြောနိုင် မည်နည်း။

တင်မြင့်လည်း ထိုမိစ္ဆာလမ်းဆုံနေရာမှ ဝေးနိုင်သမျှ ဝေးအောင် ရင်တုံစိတ်လှုပ်ရှားစွာနှင့် အမြန်ဆုံး မောင်းနေလိုက်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com

# သံယောဇဉ်ဝိညာဉ်

သံချောင်းကိုးနှစ်အရွယ် ဘုန်းကြီးကျောင်းသို့ အပို့ခံရသည်။

သံချောင်းမှာ အဖေကမရှိ၊ အိမ်ကမရှိ၊ နေစရာက ယာထဲမှာ၊ သံချောင်းချက်မြုပ်ရာနေရာကိုပင် ဘယ်ရွာ၊ ဘယ်ထန်းတောဟူ၍ မမှတ်မိဟု အမေက ပြောလာသည်။

အဖေဆုံးသွားတော့ အမေက သေစာရှင်စာ ဖတ်တတ်အောင် ဘုန်းကြီးကျောင်း ပို့သည်ဟု ပြောသည်။

ဘုန်းကြီးကျောင်းသားက သူပါနှင့်ဆို ခြောက်ယောက်ဖြစ်သွားသည်။ အားလုံးက သံချောင်းကို မလိုသည့်မျက်နှာနှင့် ကြည့်နေကြ၍ သူတို့မျက်နှာကို သံချောင်းရဲရဲ မကြည့်ဝံ့။

သည်အထဲ ကျောင်းသားခပ်ကြီးကြီးတစ်ယောက်က

"ဟောကောင်တွေ၊ ဒီ မကျိုးတန်းရွာသားနား သိပ်မကပ်နဲ့။ မင်းတို့ကို ပြုစားလိမ့်မယ်"





သံချောင်းဟာ ထိုကျောင်းသားကြီးစကားကြောင့် မကျေမနပ်နှင့် ပြန်ပြောတော့သည်။

"ဘာကွ၊ ငါက ဘာကြောင့် မင်းတို့ကို ပြုစားရမှာလဲ"

"ခွေးမသား၊ ငါ့ကို ပြန်ခံပြောတယ်"

"တော့ကောင်၊ ငါ့ကို မဆဲနဲ့"

"ဆဲတော့ ဘာဖြစ်လဲ၊ ချမလား။ ဟေ့ကောင်တွေ ဒီကောင့်ကို ဝိုင်းချကြ၊ သူ့အမေကို ပြောရင် တို့ကို ပြုစားချင် ပြုစ မှာ။ သူ့အမေက စုန်းမ"

"ဘာစုန်းမလဲ မဟုတ်တာတွေ မပြောနဲ့"

"ပြောတော့ ဘာဖြစ်လဲ"

ကျောင်းသားငါးယောက်က သံချောင်းကို ဝိုင်းထိုးကြသည်။ မျက်နှာမှာ အညိုအမည်းအဖုအထစ်တွေနှင့် မိခင်နှင့်အတူ ဘုန်းကြီးရှေ့ ရောက်ခဲ့သည်။

"ကိုရင် ဆေးလိမ်းပေးလိုက်၊ ကဲ မောင်ကျောင်းသား ကိုရင်နဲ့ လိုက်သွား"

ဘုန်းကြီးက သံချောင်းမိခင်အား

"ဒီကျောင်းသားလေးတွေ ဘာမှ မသိဘဲ လျှောက်လုပ်နေတယ်၊ အေးပု ... နင်တို့ မကျိုးတန်းရွာသားတွေ မိန်းမတွေ



www.burmeseclassic.com

www.burmeseclassic.com



စုန်းပညာ တတ်ကြတယ် မဟုတ်လား"

"အေးပု နင် သိတယ်မဟုတ်လား၊ မနှစ်က တို့ရွာအေးဇော်ရဲ့ သမီး နင်တို့မကျီးတန်းက ရှေးလာရောင်းတဲ့ မိန်းမတစ်ယောက်နဲ့ ဈေးခေါ်ဝယ်ရင်း စကားများကြတာ၊ နောက်နေ့ ဗိုက်နာတယ်၊ ဗိုက်အောင့်တယ် အော်နေပြီး အစာတွေ ပြန်အန်တော့ ဆံချည် ထွေးတွေ ပါးစပ်က ထွက်လာတာကလား၊

အင်း ... ခက်တယ်၊ ဈေးသည်မ ပညာပြသွားတာကို ခံ လိုက်ရတာ၊ မကျီးတန်းကလူတွေ ပညာက စွမ်းပါဘိသနဲ့၊

ဟဲ့ ... အေးပု၊ နင်လည်း စုန်းပညာတတ်လား"

"တပည့်တော် မတတ်ပါဘူး ဘုရား"

"ဟဲ့ ... ပညာတတ်တဲ့မိန်းမတွေက သူတို့တတ်ထားလည်း ပြောမှာ မဟုတ်ဘူး၊ နင်ပညာတတ်ထားရင် ဒီရွာက လူတွေကို အနှောင့်အယှက် မပေးနဲ့နော်"

'တပည့်တော်မှသား စာမတတ်ချင်လည်းနေပါစေတော့၊ တော်ကြာ သူနဲ့ရန်ဖြစ်ခဲ့တဲ့ ကလေးတွေ အကြောင်းတစ်ခုခုကြောင့် ထိခိုက်မိရင် တပည့်တော်မကို စုန်းမပြုစားတယ်ဆိုပြီး အထင် ခံရမှာ၊ စွပ်စွဲခံရမှာ တပည့်တော် မခံနိုင်ပါဘူးဘုရား"

"အိမ်း ... နင်တို့ ကုသိုလ်ကံအကျိုးပေးကလည်း နည်းလှ





သကိုး"

ယခုနောက်ပိုင်း သားအမိနှစ်ယောက် ရွာ၏မျက်နှာဖုံး ဦးကျော်ထွန်း၏လယ်မှာ ပင်တိုင်နေ့စားလုပ်ခဲ့သည်။ သံချောင်း မိုးနှစ်အရွယ်မှ ဆယ့်ရှစ်နှစ်အရွယ် လူပျိုပေါက်သို့ပင် တိုင်ခဲ့ သည်။

ထိုအချိန် ဒေါ်အေးပုက အသက်ငါးဆယ်ကျော်ရှိသေးပေမင့် အစားအသောက် ချို့တဲ့ခြင်း၊ အလုပ်ပင်ပန်းခြင်းတို့ကြောင့် အရှောင်ချောင် ဖြစ်လာသည်။

ဦးကျော်ထွန်းတွင် ဆယ့်ခြောက်နှစ်အရွယ် သမီး မြနှင်း ရှိသည်။ မြနှင်း၏မိခင်က ရိုးရိုးအေးအေး အိမ်ထဲမှ အိမ်ပြင်ပင် ထွက်လေ့မရှိ။

စီးပွားရေးလုပ်ငန်းမှန်သမျှ ဦးကျော်ထွန်းသာ ဦးစီးလုပ်ကိုင် ခဲ့သည်။ လယ်ဧကများစွာ ရှိသဖြင့် အလုပ်သမားများ စာရင်းဇယားများ ဆွေးမွေးရန် ချက်ပြုတ်ရသည့်အခါ သံချောင်းမိခင် ဒေါ်အေးပုက ချက်ရေးပြုတ်ရေး ဝင်ကူညီပေးရသည်။

ချက်ပြီးသမျှ ထမင်းဟင်းများကို လယ်ကွင်းထဲသို့ ဒေါ်အေးပု က တောင်းများခွက်များအတွင်း ခူးခပ်ထည့်၍ လယ်ကွင်းသို့ ပို့ပေးရသည့်တာဝန်ကို ယူခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ကြောင့် မြနှင်း တစ်နှစ်၊ နှစ်နှစ်သမီးအရွယ်ကတည်းက ရှိုးရှိုးချောမြူ ထိန်းကျောင်းပေးခဲ့သူဖြစ်သည်။ သံချောင်းနှင့် ကစားဖော် ကစားဖက် သူငယ်ချင်းလည်းဖြစ်ခဲ့သည်။

ကလေးအရွယ် မြနှင်း လယ်ကွင်းထဲလိုက်ရန် အတင်းပူဆာလျှင် ဒေါ်အေးပုခေါ်သွားပြီး ထိန်းကျောင်းခဲ့ရသည်။

သံချောင်းမိခင် ဒေါ်အေးပုကို မြနှင်းက ရိုရိုသေသေ ချစ်သည်။ သံချောင်းကိုလည်း အစ်ကိုသဖွယ်ချစ်သည်။

မြနှင်းဖခင် ဦးကျော်ထွန်းကတော့ ဘယ်သူ့မှ လူမထင် ပြောစရာရှိလျှင်လည်း ပက်ပက်စက်စက် ပြောသည်။

အရွယ်လည်းရောက်ရော ဒေါ်အေးပုကို အိမ်အလာမခံတော့သလို သံချောင်းအားလည်း အိမ်အလာမခိုင်းတော့။ ရွာနှင့်တစ်မိုင်ခန့်ဝေးသော သူတို့ပိုင် လယ်ကွက် ဆယ့်ငါးဧကကို စောင့်ရန် တဲတစ်လုံးနှင့် နေစေသည်။

ဦးကျော်ထွန်းပိုင်လယ်က နေရာအနှံ့ရှိသည်။ အားလုံး ပေါင်း ငါးဆယ်နီးပါးရှိသည်။ ထိန်တောရွာရှိ မြေပိုင်ရှင်ဦးကျော်ထွန်းအပါ လေးယောက်သာရှိသည်။

တစ်ညနေ မြနှင်းနှင့် အဖော်ပါသူအဒေါ်ကြီးနှစ်ယောက် လှည်းမောင်းသူတစ်ယောက်တို့ပါသော လှည်းတစ်စီး သံချောင်းတို့





နေသော တဲအနီးမှာရပ်ပြီး မြနှင်း လှည်းပေါ်မှ ဆင်းလာသည်။

"အရီးလေး နေမကောင်းဘူး သတင်းကြားလို့ ဝင်ကြည့်တာ"

"နေက ကောင်းသွားပါပြီ၊ ပြီးခဲ့တဲ့ နှစ်ရက်က တော်တော်လေး ခံလိုက်ရတယ်။ သားရှာလို့ရတဲ့ ပိုက်ဆံလည်း ဆေးဖိုးနဲ့ ဓါတ်စာဖိုးပဲ သုံးနေရတယ်။ ဒါနဲ့ သမီးဘယ်က ပြန်လာတာလဲ"

"နှင်းဝိဇ္ဇာအလှူကို မနက်အစောကြီး ထသွားပြီး နေစောင်းမှ ပြန်လာတာ၊ အဖေက လေးနာရီမှ ပြန်လာမှာမို့ ခဏဝင်ကြည့်လို့ ရတာ"

"ဒါနဲ့ သမီးလေးမှာ ပိုက်ဆံတစ်ကျပ်လောက်များ မပါဘူးလား၊ ဓါတ်စာလေး ဝယ်စားချင်လို့"၊

"ခုတော့ မပါဘူး အရီးလေး၊ မိုးချုပ်လို့ ကိုသံချောင်း ပြန်လာရင် အိမ်ကို လွှတ်လိုက်ပေါ့။ မုန့်ဖိုးစုထားတာ တစ်ကျပ်ခွဲလောက်တော့ရှိတယ်၊ အရီးလေးအတွက် ဓါတ်စာဖိုး သမီးပေးလိုက်ပါ့မယ်"

ခဏကြာတော့ မြနှင်း ပြန်သွားသည်။

သံချောင်းပြန်လာတော့ မိခင်စကားကြားပြီး ...

"အမေတို့ကတော့ လုပ်ပြီ၊ ဒီလိုကြောင်းတော့ ကျွန်တော်တို့ကို ဘာထင်မလဲ၊ သူတောင်းစားလို့ ထင်မှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလို မပြောရဘူး၊ မိန်းကလေးက အမေတို့အပေါ် ချစ်ခင်သနားပါတယ်၊ သူကလည်း စေတနာရှိပါတယ်"

"ချေးတယ်လို့ ပြောလိုက်ရင် တော်သေးတယ်"

"ကဲ … သားသဘောပဲ၊ သူပေးတဲ့ငွေကို ချေးတာလို့ပဲ သဘောထားပေါ့။ သွားပြီးတော့ ယူလိုက်ပါ။ ငွေ တစ်ကျပ်ရရင် အမေတို့ သုံးလေးရက် စားလို့ ဖြစ်တာပဲ"

သို့ကြောင့် သံချောင်းလည်း မြနှင်းတို့အိမ်သို့ ထွက်ခဲ့သည်။ သို့သော် မြနှင်းကို မတွေ့၊ ဦးကျော်ထွန်းကိုသာ တွေ့ရသည်။

"ဟော့ကောင် … ဘာကိစ္စလည်း ဆိုပါဦး"

သံချောင်းလည်း ဦးကျော်ထွန်း၏ ခပ်မာမာ မေးမြန်းသံကြောင့် ဘာပြောရမှန်း မသိဖြစ်သွားသည်။ မြနှင်းကိုလည်း မတွေ့ရ။

"ဟော့ကောင် … ငါမေးနေတယ်လေ"

"ဟို … ဟို … မြနှင်း … မြနှင်း"

"မြနှင်း … ဘာဖြစ်လို့လဲကွ"

"မြနှင်းနဲ့ တွေ့ချင်လို့ပါ"

"ဟော … မင်းက … ငါ့သမီးကို တွေ့ချင်လို့ … ဟုတ်လား၊ ကိစ္စက"

သံချောင်း ဘာပြောရမှန်းမသိ၊ အခုနေ မြနှင်းထွက်လာရင်





ကောင်းမှာပဲဟု တွေးနေမိသည်။

မြနှင်းအိမ်အပေါ်ထပ်က ကြားနေရသည်။ ပိုက်ဆံတစ်ကျပ် ကိုင်ပြီး ထွက်မတွေ့ဝံ့။

"ဟော့ကောင် … ခွေးသား၊ ငါမေးနေတာ မကြားဘူးလား ကွ"

"မြ … မြနှင်းကို တွေ့ချင်လို့ပါ"

"ဘာကွ … မင်းကများ ရာရာစစ"

"သူက ချိန်းထားလို့ပါ"

ထုံးစံအတိုင်း မကြားမနာသာအောင် ဆဲတော့သည်။

"ဟုတ်ပါတယ်၊ သူက ပိုက်ဆံငွေချေးမယ် ဆိုလို့ပါ"

"ဘာပြောတယ်၊ ငါ့ဆီက မင်းတို့သားအမိ လုပ်ခအမြင် ချေးထားတာ သုံးကျပ်တောင်ရှိနေပြီ၊ အခုထိ ပြန်မဆပ်သေးလို့လား"

"သွား … အခု ငါ့ခြံထဲက ထွက်သွား၊ ငါမင်းကို ဘာမှ ပေးစရာ မရှိဘူး၊ ငါ့သမီးဆီကလည်း ဘာမှ ချေးငှားဖို့ စိတ်မကူး နဲ့လို့ မင်းအမေကိုလည်း ပြောလိုက်"

သံချောင်း ဆက်မနေဝံ့၍ ပြန်ခဲ့ရသည်။

သံချောင်းအား ဖေါ်အေးပု ဆူပါတော့သည်။

"မိုက်လိုက်တာ … ကိုကျော်ထွန်းအကြောင်းလည်း သိရက်



www.burmeseclassic.com

www.burmeseclassic.com



နဲ့၊ သူ့ကိုမှ ပိုက်ဆံချေးတဲ့အကြောင်း သွားပြောရလား၊ သူ့သမီးကို ပါးထရိုက်နေမှဖြင့်"

"ကျွန်တော် မှန်တာပြောတာပဲ"

"မှန်တာပြောတာဆိုပေမယ့် ပိုက်ဆံချေးမှာက သူ့သမီးလေ၊ ကဲ ... ကဲ သွားတော့၊ ထမင်းစားချင်စား ... ရေချိုးချင်ချိုး"

သို့ဖြင့် သံချောင်းဖြိမိခင်လည်း ကောင်းလိုက် မကောင်းလိုက်နှင့် ထိုနှစ်ထဲမှာပင် သေဆုံးသွားတော့သည်။

ထိုအချိန် သံချောင်းအသက် ဆယ့်ကိုးနှစ်ထဲ ဝင်ခဲ့ပြီဖြစ်သည်။

× × × × ×

မိခင်မသေဆုံးခင်ရက်ပိုင်းကပင် သံချောင်းအား မှာခဲ့သည်။ ဦးကျော်ထွန်းကို နေဖို့ထိုင်ဖို့ စီစဉ်ခိုင်းဟု အသေအချာ မှာခဲ့သည်။

သို့ကြောင့် အမေ့အလောင်း မြေကျပြီး မကြာခင် သံချောင်း ဦးကျော်ယွန်းအိမ် ရောက်လာရပြန်ပါသည်။

"ဟာ ... သံချောင်းပါလား၊ ဘာကိစ္စ ပေါ်လာပြန်တာလဲ"

ဦးကျော်ထွန်းကို တွေ့ပြန်တော့ ဘာပြောရမှန်းမသိ၊

"ဟေ့ကောင်၊ မင်းက ဘယ်တော့မှ တစ်ခွန်းမေးလို့ မပြီးဘူး၊ ပွင့်ပွင့်လင်းလင်းကို မရှိဘူး၊ ဒါဆို ဘာလာလုပ်တာလဲ မေးနေ





ယ်တွ၊

မင်းအာမေလည်း ဆုံးပြီ၊ မင်းလည်း ဒါလယ်မှာ လုပ်စရာ ိုတော့ဘူး၊ မင်းပြန်ပါကွာ"

သံချောင်း မပြန်၊ နေရာမှ မရွေ့။

"ဒီကောင် တယ်ခက်တာပဲ"

"ကျုပ်ကို ပြန်မလွှတ်ပါနဲ့၊ ကျုပ် ဦးကြီးဆီမှာ အလုပ် ်ချင်လို့ပါ"

"ဘာရယ် ... ဒီအချိန်၊ အလုပ်ချိန်လားကွ"

"ထမင်းတစ်လုပ် စားရရင် တော်ပါပြီ၊ ခိုင်းချင်တာ ခိုင်းပါ"

"အလုပ်မရှိဘဲ၊ မင်းကို ဘယ်လို ခိုင်းရမှာလဲကွာ"

"ကျုပ် ... ဘာမဆို လုပ်ပေးပါ့မယ်၊ ဦးကြီးရဲ့နွားတွေ ိုလည်း ကျုပ် ကျောင်းပေးနိုင်ပါတယ်၊

ရေခပ်နိုင်တယ်၊ ထင်းခုတ်၊ မြေဆီချ အကုန်လုပ်နိုင်ပါတယ်"

"ဒါ ပြောပါပြီကောလား ... ဒို့အိမ်မှာ မင်းအတွက် လုပ် မရှိဘူးလို့"

"ကျုပ်မှာ နေစရာ မရှိလို့ပါ"

"ဒို့အိမ်မှာ နေလို့ မဖြစ်ဘူး"

"ကျုပ် ဦးသာခင်နဲ့ အတူနေပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



ဦးသာဒင်က ဦးကျော်ထွန်း၏ လယ်ယာကိစ္စများကို တာဝ ယူ လုပ်ကိုင်ပေးနေပြီး ရွာအစပ်လယ်ကွင်းထဲမှာ တဲထိုးနေထိုင် ဖြစ်သည်။

"မင်းတာ တဲ့ထိုးပြောမှ သိမယ့်ကောင်၊ ဇိမ်မှာ သမီး ရှိတယ်၊ မင်းနေလို့ မဖြစ်ပါဘူး"

"ကျွန်တော် ဦးသာဒင်နဲ့ နေမယ်၊

ကျွန်တော်က ငယ်ငယ်လေးထဲက အမေနဲ့အတူ ဦးလေး လယ်ကွက်တွေထဲမှာ အခုအချိန်ထိ လုပ်ပေးနေခဲ့တာ၊ အ သေတော့ ခိုကိုးစရာမရှိလို့ ဦးကြီးဆီ လာခဲ့တာပါ"

သူပြောတော့လည်း ဟုတ်သည်၊ မကောင်းရာမကောင်းကြော လည်း ဖြစ်နေသည်။ ဒီကိစ္စ အခြားရွာသားတို့ သိရင်လည်း မိမိ တကိုယ်ကောင် ဆန်မှုကို လက်ညှိုးထောက်ထိုးတော့မည်

ဦးသာဒင်ထံမှာ အပ်ထားပြီး နေနိုင်းလျှင် သမီးနှင့် နီး ကပ်ကပ် မနေရသဖြင့် အနည်းငယ် စိတ်အေးရပေမည်။

သမီးက နဂိုကမှ သံချောင်းတို့သားအမိအပေါ် အသ ပိုချင်နေတာ၊ သူ၏ခက်ထန်မာကျောသော စရိုက်ကြောင့် သံချောင်းတို့သားအမိနှင့် မရောခြင်းဖြစ်သည်။

မိမိအိမ်သို့ သံချောင်းရောက်နေသည်ကို သမီးသိလျှင် ရော





နှောနှော ပူးပူးတွဲတွဲ ဖြစ်လာပြီး နီးစပ်သွားမှာ စိုးရိမ်နေခဲ့ခြင်း ဖြစ်သည်။

"တဲ ... ကဲ၊ ဦးသာဒင်တဲကိုသွား၊ ညနေ ဦးသာဒင်ကို ငါ့ဆီလာခဲ့ဖို့ ပြောလိုက်၊ မင်းကို ဘာခိုင်းရမယ်ဆိုတာ၊ ငါ ... ဦးသာဒင်ကို မှာလိုက်မယ်"

"ဟုတ်ကဲ့ ... ကျွန်တော် အခု သွားလိုက်ပါ့မယ်"

သံချောင်း ကျေးဇူးတင်စကားပင် မဆိုတတ်အောင် ရိုးအ လွန်းလှသည်။ ဦးကျော်ထွန်း၏ ခွင့်ပြုချက်ရသည်နှင့် အပြေး ထွက်သွားတော့သည်။

ထိုအချိန် အိမ်အတွင်းက နားထောင်နေသော မြနှင်းလည်း သံချောင်းအတွက် စိုးရိမ်နေသော စိတ်ပေါ့သွားခဲ့ရသည်။

မြနှင်းက သံချောင်း၏အမေကို မိခင်ရင်းသဖွယ် ချစ်ခင် လေးစားခဲ့သည်။

သူငယ်စဉ်ကတည်းက ဒေါ်အေးပုလည်း လယ်ကွင်းထဲမှာ လုပ်သက်ထက် အိမ်မှာ ချက်ရေးပြုတ်ရေး တာဝန်ယူခဲ့ပြီး၊ မြနှင်းကို ထိန်းကျောင်းခဲ့သူဖြစ်သည်။

မြနှင်းကျောင်းစတက်တော့မှ ဒေါ်အေးပုအချိအပိုးမှ ထွက်ခဲ့ သည်။ မြနှင်းမှာ မိခင်ရှိပေမယ့် မိခင်အနား သိပ်မနေပါ။



www.burmeseclassic.com

www.burmeseclassic.com



မကြာမကြာ မြနှင်းနှင့် ဖော်အေးပုတို့နှစ်ယောက် ဆုံဖြစ်ကြသည်။ လယ်ထဲမှာလည်း ဆုံသည်၊ အိမ်မှာလည်း ဆုံသည်။

သို့ကြောင့် သံချောင်းအပေါ် မရိုးမသားစိတ် မရှိဘဲ၊ သွေးရင်းသားရင်းလို ခင်မင်စိတ်ရှိခဲ့သည်။ အမေသေဆုံးသွား၍ ခိုကိုးရာမဲ့နေသော သံချောင်းအတွက် ကျောတစ်ခင်းစာ စားသောက်စရာ အကူအညီပေးစေချင်သော စိတ်နှင့် ဖခင်ကြီးကို ဝင်မပြောသာ ပေမယ့် ကြိတ်၍ ဆုတောင်းနေမိသည်။

မြနှင်းအမေက အဖေကြီးဆွဲရာ ကနေရသူဖြစ်သည်။ အားကိုး၍ မရနိုင်။

အခု သံချောင်းကို နှင်မထုတ်ပါစေနှင့်ဟူသော ဆုတောင်းက ပြည့်ခဲ့သဖြင့် မြနှင်းဝမ်းသာခဲ့ရသည်။

သံချောင်းလည်း ဦးသာဒင်တဲသို့ ရောက်သွားသည်နှင့် အကျိုးအကြောင်း ပြောပြသည်။

"အေး ... ဆရာကြီးက ခွင့်ပေးတယ်ဆိုတော့လည်း ငါက ဝမ်းမြောက်ဝမ်းသာ နေခွင့်ပြုပါတယ်။ ငါတို့က လူလူချင်း ကူညီချင်ပေမယ့် ဦးကျော်ထွန်းအကြောင်းလည်း မင်းသိသားပဲ"

"အေး ... ငါ သူမှာတဲ့အတိုင်း သွားလိုက်ဦးမယ်၊ ထုံးစံအတိုင်း မင်းဖို ဘယ်လိုနိုင်း၊ မှာစရာရှိရင် သူ့ကို အိမ်မလွှတ်နဲ့





ပဲတွေပဲ ပြောမှာ"

ဦးသာဒင် ရွာထဲသို့ ထွက်သွားသည်။ သံချောင်းလည်း အားတင်ကုတ် အတွင်းဆင်းပြီး သန့်ရှင်းနေရန် နွားချေးကျုံးတံမြက်စီးလှည်းနေလိုက်တော့သည်။

သို့ဖြင့် သံချောင်းလည်း ဦးကျော်ထွန်းလယ်များကို ဦးသာဒင်နှင့်အတူ မခိုမကပ်ဝင်ပြီး လုပ်ပေးခဲ့သည်။

တစ်နှစ်တစ်မိုး သုံးနှစ်သုံးမိုးသို့ပင် တိုင်ခဲ့သည်။ သံချောင်းက ဘယ်ကေနှစ်ဆယ်ကို ဦးသာဒင်နှင့်အတူ အများလယ်ယာ စိုက်ပျိုးရိတ်သိမ်းချိန်ထက် နောက်မကျစေဘဲ ကြိုးစားလုပ်ကိုင်ပေးခဲ့သည်။

ဦးကျော်ထွန်းကလည်း သံချောင်းကို ယခင်ကလောက် ဆောက်မာစွာ မဆက်ဆံတော့။ ခိုင်းစရာရှိခိုင်း၊ ပြောစရာရှိပြော လေသံက ဦးသာဒင်နှင့် ဆက်ဆံသလို ဖြစ်လာသည်။

မြနှင်းတစ်ယောက် တဲကို တစ်လ၊ နှစ်ခေါက် သုံးခေါက်မျှ ရောက်လာတတ်သည်။

စားစရာ ငါးခြောက်၊ ပဲပုပ်၊ ငရုတ်၊ ကြက်သွန်ကအစ ခိုင်ထံခွင့်တောင်းပြီး လာပို့ပေးတတ်သည်။

ဦးကျော်ထွန်း မသိအောင် ပို့ပေးပုံ ရသည်။ ရောက်လာလျှင် သံချောင်းကို စကားမရှိ စကားရှာ ပြောတတ်သည်။ မြနှင်းနှင့်



www.burmeseclassic.com

www.burmeseclassic.com



စကားပြောရလျှင် သံချောင်းအရမ်းပျော်သည်။ မြနှင်း ပြောစရာ စကားက လယ်ယာအကြောင်းများသာ။ သို့သော် သံချောင်းရင်မှာ ပျော်ရွှင်နေမိသည်။

ဒါပေမဲ့ မြနှင်းရောက်လာလျှင် ကြာကြာမနေတတ်။ နာရီ ဝက်ခန့်လောက်သာနေပြီး ပြန်ပြေးရသည်။

မြနှင်း ပြန်သွားလျှင်တော့ သံချောင်းရင်ထဲမှာ ဟာကျန်နေ ခဲ့သည်။ သံချောင်းက အသက်နှစ်ဆယ်၊ မြနှင်းက ဆယ်ရှစ်နှစ် ရှိပြီဖြစ်သည်။

မြနှင်းကား တစ်သွေးတစ်မွေး လှသည်မို့ သံချောင်း မြနှင်း ကို တစ်ဖက်သတ် ချစ်နေခဲ့သည်။ မြနှင်းအကြောင်း အတွေး များက အိပ်ရာထဲအထိ ပါလာခဲ့ပြီး အိပ်မပျော်ရက်တွေက များခဲ့ပြီ။

သံချောင်းနှင့်မြနှင်း ဘယ်လိုမှ မနီးစပ်နိုင်မှန်း သိသည်။ သံချောင်းကို ဘုန်းကြီးကျောင်းမှာ ထားခဲ့သည်။ သံချောင်း အမေက လူတချို့က စုန်းမဟု အထင်ရှိသဖြင့် အမေလုပ်သူက မာနကြီးသူ စိတ်ဆတ်သူမို့ သူ့သိက္ခာ ထိပါးလာသည့်အတွက် သံချောင်းကို ဘုန်းကြီးကျောင်း မထားတော့ဘဲ ပြန်ခေါ်ခဲ့တော့သည်။

သို့ကြောင့် သံချောင်းမှာ သေစာရှင်စာပင် မတတ်ခဲ့။ ယခုတော့ ရွာမှာ မူလတန်းကျောင်းရှိနေပြီ။ မြနှင်းကတော့ မူလတန်းကျောင်း





ပြီးအောင် တက်ခဲ့သည်။ စီးပွားရေးကောင်းသော်လည်း အလယ် တန်းကျောင်းမှာ ရွာနှင့်ဝေးသောကြောင့် အလယ်တန်းကျောင်း တက်ခဲ့။

တစ်ရွာလုံးလိုပင် အလယ်တန်းကျောင်း မတက်ဖြစ်ကြ။

မှန်ညင်းနုတ်သောရက် မြနှင်း ရှာတရက် ရောက်လာခဲ့သည်။ မှန်ညင်းနုတ်သူများနှင့် ရောနှောဝင်နုတ်ရင်း တေးသံတကျော်ကျော် သီဆိုနေသည်။

ထိုအချိန် သံချောင်းအနားသို့ ရောက်လာကာ ...

“နင့်အသံ သိပ်ကောင်းတာပဲ မြနှင်း”

သံချောင်းက ထိုသို့ ပြောသောအခါ မြနှင်းက ရှက်စနိုး အပြုံးနှင့် ...

“အံမယ် ကိုသံချောင်းက လာမြှောက်နေပြန်ပြီ”

စိတ်မဆိုးဘဲ ပြန်ပြောလာသောကြောင့် သံချောင်းရင်မှာ ရှိန်းခနဲ ခံစားမှုတစ်ခု ဖြစ်လာကာ မြနှင်းမျက်နှာကို ရဲရဲဝံ့ဝံ့ မကြည့်ဝံ့ဘဲ ယိုနားက ထွက်ခဲ့သည်။

မကြာခင် တစ်ခေါက် ... မကြာခင် တစ်ခေါက် ရောက် ရောက်သွားသဖြင့် ...

“ကိုရင်သံချောင်း ... ကျုပ်တို့နားကို ခဏခဏ အလာ



www.burmeseclassic.com

www.burmeseclassic.com



လုပ်နေတာလဲ ... ခါတိုင်း လှမ်းခေါ်တာတောင် မလာဘူး အခုမှ ထူးထူးခြားခြား ရောက်ရောက်လာလို့"

"မြနှင်းကလည်း အခုမှ ထူးထူးခြားခြား ရောက်လာတာ တွေ့ခဲ့လား"

"ရွှေစွန်ညို ဘာလို့ဝဲ"

"မထွေးလို လို့ဝဲ"

"ဟော့ ကောင်မတွေ၊ အလုပ် မလုပ်ဘဲ မြနှင်းကိုပဲ လိုက်နေ ... ဟိုက ဖိုးစိတ်တို ရောက်လာလို့ ဟုတ်မေ့ ဖြစ်သွားဦးမယ်"

အနီးရှိ ဂွမ်းပုံက လှမ်းသတိပေးလိုက်မှ ငြိမ်သွားသည်။ ဒါတောင် သိမ်းရှင်က ထပြောသေးသည်။

"နင့်လင် ဖိုးစိတ်တိုက တစ်လနေလို့ တစ်ခေါက်တောင် လာတာ မဟုတ်ဘူး"

"ဟော့ ... ဟော့ ... ဟိုမှာ ဦးသာခင်ကြီး ဒီဘက် ရောက်လာပြီ ... တိတ်ကြတော့"

မိန်းကလေးများပြောသော ဖိုးစိတ်တိုဆိုသည်က ဦးကျော်ထွန်းကို ပြောခြင်းဖြစ်သည်။

အချိန်ပြည့် အလိုမကျမှုများ ပြည့်နှက်နေပြီး အလုပ်သမား





များကို အမြဲဆူပူနေတတ်၍ နောက်ကွယ်မှာ ဖိုးစိတ်တိုဟု ပြောခြင်း ဖြစ်သည်။

မြနှင်းကလည်း မိမိဖခင်အား ဖိုးစိတ်တိုဟု ခေါ်သည်ကို သိသည်။ မိမိအဖေအကြောင်းကို သိ၍လည်း စိတ်မဆိုးပေ။

ဦးသာခင်လာနေသည်ကိုတွေ့၍ သံချောင်းလည်း မုန်ညင်း များအား တောင်းကြီးအတွင်း စီထည့်နေသည်။

"သံချောင်းရေ မုန်ညင်းတောင်းတွေ သယ်သွားပြီးရင် ဖွား တွေ လှမ်းကြည့်လိုက်ဦး"

"မြနှင်း သမီးရဲ့အဖေ လွှတ်လိုက်တာလား"

"မဟုတ်ဘူး၊ ဦးလေးသာခင် အဖေက အရှေ့ရွာက အလှူ ကိုသွားတယ်။ ဒါကြောင့် အမေ့ကိုပြောပြီး ကျွန်မလည်း လယ်ထဲ ထွက်လာခဲ့တာ"

"ကဲ ... ကိစ္စပြီးရင် ပြန်တော့၊ တော်ကြာ သမီးရဲ့အဖေ ပြန်လာလို့ အိမ်မှာ မတွေ့ရင် ဆူခံထိဦးမယ်"

"ဟုတ်ကဲ့ ... ခဏနေရင် ပြန်တော့မယ်"

သံချောင်းက လယ်ကွင်းထဲမှာ မုန်ညင်းများသယ်ပြီး လှည်း အနီးမှာ ချလိုက်ကာ တဲဆီ ပြန်ခဲ့သည်။

တဲအတွင်းရှိ နွားများကို ကောက်ရိုးများထည့်ပေးပြီး ရေ



www.burmeseclassic.com

www.burmeseclassic.com



တိုက်လိုက်သည်။

ခဏနေတော့ ပြန်ထွက်လာသည်။ ထိုအချိန် မှုန်ညင်းခင်းထဲမှာ မြနှင်း မရှိတော့။

မြနှင်းတစ်ယောက် ရွာထဲဝင်သွားသည်ကို အဝေးမှ မြင်လိုက်သည်။

ထိုညတစ်ညလုံး သံချောင်း အတွေးများထဲမှာ မြနှင်းက ကြီးစိုးနေသည်။ မြနှင်းဆိုခဲ့သော သီချင်းသံက နားထဲမှာ မထွက်။

မြနှင်း၏ ချစ်စဖွယ် အပြုံးလေးကိုလည်း မျက်လုံးထဲမှ ပျောက်မရ ဖြစ်နေသည်။

မြနှင်းကို သူချစ်မိနေပြီဟု ထင်နေမိသည်။ မြနှင်းကတော့ ဘယ်ကဲ့သို့ ရှိလေမည်မသိ။ သူကတော့ အချိန်တိုင်း မြနှင်းမှ မြနှင်း ဖြစ်နေတော့သည်။ ညဥ့်နက်မှပင် အိပ်ပျော်သွားတော့သည်။

× × × × ×

ပြာသိုလသို့ ရောက်ခဲ့ပြီ။ ထိုအချိန် သံချောင်းလည်း ဦးကျော်ထွန်း၏အိမ်သို့ ချွေလှေ့ပြီးသော စပါးများကို လှည်းနှင့်တင်၍ ပို့သည်။

တစ်ခါတည်း စပါးကျီအတွင်းသို့ ထမ်းထည့်ပေးလိုက်သည်။

ထိုအချိန် ဦးကျော်ထွန်းက အနားမှာ ရှိနေသည်။





လယ်အကြောင်း၊ ကိုင်းအကြောင်း၊ စပါးထွက်မထွက် သိလို သမျှ မေးပြီးနောက် ရုတ်တရက် မထင်မှတ်သောစကားကို ပြောလာသည်။

“ရွှေလထဲမှာ ဖိုးသမီးမြနှင်းကို လင်ပေးစားတော့မလို့”

“ကောင်းပါတယ် ဦးကြီး”

“ကောင်းရမှာပေါ့ကွ ... တိုဘက်က လာတောင်းတဲ့ ကောင်လေးရဲ့ မိဘတွေက ဖိုးတို့ထက်တောင် ချမ်းသာသေးတယ်၊ သူ အိမ်ထောင်ကျပြီးရင် သူ့ယောက်ျားရဲ့အိမ် လိုက်နေမှာ”

“ဟုတ်ကဲ့”

“အေး ... မင်းသိထားရအောင် ပြောပြတာပါ”

“ကဲ ... အလုပ်ပြီးရင် ပြန်တော့”

“ကိုသာဒင်က ... ဖိုးကို ဘာမှာလိုက်သေးလဲ”

“ဘာမှ မမှာလိုက်ပါဘူး”

ထိုနေ့က ဦးကျော်ထွန်းပြောလိုက်သော စကားက သူ့နားထဲသို့ သံရည်ပူ လောင်းချလိုက်သည့်အလား အခံရဆိုးလိုက်သည်ဖြစ်ခြင်း၊

သံချောင်းလည်း ထိုညတစ်ညလုံး ဘယ်လှည့် ညာလှည့်နှင့် တစ်ညလုံး အိပ်မပျော်။



www.burmeseclassic.com

www.burmeseclassic.com



မိုးစင်စင် လင်းခဲ့ရသည်။

မုန်ညင်းနှတ်စဥ်က လယ်ကွင်းထဲသို့ ရောက်လာသော မြနှင်းကို အားလုံးက ဝိုင်း စကြ၊ နောက်ကြ၊ ပြောင်ကြ၍ သံချောင်း မြနှင်းအပေါ် စိတ်ညွတ်လာသည့်အတွက် နောက်တစ်ခါ မြနှင်းနှင့် ဆုံလျှင် ဖြစ်လိုရာဖြစ် ရင်ထဲက ချစ်တဲ့အကြောင်း ဖွင့်ပြောမည် ဟုပင် ဆုံးဖြတ်ထားပြီးဖြစ်သည်။

ယခုတော့ မြနှင်းကို အိမ်ထောင်ချပေးတော့မည်ဟု သိလိုက်ရတော့ ရင်ထဲမှာ ကြေကွဲသလိုလို တာနေသလိုလို ...

ဘယ်ကဲ့သို့မှန်းမသိသော စိတ်၏မွန်းကြပ်မှုကို ခံစားနေရသည်။

သို့ဖြင့် တစ်ညလုံး တစ်မှေးမျှ အိပ်မပျော်သော သံချောင်း မနက်ထမင်းနာရီထိုးတော့ ဦးသာအင် နိုးလာပါက အဆင်သင့်သောက်ရန် မီးမွှေးပြီး ရေနွေးအိုး တည်ပေးသည်။

ထမင်းကြမ်းနှင့် စားရန် ငါးခြောက်ကို ဖုတ်လိုက်ကာ ထုထောင်းပြီး ဆီဆမ်းထားလိုက်သည်။

အားလုံးပြီးတော့ အိပ်ရာထဲ ပြန်ဝင်ကွေးနေတော့သည်။

× × × × ×

ဦးကျော်ထွန်း အိမ်တွင် မြနှင်းအိမ်ထောင်ပြုဖြစ်ရန်အတွက်





တိုက်တွန်းသူက အမြဲတမ်း ဘေးထိုင်နေတတ်သူ မြနှင်း၏မိခင် ဒေါ်မှုဖြစ်သည်။

"ရှင့်သမီး အရွယ်ရောက်နေပြီ၊ ရှင်မရှိတာနဲ့ ကျုပ်ကို အိမ်မှာရှိတယ်လို့တောင် မထင်ဘူး၊ လယ်ကွင်းထဲ သွားလား သွားရဲ့၊

ရွာထဲကိုလည်း သာရေး နာရေး ကုမ္ပဏီအဖွဲ့တွေဆိုဟား သူတို့နဲ့ အဖွဲ့ သွားကြလား သွားရဲ့၊ မတော်တာနဲ့ ဖြစ်မသွားဘူးလို့ ဘယ်သူပြောနိုင်မလဲ၊

အခုလို လာစေ့စပ်ကြောင်းလမ်းတဲ့ သူရှိတုန်း ကျုပ်တော့ သဘောတူလိုက်ချင်တာပဲ"

"ပ·ဘက်ရွာက မြေပိုင်ရှင် ကိုသံဖျင်က သူ့သားနဲ့ ပေးစားဖို့ စဉ်းစားပေးပါလို့ လူလွှတ်ပြီး စကားပါးလိုက်တယ်၊

လူကြီးတွေ ခွင့်ပြုမယ်ဆိုရင် နားလာဖောက်ချင်တယ်တဲ့"

"ဟဲ့ နေပါဦး၊ အဲဒီရွာက ကိုသံဖျင်သားအကြောင်း ငါကြားဖူးပါတယ်။ မိဘချမ်းသာပြီး ရွာရိုးကိုးပေါက် လျှောက် ဖဲရိုက်၊ ထန်းရည်သောက်၊ ကြက်တိုက်နေတဲ့အကောင် မဟုတ်လား"

"ထန်းရည်သမား ဖြစ်နေတာရော၊ မိုက်လိုက်တာရော၊ ဒီ [illegible] လန်နေတာပဲ။ တစ်နေ့ ငါတို့ရှိတဲ့ ပစ္စည်းတွေ [illegible] လုရင်



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုလုပ်မလဲ၊ ငါတို့မှာ ဒီသမီးတစ်ယောက်တည်းရှိတာ”

“ဒီမှာ ကိုကျော်ထွန်း ကုန်ကုန်ပြောမယ်၊ အဲဒီကောင်လေးတာ ဇက်ရဲလက်ရဲဆိုတော့ သူ့ကို ရှိန်ပြီး ကျုပ်တို့ကို ဘယ်သူက ရန်ပြုဝံ့မှာလဲ၊ ကျုပ်တို့ စီးပွားအတွက် လိုမြဲတာပေါ့”

အားလုံးကို လူမထင်သည့် လူစားမျိုးဆိုတော့ မိမိတို့ စည်းစိမ်ကို အကာအကွယ် ပေးနိုင်မည်ဟူသော အတွေးနှင့် သဘောတူချင်နေသည်။

ဤသို့ဖြင့် တောင်ဘက်ရွာသား ထင်ပေါ်နှင့် မြနှင်းကို ပေးစားရန် သုံးဖြတ်ချက် ချလိုက်တော့သည်။

“နေစမ်းပါဦး၊ သူတို့ နားလာမဖောက်ခင် မင်းနဲ့တိုင်ပင်ထားပါရစေဦး”

“ပြော ရှင့်မှာ ဘာအကြံရှိလို့လဲ”

“တို့က သမီးပေးရတဲ့အပြင် အဆစ်ထပ်လိုက်ရဦးမှာလား၊ ပေးသင့်တာတော့ပေးလိုက်မယ်၊ သူတို့လက်ထပ်ပြီးတာနဲ့ ဒီကောင့်ကို အိမ်မှာ ခေါ်မထားနဲ့။ မင်းသမီးကို သူ့ယောက်ျားဆီ ထည့်လိုက်”

“ရှင်က ခွဲနိုင်လို့လား”

“သတိရရင် ငါသွားလည်မယ် ဒါမှ မဟုတ် … သူတို့ကို လာလည်ခိုင်းမယ်၊





ပြီးတော့ ဟိုတောင်ဘက်ရွာက တင်စိုးတို့ အပေါင်ရှုံးသွားတဲ့ လယ်ဆယ့်ငါးဧကကို သူတို့ကို လက်ဖွဲ့လိုက်မယ်”

“ကျွန်မကတော့ သမီးရဲ့ အတွင်းပစ္စည်းထဲက သူ့အပြင်သွားရင်ဝတ်နေတဲ့ ကြိုးဆစ်လက်ကောက်နှစ်ရံရယ်၊ အခုဝတ်ထားတဲ့ ပတ္တမြားလက်စွပ်ရယ် ဆွဲကြိုးလေးရယ် ပေးလိုက်မယ်”

“မင်္ဂလာဆောင်လို့ ရလာတဲ့ လက်ဖွဲ့ငွေတွေရော”

“ဒါလည်း ရှင့်သမီးပဲဟာ ယူသွားပစေပေါ့”

သံချောင်းလို သူရင်ငှားတစ်ယောက်၏ဘဝနှင့် မြေရှင်၏သမီး ဘယ်လိုမှ မနီးစပ်နိုင်။

ပတ်သက်မိချင်လည်း စိတ်ချမ်းသာစရာ ဖြစ်လာမည်မထင်။

ဒါပေမဲ့ သူတို့ မင်္ဂလာပွဲ စတင်သည့်အခါ သံချောင်းတစ်ယောက် မလှုပ်ထိုးရာမှာ မပါမဖြစ် ပါရသည်။

သံချောင်းက မင်္ဂလာကိစ္စ ဝိုင်းကူညီရင်း မြနှင်းကို တစ်ခါတစ်ခါ မြင်လိုက်ရ၍ ရင်ခုန်ရသည်မှာလည်း အမှောသား၊

မင်္ဂလာပွဲမှာ သူ့လိုလူမျိုးက လူရာမဝင်၊ မည်သူကမှ အဖတ်မလုပ်၊ ပထမတော့ ဝမ်းနည်းချင်သလိုလို ဖြစ်မိသည်။

တကယ်တမ်းတွေးကြည့်မိတော့လည်း သူ့လိုလူမျိုးကို မည်သည့်သမီးရှင်ကမှ သူတို့သမီးနှင့် သဘောတူနိုင်ကြမည်



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဟု စိတ်ကို ဖြေနေမိသည်ကလည်း အကြိမ်ကြိမ်။

မဖြစ်နိုင်၊ မရနိုင်တော့သည့်အရာကို တမ်းတမျှော်လင့်နေလို့ကလည်း ကိုယ်သာ ခံစားရမည်ဟု တွေးမိကာ အတတ်နိုင်ဆုံး မေ့နိုင်အောင် ကြိုးစားမည်ဟု စိတ်ဆုံးဖြတ်ထားလိုက်သည်။

မင်္ဂလာအဝင်ည တစ်ညလုံး မင်္ဂလာသတို့သားနှင့် သူ့ရွာသားများလည်း စပါးကျီဖါဗေးတွင် သောက်စားမူးယစ်နေ၏။

သံချောင်းက သူတို့ ဂိုင်းသမျှ မငြီးမငြူ လုပ်ပေးနေရသည်။

ညဆယ်နာရီခန့်ရောက်တော့ အိမ်ရှေ့မှာ ပြဿနာဖြစ်နေကြောင်း သိုးသိုးသန့်သန့် သံချောင်းကြားရသည်။

ရွာကာလသားများက ဦးကျော်ထွန်းဖါပစ္စည်းအရှိန်အဝါ သူ၏ မျက်နှာထား၊ အပြောအဆိုကိုရှိန်၍ ရွာနှင့်ခပ်တန်းတန်း ဖြစ်နေသော်လည်း မိမိတို့ရွာသူကို တခြားရွာသား အထူးသဖြင့် ထင်ပေါ်လို လူဆိုးလူမိုက်တစ်ယောက်သို့ ပေးလိုက်ရမည်ဆိုသောအခါ တယ်ပြီး သဘောမကျချင်။

ဒီက အကြောင်းမဟုတ်၊ သည်ရွာသူတစ်ယောက် လက်ထပ်သည့်အခါ ခဲဖိုးကတော့ ရသင့်သည်ဟု သူတို့ထင်သည်။

( မင်္ဂလာပွဲမှရသော ခဲဖိုးနှင့် ထန်းတောမှာ အမူးသောက်ချင်သည်။





ထင်ပေါ်တို့ကလည်း ခဲဖိုးဆိုတာ မိမိတို့လူမိုက်တစ်စုကသာ တစ်သက်လုံး တောင်းလာခဲ့သည်။

မိမိအလှည့်ကျတော့ ပေးရမှာ မလိုချင်၊ အခြားရွာသားတွေ အောက်မှာ မနိမ့်ချင်။

ယောက္ခမလောင်းနှင့် မြနှင်းတို့က အေးအေးဆေးဆေး ဖြစ်ရန် သူတို့တောင်းသော ခဲဖိုးပေးရန် ပြောင်းဖျသည်။

"ခဲဖိုး လာမပေးဘူး ... မင်းတို့သောက်ချင်စားချင်တယ်ဆို မနက်လာခဲ့၊ ငါ ညှော်ခံမယ်၊ မင်းတို့သောက်ချင်ရင် ငါတိုက်မယ်၊ အခုတော့ မပေးဘူးကွ"

ထင်ပေါ်လည်း ခဲဖိုးလာတောင်းသော ကာလသားခေါင်းကို ရင်ဆိုင်ပြောဆိုသည်။

သည်တော့ မကြာခင် အိမ်ခေါင်မိုးပေါ်သို့ ခဲလုံးများ ကျရောက်လာတော့သည်။

သံချောင်းကတော့ အရက်ဝိုင်းပျက်သွားသည်နှင့် အိမ်ရှေ့က ဆူညံသံတွေကို ဂရုစိုက်မနေဘဲ စပါးကျီဗေးက ကွပ်ပျစ်ပေါ်မှာ တုံးလုံးလှဲနေလိုက်သည်။

ခေါင်မိုးပေါ် ခဲက အဆက်မပြတ် ကျနေသဖြင့် ဦးကျော်ထွန်း ထွက်ပြီး ကြည့်သည်။ မည်သူ့ကိုမှ မတွေ့၍ အိမ်ထဲ ပြန်ဝင်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့သည်။

ဦးကျော်ထွန်း၊ အိမ်ပေါ်တက်သွားစဉ် ထင်ပေါ်လည်း အိမ်အောက်မှာ တွေ့သော လှံကိုဆွဲယူပြီး အိမ်ရှေ့သို့ ထွက်သွားသည်။

အမှောင်ထဲမှာ တွေ့ရသော လူရိပ်ကို ထင်ပေါ် လှံနှင့် ဆောင့်ထိုးလိုက်သည်။

"အား"

လှံကို ဆွဲနှုတ်ပြီ နောက်ကြောင်းပြန်လှည့်၍ အိမ်ထဲသို့ ပြန်ဝင်ခဲ့သည်။ လှံသွားမှာ သွေးတွေ ပေလာခဲ့သည်။

မကြာခင်မှာပင် ဆူညံသံများ အိမ်ရှေ့မှာ ကြားရတော့သည်။ လူသတ်သည့် ရာဇဝတ်မှုခင်းသည် မင်္ဂလာဆောင်မည့်ညမှာပင် အိမ်တွင်းသို့ ရောက်လာခဲ့သည်။

တကယ်တော့ ဦးကျော်ထွန်းလို ရပ်ကွက်မျက်နှာဖုံးတစ်ယောက် အဖို့ တော်ရုံမှုခင်းမျိုးကို အခြေအနေအရ တားဆီးနိုင်စွမ်းရှိသည်။

သို့သော် လှံထိုးခံရသူမှာ မိမိနှင့်ရွာထဲမှ စီးပွားပြိုင်ဘက် ဦးမောင်းစိန်၏သား ဖြစ်နေသည်။

သူလည်း မြေရှင်၊ ယာရှင်၊ ဩဇာရှိသူတစ်ယောက် ဖြစ်နေသည်။ ထိုကိစ္စ သူကြီး ဝင်ဖြေရှင်းရန် အကြပ်ရိုက်တော့မည်။

သူကြီးကတော့ ဦးကောင်းစံသား လှံအထိုးခံရပြီ ဆိုကတည်း





က သည်အမှုသည် ရွာမှာ ဖြစ်မည်မဟုတ်၊ မြို့ဂတ်သို့ ရောက်ရတော့မည်။

အထိုးခံရသူ၏ ဒဏ်ရာက မနည်းဟုလည်း သတင်းကြားရသည်။

"ကိုကျော်ထွန်း တရားခံ ဘယ်သူလဲဆိုတာ ကျုပ်တို့ သိတယ်၊ ညတွင်းချင်း တရားခံကို ဖမ်းနိုင်ရင်ဖမ်း၊ မဖမ်းနိုင်ရင် မြို့ဂတ်မှာ သွားရင်ဆိုင်ရမှာပဲ၊ ဒီကိစ္စကို ဘယ်နည်းနဲ့မဆို အရေးယူရမှာပဲ၊

မယူနိုင်ရင် မနက်ဆို မြို့က ပုလိပ်တွေ ရောက်လာတော့မှာပဲ"

"နေပါဦး ဒဏ်ရာအခြေအနေ ဘယ်လိုလည်း မသိရသေးဘူးလား"

"အခြေအနေ မကောင်းဘူး၊ ဆေးရုံ သယ်သွားကြပြီ"

ထိုအခါမှာပင် ဦးကျော်ထွန်းစိတ်ဓါတ်ကျသွားသည်။ ယခင်ကဆို ထင်ပေါ်ကို ပုလိပ်ဖမ်းရုံမကလို့ ဘာပဲလုပ်လုပ် အကြောင်းမဟုတ်။

ယခုအကြောင်းက ဆက်စပ်နေပြီ၊ မြန်မြန်ဆိုလျှင် မင်္ဂလာဦးညမှာပင် မျက်ရည်ကျနေရပြီ။



www.burmeseclassic.com

www.burmeseclassic.com



ထင်ပေါ်က ဂရုမစိုက်သည့်လေသံနှင့် ...

"ဖမ်းကြစမ်း၊ ကျုပ်သာ အဖမ်းခံရရင် ဒီတစ်ရွာလုံး မီးတိုက်ပစ်မယ်၊ ဒီမှာ သူကြီး၊ ဒီကိစ္စ ကျုပ်ကြည့်ပြီး ရှင်းမယ်"

ထိုသို့ဆိုတော့ အခြေအနေတ တင်းမာလာသည်။ သို့ကြောင့် ပြဿနာ ပြေလည်ရာပြေလည်ကြောင်း ကြံရပြန်သည်။

သံချောင်းတစ်ယောက် သုံးလေးည အိပ်မပျော်ခဲ့၍ အိပ်ရေးပျက်သည်ကတစ်ကြောင်း မင်္ဂလာဆောင်အတွက် တစ်နေ့လုံး ပစ္စည်းများသယ်ပို့ရ၍ ပင်ပန်းကာ တုံးခနဲ ကွပ်ပျစ်ပေါ် အိပ်ပျော်သွားသည်။

ရုတ်တရက် ကိုင်လှုပ်အနှိုးခံလိုက်ရ၍ သံချောင်း အိပ်နေရာမှ နိုးသွားတော့သည်။

"ဘာလုပ်မလို့ နှိုးတာလဲဗျ"

"ကဲ ... သံချောင်း စောစောပိုင်းက ကိစ္စအတွက် မင်းကို လာဖမ်းတာပဲ"

ဦးကျော်ထွန်းပြောသောစကားကို သံချောင်း ဘယ်လိုမှ နားမလည်နိုင်။

"ဗျာ ... စောစောက ဘာဖြစ်လို့လဲ၊ ကျုပ် ဒီအိမ်မှာ အိပ်ပျော်နေတာ၊ ကျုပ်ကို ဘာကြောင့် ဖမ်းရမှာလဲ"





"စောစောက အိမ်ရှေ့မှာ ခဲပိုးလာတောင်းတဲ့ ကာလသားတွေကို မင်းလှံနဲ့ လိုက်ထိုးတဲ့ကိစ္စလေကွာ"

သူကြီးက ဝင်ပြောသည်။

သံချောင်း မျက်လုံးပြူးသွားသည်။

ကြောက်စိတ်ကြောင့် ရင်ထဲ တဒိတ်ဒိတ် ခုန်သွားသည်။

"ကျုပ် ဘယ်သူ့ကိုမှ ဘာမှ မလုပ်ခဲ့ဘူး"

"ကျုပ် ဒီမှာ အေးအေးဆေးဆေး အိပ်နေတာ"

"လုပ်ပြီးမှ ဘယ်သူက လုပ်တယ်ပြောမှာလဲ၊ လုပ်ပြီးရင် ခံရမှာ မသိဘူးလား၊ မင်းလုပ်တာ မင်းမေ့ပစ်မလို့လား"

"သိန်းဆောင်ကို မင်းလှံနဲ့ထိုးလိုက်လို့ ဟိုကောင် သေလားရှင်လား မသိဘူး"

"မင်းဘာမှ အားမငယ်နဲ့၊ ဘကြီးတို့ မင်းကိစ္စ အမှုပေါ်အောင် လိုက်ပေးမယ်"

"ကျုပ် .. ကျုပ် ဘာမှ မလုပ်ဘူး"

"မင်းငြင်းနေလည်းအပိုပဲ ... မနက်ဖြန် ပုလိပ်တွေ လာမှပြော၊ အခု ... မင်းကို သူကြီးက ခေါ်သွားလိမ့်မယ်"

"မင်းရဲ့ ခေါင်းရင်းမှာ လှံထောင်ထားတာ တွေ့တယ်၊ မင်းလှံကို ဆွဲထွက်သွားတာ မြင်တဲ့သူတွေကလည်း အများကြီး



www.burmeseclassic.com

www.burmeseclassic.com



မင်းလိုမှာလည်း သွေးတွေနဲ့"

"ဒါကြောင့် တို့ မင်းကို ဖမ်းရမှာပဲ"

သူကြီးက လှံကို သူ့ရှေ့မှာရပ်ပြီး မြှောက်ပြနေသည်။

မဟုတ်ဘူး၊ ကျုပ်လှံနဲ့ မထိုးဘူး၊ ကျုပ်ရဲ့လှံလည်း မဟုတ်ဘူး"

အားလုံး ညှိထားပြီးဖြစ်၍ သံချောင်းစကား အရာမထင်။ သံချောင်း လှံနှင့်ထိုးသည်ကို အားလုံးမြင်သည်ဟုပင် တညီတညွတ်တည်း ပြောဆိုနေကြသည်။

သက်သေခံပစ္စည်းက ခေါင်းရင်းမှာ တွေ့သည်တဲ့။

သို့ကြောင့် သံချောင်း အဖမ်းခံရသည်။

သံချောင်း ကြောက်လာသည်။ ထောင်ကိုလည်း ကြောက်သည်။ ဇော်ရာပုလိပ်များကိုလည်း စေ့စေ့ပင် မကြည့်ရဲ။

သူကြီးအိမ်ရောက်လျှင်လည်း ထိပ်တုံးအခတ် ခံရဦးမည်။

ဆယ်အိမ်ခေါင်းနှင့် ထင်ပေါ်အပါအဝင် သူ့လူများက သံချောင်းကို ဆွဲခေါ်ကြသည်။

ထိုအခါ ဖြစ်လိုရာဖြစ်ဆိုပြီး ဆွဲကိုင်ထားသောလက်ကို ခေါင်ရုန်းလိုက်ပြီး ထင်ပေါ်တပည့်တစ်ယောက်၏ လက်အတွင်းမှဓါးကို ဆွဲလုလိုက်သည်။





ဓါးကို ပေါ့ဆစွာ ကိုင်ထားသဖြင့် သံချောင်း၏လက်ထဲ ဓါး ပါသွားသည်။

"အဖမ်းတော့ မခံဘူး၊ ငါ့နောက်လိုက်တဲ့အကောင်တွေ ဓါးနဲ့ အသေခုတ်မယ်"

သံချောင်းက ဓါးကိုဝင့်ပြီး အမှောင်ထဲ ပြေးထွက်လိုက်စဉ် ထင်ပေါ်၏လက်အတွင်းမှ လှံက သံချောင်းရှိရာ ပစ်လွှတ်လိုက်သည်။

လှံက သံချောင်း၏ကျောကို ဖောက်ပြီး ရှေ့ကိုပင် ထွက်သွားသည်။

သံချောင်းရှေ့သို့ ပစ်လဲကျသွားသည်။

သံချောင်း မြေပေါ်မှာ ဆန့်ငင်၊ ဆန့်ငင်ဖြစ်ပြီး ငြိမ်ကျသွားသည်။

"တရားခံက ဓါးလုပြီး ပြန်ခုခံလို့ အသေပစ်သတ်လိုက်တာ သူကြီးတို့ မြင်တယ်မဟုတ်လား"

"အေး ... အေး ... မြင့်တယ်"

"အားလုံးလည်း မြင်တယ် မဟုတ်လား"

ထင်ပေါ်၏တပည့်အားလုံးကလည်း မြင်တယ်ဟု သံပြိုင်ထောက်ခံလိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သံချောင်းတစ်ယောက်ကတော့ သူချစ်သော မြနှင်းဖါမင်းလာ ဦးညမှာပင် လူ့လောကထဲက ထွက်ခွာခဲ့ရတော့သည်။

လို့ဖြင့် နောက်နေ့မြို့ဂိတ်မှ ပုလိပ်များရောက်လာကြသည်။

ဦးကောင်းစံသားကို လုံနှင့်ထိုးခဲ့သော တရားခံသံချောင်းအား ကြီးနှင့် ဆယ်အိမ်ခေါင်းတို့ သွားဖမ်းစဉ် အဖမ်းမခံဘဲ ဓါးကို လုကာ ပြန်ခုခံသဖြင့် တရားခံအား လုံနှင့်ပစ်ပြီး ဖမ်းခဲ့ရကြောင်း ပြွက်ဆိုကြတော့သည်။

မြို့မှ ရောက်လာသော ဆားပုလင်းနှင့် အဖွဲ့ကို ထင်ပေါ်၏ မိတများနှင့် ဦးကျော်ထွန်းတို့က ကောင်းစွာဧည့်ခံ၍ တံစိုးလက်ဆောင် များပေးပြီး ပြန်လွှတ်လိုက်သည်။

ဦးကောင်းစံလည်း မိမိသားကို လုံနှင့်ထိုးသော တရားခံမှာ သေသွားပြီဟု သိလိုက်ရ၍ ပြဿနာ မရှာတော့ဘဲ အမှုက ပြီးသွားခဲ့သည်။

ထိုပြဿနာ ထိုမျှနှင့် ပြီးသွားသော်လည်း ...

တမလွန်ရောက်သွားသော သံချောင်းကတော့ မကျေချမ်းနိုင် သေးပါ။

အားလုံး အေးချမ်းစွာနှင့် တစ်ပတ်ဆယ်ရက်မျှ ကြာသွား သည်။





ထင်ပေါ်ကလည်း လူကောင်းသဖွယ် ဘယ်မှမသွားဘဲ ယောက္ခမအိမ်ပေါ်မှာ ခြေငြိမ်နေသည်။ အားလုံး အေးချမ်းငြိမ်သက် နေသည်။

ပြဿနာရှာထား၍ အိမ်ထဲမှ အိမ်ပြင်မထွက်ပဲ နေခြင်းလည်း ဖြစ်သည်။

ထို့နောက် အေးချမ်းငြိမ်သက်နေသော ဦးကျော်ထွန်း၏ အိမ်မှာ ပြဿနာ စဖြစ်သည်။

အိမ်ခေါင်မိုးပေါ်သို့

ဝုန်း

ဒိန်း ... ဒိန်း

ဝုန်း

ပြင်းထန်သော အသံကြီးများ ရုတ်တရက် ကြားလိုက်သည်။ ဝဲကြသည်ထက်ပင် ပြင်းသော အသံကြီးများပင် ဖြစ်သည်။ သွပ်ခေါင်မိုးပေါ်သို့ ကျောက်ခဲတုံးကြီးများ ပစ်ချလိုက်သည့် အသံမျိုးဖြစ်သည်။

"တဲ့ ... ငါတို့အိမ်ကို ဘယ်သူ ခဲနဲ့ပစ်တာလဲ"

"အဲဒါ ခဲနဲ့ပစ်တဲ့အသံ မဟုတ်ဘူး၊ အလေးအပင်ကျတဲ့ အသံ"



www.burmeseclassic.com

www.burmeseclassic.com



ဒိန်း ... ဝုန်း

ဒိန်း ... ဝုန်း

အိမ်ကြီး၏ ပျဉ်ကာထားသော ထရံကိုလည်း ကြီးမားသော အရာနှင့် ပစ်ပေါက်လိုက်သလို ထုရိုက်လိုက်သလို ကျယ်လောင်သော အသံကြီးနှင့်အတူ အိမ်ပါ လှုပ်ယမ်းသွားသည်။

ဝုန်း ... ဝုန်း

ဂျိန်း ... ဂျိန်း ... ချွမ်း

ဖွင့်လိုက်၍ ဖွင့်ထားသော တံခါးများလည်း ကိုင်ပြီး ဆောင့်ပိတ်လိုက်သလို တံခါးဘောင်နှင့် ပစ်ရိုက်ပြီး လှုပ်ခါယမ်းနေသည်။

"ဟာ ... အ ... အီ ... သရဲခြောက်တာပဲဖြစ်မယ်"

ထင်ပေါ်နှင့် မြနှင်းတို့က အိမ်ခန်းထဲက ပြေးထွက်လာကြသည်။

"သံချောင်းသေပြီး သရဲဖြစ်သွားတာဖြစ်မယ်"

ဦးကျော်ထွန်းက သမက်စကားကို ထောက်ခံသည်။

"သူ့အတွက် ဘယ်သူမှ သပိတ်သွတ် တရားနာ မလုပ်ပေးကြတော့လည်း မကျွတ်မလွတ်တာဖြစ်မယ်"

"ဒီသောက်သရဲက မကျွတ်မလွတ်လည်း သွားချင်ရာ သွားတာမဟုတ်ဘူး။ ဒီလာပြီး ခြောက်လှန့်နေရသေးတယ်"





"ငါ့လုံချင်္ဂါနဲ့ သေတဲ့သရဲက ကြောက်မယ်ထင်လို့ လာခြောက်နေသေးတယ်၊ ခြောက်တဲ့သရဲ မောရုံပဲရှိမယ်"

"အဲဒီလို မပြောနဲ့လေ ... ကိုယ်က သူ့ကို မြင်ရတာမှ မဟုတ်တာ"

မြနှင်းက ဝင်ပြောသည်။

"မြင်ရလည်း မကြောက်ဘူး၊ မမြင်ရလည်း မကြောက်ဘူး"

"ကဲ ... ကဲ၊ မပြောပါနဲ့ကွယ်၊ သူက မင်းအတွက် တဆော ဝင်ခံလိုက်ရတာ၊ ဒီလောက်နဲ့ပဲ ကျေနပ်လိုက်ပါ"

"သူဟာ ကျေနပ်ပုံမရလို့ လာခြောက်တာ မဟုတ်လား၊ တော့ သံချောင်း ကိုယ်ထင်ပြပြီးတော့ ခြောက်စမ်းကွာ"

"ဝုန်း"

တစ်တောင်ခန့်ရှိသော ထင်းချောင်းတစ်ချောင်း ပြတင်းပေါက်မှ ဝင်လာပြီး ထင်ပေါ်ပခုံးကို တိုက်ရိုက်ထိမှန်သည်။

ထင်ပေါ်နောက်သို့ ယိုင်ထွက်သွားသည်။

"တောက်"

"ငါ့ကို စိန်ခေါ်တာပဲ"

ထင်ပေါ် မီးဖိုခန်းထဲ ပြေးဝင်ပြီး လှံဆွဲယူကာ ထွက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"သတ္တိရှိတဲ့ ကောင်ဆို ကိုယ်ထင်ပြကြရမှာပေါ့ လာခဲ့"

"ကြောင်း"

ထင်ပေါ် လှံလွတ်ကျပြီး နောက်သို့ လွင့်ထွက်သွားတော့သည်။

ဝုန်း

"အို ... ဒုက္ခပါပဲ"

မြနှင်းလည်း ထင်ပေါ်ကို ပြေးထူလိုက်သည်။

"မလုပ်နဲ့၊ ကိုသံချောင်း မလုပ်နဲ့။ အဝေးကို ထွက်သွားပါတော့။ ကျွန်မ တောင်းပန်ပါတယ်"

မြနှင်းက ထိုသို့ ပြောပြီးသည်နှင့် အသံတစ်သံမှ မကြားရတော့သလို ထင်ပေါ်ကိုလည်း ရန်ပြုခြင်း မလုပ်တော့။

ထင်ပေါ်လည်း ထိုင်နေရာမှ ထလိုက်သည်။

"ကျွတ် ... ကျွတ် ... တော်တော် အီသွားတယ်၊ သရဲကောင်က မင်းရဲ့စကား နားထောင်ပုံရတယ်၊ သရဲက မင်းကိုများ ကြိုက်နေလား မသိဘူး"

"ရှင် ဘာတွေ လျှောက်ပြောနေပြန်တာလဲ၊

ကျွန်မနဲ့ ကိုသံချောင်း ဘာမှ မပတ်သက်ဘူး၊ တစ်လနေလို့ စကားတစ်ခွန်းတောင် မပြောဖူးဘူး"





"မင်းက မပတ်သက်ပေမယ့် သူက ပတ်သက်ချင်နေလားမှ မသိတာ"

"တော်ပါတော့ရှင် ... ကိုယ့်ကိစ္စ ကိုယ်တွေးစမ်းပါ မဆိုင်တဲ့သူကို လျှောက်မစွပ်စွဲနဲ့"

"ဒီကိစ္စ ဘာကြောင့် ဖြစ်လာတယ်ဆိုတာ အားလုံး သိနေတာပဲ"

"တော်ကွာ ... တော် ... ကြာရင် ဓါးလက်ပါလာမယ်"

"ကဲ မြနှင်းရေ ... သရဲရန်က ငြိမ်သွားကာမှ ... နင်တို့လင်မယားက ထသောင်းကျန်းဦးမလို့လား"

မြနှင်းက ထိုင်နေရာမှထပြီး အိပ်ခန်းထဲ ဝင်သွားသည်။

ထင်ပေါ်လည်း တောက်ခေါက်ရင်း ထိုင်နေရာမှာပင် ကျန်နေခဲ့သည်။

× × × × ×

ဒီနေ့ ထင်ပေါ်နှင့် မြနှင်းတို့မိတများ အိမ်ကနေပြီး၊ ထင်ပေါ်တို့ရွာသို့ လှည်းသုံးစီးနှင့် အိမ်ထောင်ပစ္စည်းများတင်ပြီး ပြောင်းရွှေ့လာကြသည်။

ဦးသံဖျင်တွင် အိမ်အပိုတစ်လုံးရှိသဖြင့် သူတို့လင်မယားအား အိမ်ကို လက်ဖွဲ့လိုက်သည်။ သို့ကြောင့် ထိုအိမ်သို့ ဧည်းတက်



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

"ကဲ မြနှင်း ... သဘောကျတယ် မဟုတ်လား"

"ရပါတယ်၊ ကျွန်မအနေနဲ့ ဘယ်လိုပဲ နေရ နေရ နေနိုင်ပါတယ်"

"အဲဒီလိုတော့ မပြောနဲ့ကွာ၊ မင်းမိဘတွေရော ... ငါ့မိဘတွေပါ။ ရွာရဲ့မျက်နှာဖုံး မြေပိုင်ရှင်တွေ မဟုတ်လား။ သူတို့ရဲ့သားနဲ့သမီး မျက်နှာငယ်တယ်ဆိုရင် ဘယ်ဖြစ်မလဲ"

"ငါ့အိမ်က လှည်းနဲ့နွား၊ အိမ်ထောင်သုံးပစ္စည်းတွေ လာပို့ပေးလိမ့်မယ်၊

ကဲ ... ပျော်အောင်သာနေ မိန်းမရေ၊ တို့မိဘတွေ လက်ဖွဲ့တဲ့လယ်တွေမှာ လုပ်မယ့်စာရင်းငှား ရှာငှားရမယ့် တာဝန်ရှိသေးတယ်"

"ရှင်က လယ်ထဲ မဆင်းဘူးလား"

"ငါက ... ငါ့မိဘတွေဆီမှာ နေကတည်းက လယ်ထဲကို တစ်ခေါက်တောင် သွားတာ မဟုတ်ဘူး၊ လယ်လုပ်ဖို့ လာမပြောနဲ့၊ ပိုက်ဆံရှိရင် လူငှားလို့ ရတယ်"

"ရှင်က အိမ်ထောင်ဦးစီးပဲ ... အားလုံး ရှင်စီစဉ်ပေါ့"

"အေး ... အချိန်တန်ရင် ဖြစ်သွားစေရမယ် ... အခု ... ငါ ဇာတွေးတို့နဲ့ ထန်းတော သွားဦးမယ်၊ ညစာကို ငါ့ကို





မစောင့်နဲ့ စားနှင့်"

ထင်ပေါ်လည်း ပစ္စည်းများ ဝိုင်းကူနေရာချပေးနေသော သူ့တပည့်နှစ်ယောက်ကို ခေါ်ပြီး ထွက်သွားသည်။

ထန်းတောသို့ ရောက်သွားပြီး အဝသောက်ကြသည်။

မင်းတို့ ရေချိန်ကိုက်ပြီလား၊ တရားလက်လွတ် မသောက်ကြနဲ့ဦး၊ ပြီးရင် အေးသောင်းတို့လယ်က တလင်းထဲမှာ ကြက်တိုက်ဖို့ ငါချိန်းထားတယ်။ သုံးနာရီအရောက် သွားကြမယ်"

"တာ ... ဒါဆို ပွဲကြီးပွဲကောင်းပဲ"

ထန်းရည်သောက်၍ ကျေနပ်အားရမှ ကြက်တိုက်ရန် ထွက်ခဲ့သည်။

ထင်ပေါ်လည်း မင်္ဂလာပွဲမှ ရသော လက်ဖွဲ့ငွေသားများကို မြနှင်းကို မပေးဘဲ၊ အကုန်ယူထားသည်။

ကြက်ပွဲမှာ သုံးပွဲတိုက်လိုက်ရာ ပါလာသောပိုက်ဆံ ကုန်သွားသဖြင့် အပြန် စိတ်ညစ်ညစ်နှင့် အရက်ဆိုင်သို့ ဝင်သောက်ပြီး အိမ်သို့ ပြန်လာခဲ့သည်။

"ဟော့ ... မြနှင်း ... မြနှင်း ... စောစောစီးစီး သေနေပြီလား ... တံခါးဖွင့်စမ်း၊

ဟောက် ... ဖွင့်စမ်း မြန်မြန်"



www.burmeseclassic.com

www.burmeseclassic.com



"ဖွင့်ပါမယ် ... မီးထွန်းနေလို့"

"ဟဲ့ ... ဟဲ့၊ ငါ့ကို ဘယ်သူ တွန်းတာလဲ"

"ဝုန်း"

ထင်ပေါ် အိမ်တံခါး မဖွင့်သေးခင် တစ်စုံတစ်ယောက်က ဆောင့်တွန်းလိုက်သလို နောက်သို့ ပစ်လဲသွားသည်။

"တောက် ... ဘယ်ကောင် တွန်းတာလဲ"

ထိုအချိန် မြနှင်းတံခါး ဖွင့်လိုက်သည်။

"တောက် ... တံခါးဖွင့်တာ ကြာလိုက်တာ၊ နင့်လင် ငါ့ကို ဆောင့်တွန်းတယ်၊ ဒီကောင် အိမ်အထိ ပါလာပြီနဲ့တူတယ်"

"မဟုတ်ပါဘူး၊ ရှင် အမူးလွန်ပြီး ... အရှိန်လွန်လို့ လဲကျသွားတာ ဖြစ်မှာပါ"

"ဘာကွ ... ငါ အဲဒီလောက် ကိုယ့်ကိုယ်ကို မထိန်းနိုင်လောက်အောင် မမူးသေးဘူး၊ ငါ့ကို ဆောင့်တွန်းလိုက်တာ လက်ယမ်းတွေ ခံနေလို့ ... အောက်ကို ပစ်မကျတာ"

"လာပါ ... အိမ်ထဲဝင်ပါ ... ဘာမှ မရှိပါဘူး"

ထင်ပေါ်လည်း မြနှင်း၏ တွဲခေါ်မှုနှင့် အိမ်ထဲရောက်သွားသည်။

"အရက်တွေ တအားသောက်လာတာပဲ"

"ဟဲ့ စကားမရှည်နဲ့၊ ငါလူမှန်းသိကတည်းက သောက်လာတာ၊ အခုလည်း သောက်မယ်၊ နောက်လည်း သောက်မယ်"

"ကြိုက်လို့သောက်တာ သောက်ပါ။ လူမှန်းသူမှန်း မသိအောင် မသောက်ပါနဲ့ရှင်"

"ရှင်တစ်ခုခုဖြစ်ရင် ... ကျွန်မ ဘာမှ လုပ်တတ်တာ မဟုတ်ဘူး"

"ငါ ... ဒီနေ့အထိ ဘာမှ မဖြစ်ခဲ့ဘူး။ စကားများတယ်။ ငါ အိပ်တော့မယ်"

"ထမင်းမစားတော့ဘူးလား"

"မစားတော့ဘူး ... အိပ်တော့မယ်"

မြနှင်းလည်း ထင်ပေါ်ဆောင့်တွန်းခံလိုက်ရသည့် ကိစ္စအကြောင်း မေ့သွား၍လားမသိ၊ ပြဿနာမရှာဘဲ အိပ်ရာထဲ တန်းဝင်သွား၍ စိတ်သက်သာသွားရသည်။

မြနှင်းအတွက်တော့ ဂုဏ်ပကာသနမက်သော မိဘတွေကြောင့် တစ်ဘဝလုံး စိတ်ဆင်းရဲမှု ခါးစီးပြီး ခံရန်သာ ဆုံးဖြတ်ချက်ခိုင်ခိုင်းချလိုက်သည်။

ကွယ်လွန်သွားပြီဖြစ်သော သံချောင်းတစ်ယောက် မိမိကို စိတ်ဝင်စားနေကြောင်း သူ၏အပြော၊ သူ၏အကြည့်များကြောင့် မိန်းကလေးပီပီ သိခဲ့ပါသည်။







www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတစ်ရံ သံချောင်းနှင့် မျက်နှာချင်းဆိုင် ဆုံဖူးသည်။ အရည်လဲ့နေသော သူ့အကြည့် သူ့မျက်လုံးနှင့်ဆုံ၍ ရင်ခုန်ခဲ့ရသေးသည်။

တစ်ကြိမ်ကဆိုလျှင် မုန့်ညင်းနုတ်နေသူများက သူနှင့် သံချောင်းကို ဝိုင်း နောက်ကြ ပြောင်ကြ ဝိုင်းစကြ၍ မြနှင်း စိတ်မဆိုးခဲ့။

ညအိပ်ရာဝင်တော့လည်း လူငယ်ပီပီ သန်မာသော ကြွက်သားများနှင့် ယောကျ်ားပီသသော သံချောင်းကို မျက်လုံးထဲမှ မထွက်သဖြင့် ထိုည စိတ်ကူးယဉ်ပြီး အိပ်ရေးပျက်ခဲ့ဖူးသည်။

အကယ်၍ သံချောင်းနှင့် မိမိ နီးစပ်သွားပါက မိဘများ သဘောမတူ၍ အားလုံး စိတ်ဆင်းရဲရမည်။ ငွေရေးကြေးရေးလည်း မပြည့်မစုံဖြစ်မည်။

ဒါပေမဲ့ သူ့ကိုတော့ စိတ်ချမ်းသာအောင် ထားမည်။ မိမိအပေါ် ကြင်နာမည့်ကတော့ မြေကြီးလက်ခတ်မလွဲပါ။ အချစ်အတွက် စိတ်ချမ်းသာရပေမည်။

ယခုတော့ ငွေရေးကြေးရေး ပစ္စည်းဥစ္စာ ပြည့်စုံသော်လည်း မင်္ဂလာဆောင်ပြီးကတည်းက စိတ်ချမ်းသာမှု မရရှိခဲ့။ ရှေ့ကိုလည်း ရမည်မထင်တော့။

ရှေ့ရေးကို စဉ်းစားမိပြီး ထိုင်ရာမှ မထသေးဘဲ မျက်ရည်





ကျနေမိတော့သည်။

x x x x x

"မြနှင်း ... မြနှင်း ... ဘယ်ရောက်နေလဲ"

"အိမ်နောက်မှာ ဟင်းရွက်ခူးနေတယ်"

"လာစမ်း မြန်မြန်"

ဟင်းချိုချက်သောက်ရန် ပဲညွန့်များခူးနေရာက အိမ်ပေါ်သို့ တက်လာခဲ့သည်။

"ဘာလုပ်မလို့လဲ"

"တောက် ... လာဆို၊ ပြန်ပြီး စစ်ဆေးနေရသေးတယ်၊ အခုလာခဲ့ဦး"

မြနှင်းလည်း ဘာမှ မပြောဘဲ မီးဖိုတွင်းမှ အိပ်ခန်းဝသို့ လာခဲ့သည်။ ထင်ပေါ်က အိပ်ရာမှ နိုးကာစပင် ရှိသေးသည်။ မျက်နှာ မသစ်ရသေး။

"နင့်ဆွဲကြိုး ငါ့ကို ခဏပေးစမ်း"

မြနှင်း ကြောက်လန့်ပြီး လက်နှစ်ဖက် ရင်ကိုသိုင်းယှက်ကွယ်လိုက်သည်။

"ဘာလုပ်တာလဲ၊ ဘာဖြစ်သွားတာလဲ"

"မလုပ်ပါနဲ့၊ မိဘလက်ဖွဲ့လိုက်တဲ့ပစ္စည်း"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲကွ၊ ငါခဏယူမှာ ... အပိုင်ယူမှာ မဟုတ်ဘူး။ ဆွဲကြိုးမပေးရင် လက်ကောက်ဖြစ်ဖြစ် လက်စွပ်ဖြစ်ဖြစ် ပေးစမ်း"

မြနှင်းလည်း မျက်ရည်ကျရင်း ကြဲဆစ်လက်ကောက်တစ်ကွင်း ချွတ်ပေးလိုက်သည်။

"ရှင့်ဆီမှာ ယူထားတဲ့ လက်ဖွဲ့က ရတဲ့ ပိုက်ဆံတွေရော"

"ကြက်တိုက်လို့ ရှုံးသွားပြီ"

"ကဲ ... ငါသွားမယ်၊ အိမ်မှာနေပြီး မေတ္တာပို့မနေနဲ့ လာဘ်ပိတ်တယ်"

မြနှင်း ဘာမှမပြောဘဲ မျက်ရည်ကျရင်း ကျန်ခဲ့သည်။

ထင်ပေါ်လည်း လက်ကောက်တစ်ကွင်းရသည်နှင့် သူ့အဖော်များနှင့် ချိန်းထားရာ ထန်းရည်ဆိုင်သို့ ထွက်ခဲ့သည်။ ထိုမှ ကြက်ဝိုင်းသို့ သွားကြမည်ဖြစ်သည်။

ထင်ပေါ်တစ်ယောက် ယခုတလော ဘာလုပ်လုပ် လောင်းကစားတိုင်း မနိုင်တော့။

အိမ်ထောင်ကျပြီး တစ်ခါမှ မနိုင်သဖြင့် တပည့်များက ဝိုင်း၍ စကြ ပြောင်ကြတော့သည်။

"သူများတွေကတော့ စုတ်ဝင်၊ လာဘ်ဝင်အယ်တဲ့။ တို့ဆရာ ထင်ပေါ်ကတော့ အိမ်ထောင်ကျပြီးမှ စုတ်ဝင် လာဘ်မရှင် ဖြစ်နေ





ပါလား"

"ဟောကောင် ... မင်းရဲ့ပါးစပ်ကို ရေသွားဆေးပစ်လိုက်"

"ကဲ ... စားပြီးသောက်ပြီးတာနဲ့ ... ကြက်ဝိုင်းသွားကြမယ်၊ ဒီနေ့ ဖဲဝိုင်းလည်း ဆက်မယ်"

"ဆရာ့မှာ ပါလာသေးလို့လား"

"မိန်းမဆီက လက်ကောက်တစ်ကွင်း ဆွဲခဲ့တယ်၊ ကောင်မ ... သူ့လက်ကောက်ယူလာလို့ ငိုပြီး ကျန်ခဲ့တယ်"

"တစ်ကွင်းယူရင် နှစ်ကွင်း ပြန်ပေးလိုက်ပေါ့ဆရာ၊ အဲဒီ ပါးစပ် ပိတ်သွားလိမ့်မယ်"

"ငါ ဘယ်လောက် အလောင်းအစားမှာ လာဘ်ကောင်းတယ် ဆိုတာ ငါ့မိန်းမကို သိစေချင်ကာမှ ... လာဘ်ကောင်းက ငုပ်နေတယ်"

ညပိုင်း ဖဲဝိုင်းသိမ်းတော့ ထင်ပေါ်တို့ဆရာတပည့် ခေါင်းငိုက်စိုက်ချပြီး ပြန်လာကြသည်။

သို့ကြောင့် အရက်ဆိုင်ဝင်၍ အမူးသောက်ခဲ့ကြသည်။

အိမ်ပြန်ရောက်တော့ မြနှင်း၏အမေးကို ပြတ်ပြတ်ပြောပြီး အိပ်ခန်းထဲသို့ တန်းဝင်ခဲ့တော့သည်။

"လျှာမရှည်နဲ့၊ မင်းလက်ကောက် ရှုံးခဲ့ပြီ။ ငါ့ရဲ့ဖယ်တွေ



www.burmeseclassic.com

www.burmeseclassic.com



ရောင်းပြီး ပြန်လုပ်ပေးမယ်”

ထိုညမှာလည်း မြနှင်း ငိုခဲ့ရပြန်ပါသည်။

မနက်မိုးလင်း၍ မြနှင်းနိုးလာသောအခါ မြင်လိုက်ရသော မြင်ကွင်းက ...

မနေ့က ထင်ပေါ်ကိုပေးလိုက်သော ကြံဆစ်လက်ကောက် တစ်ကွင်း သူ့ခေါင်းအုံးဘေး မျက်နှာတည့်တည့်မှာ တွေ့လိုက်ရသည်။

ထင်ပေါ်ယူသွားပြီး မရှုံးဘဲနှင့် ကြက်ဝိုင်းမှာ ရှုံးခဲ့သည်ဟု ပြောခဲ့တာဖြစ်မည်။

မိမိစိတ်မကောင်းဖြစ်သည်ကို မြင်၍ ပြန်ထားပေးထားသည်လား ဝေခွဲမရ။

ထိုလက်ကောက်ကို တွေ့သည်ဟန် မပြဘဲ သိမ်းထားလိုက်သည်။

ထင်ပေါ် အိပ်ရာက နိုးလာသည်။ လက်ကောက်အကြောင်း စကားမစသလို အရိပ်အယောင်ပင် လက်ကောက်နှင့်ပတ်သက်၍ မပြောလာသဖြင့် သံသယတစ်ဝက်နှင့်ပင် မနက်ပိုင်းထမင်းစားချိန် ရောက်၍ ထင်ပေါ် ထမင်းဝင်စားသည်။

ထမင်းစားပြီး ခဏနေတော့ ထုံးစံအတိုင်း ဆွဲကြိုးကို





တောင်းပါသည်။

“မနေ့က လက်ကောက်တစ်ကွင်းက မလောက်ဘူး။ ဆွဲကြိုးမှ ဖြစ်မယ်”

“ရှင် ... ဆွဲကြိုးတော့ မထိပါနဲ့၊ ဆွဲကြိုး အမြဲဆွဲထားပြီးမှ မရှိရင် လူကဲ့ရဲ့စရာဖြစ်မယ်”

“ဆွဲကြိုးမပေးရင် လက်ကောက်နှစ်ကွင်းပေးကွာ”

“ပေးကွာ ... မြန်မြန်၊ ငါယူတာတွေ မှတ်ထား ... ငါ ပြန်ဝယ်ပေးမယ်”

မြနှင်းလည်း လက်ကောက်နှစ်ကွင်း ချွတ်ပေးလိုက်သည်။ လက်ထဲမှာ တစ်ကွင်းသာ ကျန်ခဲ့သည်။

မိဘအိမ်က ထွက်လာစဉ် လက်ကောက်နှစ်ရံပါလာသည်။ ယခု တစ်ကွင်းသာ ကျန်တော့သည်။

မနက်က ခေါင်းအုံးဘေးမှာ တွေ့ရသော လက်ကောက်က ထင်ပေါ်ကြောင့်မဟုတ်လျှင် မည်သူများ လာထားပေးသည်လဲဟု တွေးနေမိသည်။

သံချောင်းများ ကြက်ပွဲမှာ ရှုံးခဲ့သော လက်ကောက်ကို ပြန်ယူလာပေးထားသည်လား မသိ။

အိပ်မှာ ထင်ပေါ် မသိသော ထူးခြားချက်များကလည်း



www.burmeseclassic.com

www.burmeseclassic.com



အများကြီး ရှိနေသည်။

အိမ်ပြောင်းလာစဉ်က ထင်ပေါ်မိဘများက နွားတရှဉ်းနှင့် လှည်းတစ်စီးကို မင်္ဂလာလက်ဖွဲ့အနေနှင့် ပေးထားခဲ့သည်။

ထိုနွားများထားရန် အိမ်နောက်ဘက်တွင် ယခင်ကတည်းက အဝီအစဉ်တကျ ဆောက်ထားသော နွားတင်းကုတ်က အိမ်နှင့် တွဲလျက်ရှိနေသည်။

နွားစာအတွက် ကောက်ရိုးပုံကလည်း အသင့်ရှိနေသည်။

အားလုံး ရေကန်အသင့် ကြာအသင့် ဆိုသည့်စကားအတိုင်း ဖြစ်နေသည်။

အဆင်သင့် မဖြစ်သည်က နွားစာထည့်ခြင်း နွားရေတိုက်ခြင်း ကိစ္စဖြစ်သည်။

ဒါပေမဲ့ ဒီကိစ္စတွေ ဒီအိမ်ရောက်ပြီးမှ မြနှင်းတစ်ခါမှ မလုပ်ခဲ့ရ။

မိုးလင်း၍ တင်းကုတ်ထဲ ဆင်းသွားလျှင် နွားစာခွက်ထဲမှာ နွားစာများအပြည့်၊ ရေအင်တုံထဲမှာလည်း ရေက အသင့်ဖြည့်ထားပြီးသား ...

ပြီးတော့ နွားများ၊ တစ်ညလုံး အစာစားလိုက်၊ ချေးပါလိုက်၊ သေးပေါက်လိုက်၊ ညစ်ပေရှုပ်ပွနေသည်များလည်း မိုးလင်းသည်





နှင့် သန့်ရှင်းပြီးသား ဖြစ်နေသည်ကို တွေ့ရသည်။

ထိုထူးခြားချက်များက သံချောင်းတစ်ယောက် သေပြီးမှ ဝိညာဉ်အဖြစ် မြနှင်းအနီးမှာ နေကာ၊ မြနှင်းလုပ်ရမည့် အလုပ်များကို ဝိုင်းလုပ်နေခြင်းဟု မြနှင်းစိတ်က သိနေသည်။

ထိုကိစ္စအား ထင်ပေါ်ကို မပြောဝံ့၊ ပြော၍ သိသွားပါက ဝိညာဉ်နှင့်ပင် စွပ်စွဲပေးစားနေမှာ စိုးရွံ့မိသည်။

ထိုကိစ္စများ ဖြစ်နေပေမင့် သံချောင်း၏ အရိပ်အယောင်ကိုမျှ မတွေ့ရသလို ချိုးချိုးချွတ်ချွတ် အသံကိုမျှ မကြားရ။

ညကိုးနာရီခန့်ရှိတော့ လူမှန်းသူမှန်းမသိအောင် မူးလာသော ထင်ပေါ်ကို မြနှင်း အိမ်ပေါ်သို့ တွဲပြီး တင်ရသည်။

"တောက် ... ဖိုးလိုကောင်ကို အချဉ်များ မှတ်နေလား မသိဘူး ... တွေ့မယ် ... နောက်နေ့ တွေ့မယ်"

"ဝေါ်"

"ဟင်"

ထင်ပေါ် ဝေါ့ခနဲ တစ်ချက်အံလိုက်ရာ အံဖတ်တွေ သူ့တစ်ကိုယ်လုံး ပေကုန်သည်။

"ဟင် ... ကိုထင်ပေါ်၊ အံဖတ်တွေ ပေကုန်ပြီ"

"ပေ ... ပေ ... ကွာ၊ ဒီနေ့ ဖဲရှုံးလို့ မူးအောင်



www.burmeseclassic.com

www.burmeseclassic.com



သောက်လာတာ”

“ရှင် ဘယ်တုန်းကရော နိုင်ငူးလို့လဲ”

“တောက် … ဒီခွေးမ ပါးစပ် … သွားစမ်းကွာ”

မြနှင်းအား ဆောင့်တွန်းလိုက်သဖြင့် ဖင်ထိုင်ရက် လဲသွားသလို သူလည်း ရပ်နေ၍ မရဘဲ ပစ်လဲကျသွားသည်။

“တောက် … ဒါတိုင်း ရှုံးတယ်ဆိုတာမရှိဘူး၊ ဒီကောင်မနဲ့ ရပြီးမှ … အမြဲ ရှုံးတယ်၊ လာဘ်ပိတ်တဲ့မိန်းမ”

“လက်ကောက်တွေ ပြန်ပါမလာတော့ဘူး မဟုတ်လား”

“လက်ကောက်တင် မကဘူး၊ ကြေးပါတင်ခဲ့သေးတယ်”

မြနှင်းလည်း ပြန်ပြောမနေတော့ဘဲ အိမ်ထဲဝင်ပြီး ထင်ပေါ် အတွက် အဝတ်အစားများ ယူလာခဲ့သည်။

“အံဖတ်ပေနေတဲ့ အဝတ်တွေချွတ်ပြီး ဒီအဝတ်အစားတွေနဲ့ လဲဝတ်လိုက်”

“ထားခဲ့၊ မင်းအိပ်ချင် သွားအိပ်၊ ငါ့ကို စောင့်စရာ မလိုဘူး”

“ရှင်အဝတ်အစားလဲပြီး၊ ထမင်းစားမယ်ဆိုရင် ထည့်ပေးမယ်၊ မစားရင် အိပ်ရာထဲဝင်တော့၊ ကျွန်မ ဒါတွေ သိမ်းရဦးမယ်”

“ဒါဆို ငါ့ကို ထူပေးဦး”

“နေဦး အင်္ကျီကြယ်သီးတွေ ဖြုတ်လိုက်ဦး”





မြနှင်းလည်း ဝတ္တရားမပျက်၊ လုပ်ကိုင်ပေးစရာရှိသည်ကို အံကုန် မငြီးမငြူ လုပ်ပေးသည်။

အဝတ်အစားကို ခဲရာခဲဆစ် လဲပေးပြီးသည်နှင့် တွဲပြီး အိပ်ခန်းထဲ ပို့ပေးလိုက်သည်။

ထို့နောက် အခန်းအပြင် ပြန်ထွက်ကာ သိမ်းစရာရှိသည် တို့ကို သိမ်းဆည်းလိုက်သည်။

အားလုံးပြီးသည်နှင့် မြနှင်း အိမ်ရှေ့မှာ ခဏထိုင်နေလိုက် သည်။

အတော်လေးကြာမှ အိပ်ရာအတွင်း ဝင်ခဲ့သည်။ ထင်ပေါ်က အမူးလွန်ပြီး ခြေပစ်လက်ပစ် အိပ်ပျော်နေပြီဖြစ်သည်။

မနက်မိုးလင်းတော့ မြနှင်း၏ခေါင်းအုံးနားမှာ မနေ့ကကဲ့သို့ပင် ထင်ပေါ်ယူသွားသော လက်ကောက်နှစ်ကွင်းကို တွေ့လိုက်ရသည်။

“ဩော် … ကိုသံချောင်း … ကိုသံချောင်း … ငါ့ပစ္စည်း တွေ ကိုထင်ပေါ်က ဖြုန်းတီးပစ်လိုက်၊ သူက ပြန်ယူပေးလိုက်နဲ့ ငါ့ပစ္စည်းတွေ မပျောက်ပျက်အောင် စောင့်ရှောက်ပေးနေတာပဲ”

မြနှင်းလည်း လက်ကောက်များကို ထင်ပေါ်မတွေ့အောင် ဖွက်ထားလိုက်သည်။

နောက်နေ့ ဆယ်နာရီခန့်မှ ထင်ပေါ် အိပ်ရာက နိုးထ



www.burmeseclassic.com

www.burmeseclassic.com

ခဲ့သည်။

ခေါင်းကိုက်သည်ဆိုပြီး ငြိမ်ငြိမ်မြုမြု ဖြစ်နေသည်။ မြနှင်းလည်း ဆိုသံပြောသံများ မကြားတော့ဘဲ မီးဖိုအတွင်းဝင်ပြီး ချက်ပြုတ် နေလိုက်သည်။

"တော့ ... မြနှင်း ... မြနှင်း ... ငါခေါ်နေတာ မကြား ဘူးလား"

"ဒီမှာ ထမင်းအိုးငှဲ့နေလို့ ခဏလေး၊ ပြီးရင် လာခဲ့မယ်"

ထမင်းအိုး ငှဲ့ပြီးသည်နှင့် အိပ်ခန်းထဲ ဝင်ခဲ့သည်။

"ငါ့ကို နှင့်ရဲ့ဆွဲကြိုးပေးစမ်း"

"ရှင်က တစ်ရက်နှစ်ရက်လောက် နားပပြီး၊ နေ့တိုင်း ထွက်နေတာပဲ"

"ဟဲ့ ... သောက်စကား မရှည်နဲ့၊ နင်နဲ့ ဗရခင်ကလည်း ငါနေ့တိုင်း အိမ်ကပ်တာ မဟုတ်ဘူး"

"အရပ်တုန်းက လူလွတ်လေ၊ အခု အိမ်ထောင်နဲ့ အိမ်ထောင် တာဝန် ထမ်းဦးမှပေါ့"

"ငါ့ကို ဆရာမလုပ်နဲ့၊ ဒေါင့်ကန်ချလိုက်လို့ အခန်းထောင့် ကပ်သွားမယ်၊

ပေးစမ်း အဲဒီ ဆွဲကြိုး"





မြနှင်းလည်း အင်တင်တင်လုပ်ပြီးမှ ဆွဲကြိုးကို ဖြုတ်ပေး လိုက်သည်။

"နေ့ခင်းမှ ထွက်ပါလား ... ထမင်းရော တင်းပါ ကျက်ပြီ၊ စားလို့ရနေပြီ"

"ငါ ခေါင်းကိုက်လို့၊ တင်အေးအရက်ဆိုင်ကို သွားပြီး ဖြေရဦးမယ်၊ ကြုံရာမှာ စားလိုက်တော့မယ်"

"ဒီမှာ ထမင်းဟင်း ကျက်နေပြီ၊ စားသွားရင် ဝိုက်ဆံ အကုန်သက်သာတာပေါ့"

"တောက် ငါ ... ခေါင်းလိုက်လို့ အရက်သွားသောက်မယ် ပြောနေတာ ... သဘောကို မပေါက်ဘူး"

မြနှင်းပေးလိုက်သော ဆွဲကြိုးကို အိတ်ထဲထည့်ပြီး ဒယီး ဒယိုင်နှင့် အိမ်ပြင်ထွက်သွားသည်။

ရေကပြင်သို့သွားပြီး ရေငုံကာ ပလုပ်ကျင်းသည်၊ မျက်နှာကို ရေဖြင့် နှစ်ချက် သုံးချက်ခန့်သပ်ကာ ရေစက်လက် မျက်နှာအား ပုဆိုးနှင့်သုတ်၍ ပုဆိုးကို ပြစ်ဝတ်လျက် အိမ်နောက်ဘက်မှဆင်းပြီး ခြံပြင်သို့ ထွက်သွားတော့သည်။

ထိုကဲ့သို့ ထင်ပေါ်အိမ်က ထွက်သွားသည်မှာ ထာဝရ မပြန်သော ထွက်သွားခြင်းဖြစ်ကြောင်း မြနှင်းရော သင်ပေါ်ပါ


www.burmeseclassic.com

www.burmeseclassic.com



မသိခဲ့ပါ။

ထိုည မိုးချုပ်၍ ထင်ပေါ်ပြန်လာနေကျအချိန် အိမ်သို့ ပြန်မရောက်ပါ။

ညဆယ်နာရီခန့်ရှိတော့ မြနှင်းအိပ်ချင်လာ၍ အိမ်အတွင်းဝင်ကာ အိပ်နေလိုက်သည်။

အပြင်က ခေါ်လျှင် အလွယ်တကူ တံခါးဖွင့်ပေးနိုင်ရန် တံခါးကို စေ့ရုံစေ့ထားပြီး အိပ်ခန်းအတွင်း ဝင်၍ အိပ်နေလိုက်သည်။

မနက်မိုးလင်းမှပင် မြနှင်းနိုးတော့သည်။ ထင်ပေါ်ကတော့ တစ်ညလုံး ပြန်ရောက်မလာပါ။

ထူးခြားသည်က မြနှင်းထံမှ ယူသွားသော ဆွဲကြိုးလည်း ခေါင်းအုံးဘေးသို့ ရောက်နေသည်။

မြနှင်းလည်း ဆွဲကြိုးကို ယူ၍ ဖွက်ထားလိုက်ပြီး အိမ်ပြင်ထွက်ခဲ့သည်။

ညက မှုးမှုးနှင့် ပြန်လာပြီး အိမ်တွင်းမှာ အိပ်နေလား အိမ်ပြင်မှာ အိပ်နေလား ရှာကြည့်လိုက်သည်။ ဘယ်မှာမှ မတွေ့သဖြင့် မျက်နှာသစ်ရန် နောက်ဖက်ရေကာပြင်သို့ ထွက်မည်အလုပ် ...

"မြနှင်း ... မြနှင်း"





"ရှင် ဒေါ်လေး ပုမ ကိစ္စရှိလား"

"ဒီမှာ ခြံဝက စံပယ်ချုံဘေးမှာ ထင်ပေါ် လဲနေတယ်"

မြနှင်းလည်း အိမ်ပေါ်က ဆင်းပြီး အိမ်ခြံဝသို့ လာခဲ့သည်။

"တင် ... ကိုထင်ပေါ်"

"အေး ... ငါလည်း ဈေးဝယ်ထွက်လာရင်း နင်တို့ခြံဝကို လှည့်ကြည့်လိုက်မိတာ၊ ထင်ပေါ် ဖြစ်နေလို့ လှမ်းခေါ်လိုက်တာ"

"ဟဲ့ ... ဟဲ့ ... သေသေချာချာ ကြည့်စမ်း၊ ကျော အောက်မှာ သွေးတွေလား မသိဘူး"

ထင်ပေါ်က ပက်လက်အနေအထားလဲနေပြီး ကျောအောက်မှာ မြက်ပင်များ ရှိနေ၍ သွေးများကို ရုတ်တရက် မမြင်မိခြင်းဖြစ်သည်။

မြနှင်း ဒူးထောက်ထိုင်ပြီး မျက်ရည်တွေ ကျနေသည်။

"ဟဲ့ ... သေသေချာချာ ကြည့်စမ်း၊ အသက်ရှူတာ မမြင်ဘူး၊ သေများ သေနေပြီလား မသိဘူး"

အိမ်ထောင်ကျသည်မှာ ရက်ပိုင်းပင် ရှိသေးသည်။ တစ်ရက်မှ မပျော်ရွှင်ရ၊ ယခုလို သေဆုံးသွားပြီ ဆိုပြန်တော့ မျက်ရည်များက ထိန်းမနိုင်စွာ ကျလာခဲ့သည်။

ထင်ပေါ်သေနေပြီဆိုသည်ကို မြင်ရုံနှင့်ပင် မြနှင်း သိပါသည်။

ဒေါ်ပုမက ခြေရင်းခေါင်းရင်းမှ ယောကျာ်းသားများကို လှမ်း



www.burmeseclassic.com

www.burmeseclassic.com



ခေါ်သဖြင့် လူများ ရောက်လာကြသည်။

ထင်ပေါ်အား ကျောဘက် မှ ကြည့်သည်။

"ဟာ နောက်ကနေ ဓါးလား၊ လှံလား မသိဘူး၊ အထိုး ခံထားရတာ"

ပက်လက်မဖစ်ကျသွား၍ ဒဏ်ရာကို ဖိမိထားသလို ဖြစ်ခြင်းကြောင့် သွေးများ ထွက်သင့်သလောက် မထွက်ခြင်းလည်းဖြစ်သည်။

အိမ်နားရောက်မှ အထိုးခံရခြင်းဟု လူတွေက ထင်ကြေးပေးကြသည်။

နှစ်ဘက်မိဘများကို အကြောင်းကြားနိုင်းလိုက်သည်။ ရွာသူကြီးကိုလည်း အကြောင်းကြားလိုက်သည်။

မကြာခင် လူများ ရောက်လာသည်။

အားလုံး ဖုံးဖိ၍မရသော သတင်းတစ်ခု ကြားရသည်။ ညရှစ်နာရီခန့် ဖဲဝိုင်းမှာ ဖဲရှုံးသော ထင်ပေါ်နှင့် သူ့ဝါပည့် ကြက်တောတို့ ဝိုင်းထဲက လူများကို စိန်ခေါ်ထိုးကြိတ်ပြီး ထွက်သွားသည်။

မကျေနပ်သော ခံရသူများ တုတ်၊ ဓါးဆွဲပြီး လိုက်သွားကြကြောင်း သတင်းရ၍ ခေါ်စစ်ဆေးရာ ...

ဖဲဒိုင်ကိုင်သော ချက်ကြီးက ထင်ပေါ်အား နောက်မှ လှံနှင့်ပစ်ထိုးခဲ့ပြီး လှံကို ပြန်ဆွဲနှုတ်ကာ ထွက်သွားကြောင်း သတင်း





အတိအကျ ရခဲ့သည်။

စကားများရခြင်း အဓိကအချက်က ထင်ပေါ်ထံမှ အပေါင်ခံထားသော ရွှေထည်များ မနက်မိုးလင်းသည်နှင့် ပျောက်ခြင်းမလှ ပျောက်ကုန်၍ ထင်ပေါ်အောက်လမ်းနည်းသုံး၍ ပစ္စည်းများ ပေါင်သည်ဟု စွပ်စွဲသည်မှ အစပြု၍ စကားများခဲ့ရာ ...

နောက်ဆုံး ဖဲကလည်း ရှုံးပြန်သဖြင့် ထင်ပေါ်ပြဿနာအစပြန်ဖော်ကာ ရန်ပွဲဖြစ်ပွားတော့သည်။

သို့ကြောင့် ချက်ကြီးအပါအဝင် ဖဲဝိုင်းမှ အပေါင်းပါသုံးယောက်ကို ဖမ်းဆီးနိုင်ခဲ့သည်။

ထို့နောက် ဦးကျော်ထွန်းတို့လည်း သမက်၏ နာရေးရှိသဖြင့် မြနှင်းတို့အိမ်မှာ လာနေသည်။ ရက်လည် သပိတ်သွတ်ပြီးလျှင် မြနှင်းကိုအိမ်သို့ အပြီးပြန်ခေါ်တော့မည်ဟု ဆိုသည်။

ဦးသံဖျင်ကလည်း သူ့ချွေးမကို သူတို့အိမ်သို့ ခေါ်ထားမည်ဟုဆိုသည်။

မြနှင်းကတော့ နေမည်ဆိုလျှင် မိဘအိမ်သို့သာ ပြန်နေမည်ဟု ဆိုသည်။

သံချောင်းကိစ္စကို သိသော ထိန်တောရွာသားတွေက သံချောင်းကို မတရားလုပ်လို့ ဝဋ်လည်တာဟု ပြောကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးကျော်ထွန်းလည်း ထိုမတရားမှုကို အမိက ကြိုးကိုင်သူဖြစ်၍ ဝင့်ဆိုတာ လည်တာတ်ပါလားဟု အသိဝင်ကာ ထိတ်လန့်တုန်လှုပ်မှုက ပါးစပ်က ထုတ်မပြောသော်လည်း ကြိတ်ပြီး ခံစားနေရသည်။

ထို့ပြင် သူက တစွတ်ထိုး စီစဉ်သဖြင့် သမီးလေး အိမ်ထောင်ကျပြီး တစ်လအတွင်း၌ မုဆိုးမဖြစ်သွားခြင်းကြောင့်လည်း စိတ်ထောင်းကိုယ်ကြေကာ စိတ်ဖိစီးမှုဒဏ် ခံစားနေရပြန်သည်။

ထင်ပေါ်သေဆုံးသွားပြီး လေးရက်မြောက်ညမှာ မြနှင်း အိပ်မက် မက်သည်။

အိပ်မက်ထဲတွင် မျက်နှာ ညှိုးငယ်နေသော သံချောင်းကို တွေ့ရသည်။

"မြနှင်းရယ် တတ်နိုင်ရင် မိဘအိမ် ပြန်မလိုက်ဘဲ ဒီအိမ်မှာပဲ နေပါ၊ သူတင်းကုတ်ထဲက ကွပ်မျစ်မှာပဲ နေပြီ စောင့်ရှောက်သွားပါ့မယ်၊ မြနှင်းကို မှဲ့တစ်ပေါက် မစွန်းအောင်လည်း စောင့်ရှောက်ပါ့မယ်၊

သူရှိနေပေမယ့် မခြောက်မလှန့် အကောင်အထည် မပြဘဲ နေသွားပါ့မယ်၊

သူ့ကို ဆရာတွေ ဘုန်းကြီးတွေ ပင့်ပြီး မနှင်ပါနှင့်"တု





သနားစဖွယ် အိပ်မက်ထဲမှာ လာပြောနေလေသည်။

မြနှင်းလည်း သံချောင်းကို သနားသည့် သံယောဇဉ်လည်း ရှိပါသည်။

သို့ပေမဲ့ ဘာမှန်းမသိရသော ဝိညာဉ်နှင့် တစ်အိမ်တည်း မနေဝံ့ပါ။

ထိုကိစ္စကို မိဘများအား အခြားသူများ အလစ်မှာ ရွှေများ ထင်ပေါ် ယူသွားပြီး မနက်မှာ ပြန်ရောက်နေသည့်အကြောင်း နွားစာများ၊ ရေများ သူတစ်ခါမှ မခပ်ရဘဲ ကူညီနေကြောင်း အားလုံး ရှင်းပြလိုက်သည်။

ထိုအခါ လူကြီးများက

"ဘယ်ဖြစ်မလဲ သမီး၊ အမေတို့ အမေတို့ တကိုယ်ကောင်း ဆန်ခဲ့လို့ ဒီကောင်လေး သေခဲ့ရတာ။ သူက ခွင့်လွှတ်နိုင်တယ် ထား၊ အဖေတို့က သမီးကို သရဲတစ္ဆေတစ်ကောင်နဲ့ စိတ်ချ လက်ချ မထားခဲ့နိုင်ဘူးသမီး"

"ထင်ပေါ်ရက်လည်တဲ့နေ့ ဆရာတော်တွေကို ပင့်ပြီး၊ သေဆုံးပြီးတဲ့ ထင်ပေါ်ရော၊ သံချောင်းရော တရားလာနာဖို့ သမီး အသော အချာ ဖိတ်ရမယ်"

"သံချောင်းကို သမီးက အသေအချာနားလည်အောင် အသေ



www.burmeseclassic.com

www.burmeseclassic.com



အချာ ရှင်းပြပါ၊ တရားကို လိုလိုချင်ချင် လာနာပြီး အမျှပေးဟာကို သာဓုခေါ်ဖို့ ပြောပါ”

“သမီးက ဘယ်သွား ပြောရမှာလဲ”

သမီးခြံထဲ ဆင်းပြီး သံချောင်းကို စိတ်က မှန်းပြီးပဲဖြစ်ဖြစ်၊ ပါးစပ်က အသံထွက်ပြီးတော့ဖြစ်ဖြစ် ပြောပါ၊ သူ့သမီးရဲ့အနီးမှာပဲ ရှိနေနိုင်တယ်”

“သမီးပြောရင် ဒီကောင်လေး နားထောင်မှာပါ”

မြနှင်းလည်း ဖခင်ပြောသော စကားကို နားထောင်ပြီး မျက်ရည်များ တစ်ပေါက်ပေါက် ကျနေသည်။

ဦးကျော်ထွန်းသမီးခံစားချက်ကို ကိုယ်ချင်းစာနိုင်ခဲ့ပါပြီ၊ အိပေမဲ့ အားလုံး နောက်ကျကုန်ပြီ၊

ဖခင်နှင့် မိခင်တို့လည်း မြနှင်း၏ အနီးမှာ ထပြီး ထွက်လာခဲ့သည်။

× × × × ×

မြနှင်းလည်း ရက်လည်တရားနာသောအချိန် မတိုင်ခင် မနက်စောစော သံချောင်းအား ဘယ်မှ မသွားဘဲ တရားလာနာရန် ထင်ပေါ်နှင့်အတူ ဖိတ်လိုက်သည်။

နေ့ခင်းတရားနာချိန်ရောက်တော့လည်း မြနှင်း ခြံဝသို့





ထွက်ပြီး တရားလာနာကြရန် သေသေချာချာ အသံထွက်၍ ဖိတ်ကြားလိုက်ပါသည်။

ထို့နောက် တရားနာပြီး အမျှဝေလိုက်သည်။ သံဃာတော်များ ပြန်ကြွသွားပြီး အားလုံး သိမ်းဆည်းလိုက်သည်။

ညနေရောက်တော့ လှည်းနှင့်စီးနှင့် မြနှင်းလည်း ထိန်တောရွာသို့ ပြန်လာခဲ့သည်။

အိမ်တောင်သက် တစ်လပင် မကြာ၊ ကံဆိုးလှသည်။ မုဆိုးမအသစ်စက်စက်လေး မြနှင်းလည်း ရောက်ကတည်းက တစ်ရက်မှစိတ်မချမ်းသာခဲ့ရသော အိမ်ကြီးကို နှုတ်ဆက်သည့်အနေနှင့် ကြည့်ရင်း လှည်းပေါ်မှ ပါသွားတော့သည်။

သံယောဇဉ်ဝိညာဉ်တစ္ဆေ သံချောင်းလည်း မြနှင်းကိုယ်တိုင်တောင်းတောင်းပန်ပန်နှင့် တရားနာ သာဓုခေါ်နိုင်း၍ ... သူတစ်ကသတ် ချစ်ရသော သူ၏စကားကို နားထောင်ကာ သာဓုကို လိုလိုချင်ချင် ခေါ်လိုက်သည့်အတွက် ...

သရဲတစ္ဆေထက်မြင့်သော ဘုံစဉ်သို့ ရောက်ရှိသွားလေတော့သည်။

ဇော်မင်း

www.burmeseclassic.com